မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၅၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၇ ရက်၊ သောကြာနေ့။

**ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့**

ပြည်တွင်းခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ကြိုတင်ဝယ်ယူနိုင်

ရန်ကုန် မတ် ၆

မြန်မာ့လေကြောင်းမှ ပြည်တွင်းခရီးစဉ်များကို ရန်ကုန်မြို့နှင့်မန္တလေးမြို့များကို အခြေပြုလျက် မတ် ၁၅ ရက်မှစ၍ ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မှ ထွက်ခွာမည့် ခရီးစဉ်များတွင် ရန်ကုန်မြို့မှ နေပြည်တော်၊ မန္တလေး၊ ဟဲဟိုး၊ သံတွဲ၊ စစ်တွေ၊ မြိတ်မြို့နှင့် ကော့သောင်းမြို့များသို့ နေ့စဉ်၊ ညောင်ဦးမြို့သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့၊ ကလေးမြို့သို့ ဗုဒ္ဓဟူးနှင့်စနေနေ့၊ ဟုမ္မလင်းနှင့် မုံရွာမြို့သို့ အင်္ဂါနေ့ ၊ ဗန်းမော်မြို့သို့ ကြာသပတေးနေ့၊ မြစ်ကြီးနား၊ ပူတာအိုနှင့်ဘုတ်ပြင်းမြို့များသို့ အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့၊ မိုင်းဆတ်မြို့သို့ ကြာသပတေးနှင့် သောကြာနေ့၊ တာချီလိတ်မြို့သို့ အင်္ဂါနေ့နှင့်စနေနေ့၊ လွိုင်ကော်မြို့သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနှင့်တနင်္ဂနွေနေ့၊ ကျိုင်းတုံမြို့သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့်စနေနေ့၊ ကျောက်ဖြူမြို့သို့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့၊ အမ်းမြို့သို့ တနင်္လာနှင့်ကြာသပတေးနေ့၊ ထားဝယ်မြို့သို့ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့နှင့် မော်လမြိုင်မြို့သို့ တနင်္လာနေ့တို့တွင် ပြေးဆွဲပျံသန်းပေးမည်ဖြစ်သည်။

မန္တလေးမြို့မှ ထွက်ခွာမည့်ခရီးစဉ်များတွင် မန္တလေးမြို့မှ ဗန်းမော်၊ ဟုမ္မလင်းနှင့် မြစ်ကြီးနားမြို့များသို့ တနင်္ဂနွေနေ့များနှင့်

စာမျက်နှာ ၉ ကော်လံ ၇ ❋

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သောက်သုံးရေရရှိရန် အကောင်အထည်ဖော်မည့်စီမံချက်ကို ဦးစားပေးဖော်ဆောင်

နေပြည်တော် မတ် ၆

အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေးဦးစိန်လှိုင်နှင့် အသိပညာရှင် အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများဖြစ်ကြသည့် မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများ၏ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်အခန်းများတိုးလာ

ရန်ကုန် မတ် ၆

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် ဟိုတယ်တည်ဆောက်ခွင့်များ တိုးမြှင့်ခွင့်ပြုခဲ့ရာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ဟိုတယ်၊ မိုတယ်၊ အင်းနှင့် ဧည့်ရိပ်သာပေါင်း ၉၆၀ ရှိလာပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများ၌ဖော်ပြထားသည်။

ဟိုတယ်များ ထိုသို့တိုးတက်တည်ဆောက်လာမှုအနေအထားကို ကြည့်လျှင် ၂၀၁၃ ခုနှစ်က ဟိုတယ်၊ မိုတယ်နှင့်အင်းပေါင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ၇၉၄ လုံးရှိခဲ့ပြီး အခန်းပေါင်း ၂၈၆၆၀ ရှိခဲ့သည်။ ယခုနှစ်ဖြစ်သော ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ဟိုတယ်စုစုပေါင်း ၉၆၀ ရှိလာခဲ့ရာ အခန်းပေါင်း ၃၆၄၆၈ခန်း ရှိလာခဲ့ပြီဖြစ်သည်။

ထိုသို့ ဟိုတယ်နှင့်အခန်းများ တိုးတက်လာမှုမှာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ ယခုနှစ် နှစ်လတာကာလအတွင်း ဟိုတယ်၊ မိုတယ်၊ အင်းနှင့် ဧည့်ရိပ်သာပေါင်း ၁၆၆ လုံးနှင့်အခန်းပေါင်း ၇၈၀၈ ခန်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဟိုတယ်အများဆုံးတည်ရှိရာ နေရာများမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံ-ညောင်ဦးနှင့် တောင်ကြီး-အင်းလေးတို့တွင်ဖြစ်ပြီး ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှုအများဆုံးနေရာများ ဖြစ်သည်။ ပုဂံတွင် ဟိုတယ်ဇုန်သတ်မှတ်ပြီး ခရီးသွားဧည့်သည်များအတွက် ဟိုတယ်များ တည်ဆောက်လျက်ရှိသည်။

**သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ ယခု ၂၀၁၄ ခုနှစ်တွင် ခရီးသွားဧည့်သည်သုံးသန်းကျော်လာရောက်နိုင်မည်ဟု ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

မြန်မာနိုင်ငံသို့ ခရီးသွားရောက်ရှိမှုနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ နှစ်စဉ်ခရီးသွား ဧည့်သည်ရောက်ရှိမှုကိုကြည့်လျှင် ထိုင်းနိုင်ငံက တစ်နှစ်လျှင် ခရီးသွားဧည့်သည် ၂၄ သန်း၊ မလေးရှားက ၂၈ သန်း၊ ကမ္ဘောဒီးယားက ငါးသန်း၊ ဗီယက်နမ်က ခုနစ်သန်းခွဲနှင့် လာအိုက သုံးသန်းခွဲရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

CHINT
CHINT ELECTRIC
www.chint.net

ELECTRIC UNIVERSE CO.,LTD.
မှ
CHINT ELECTRIC Show Room ကို
အမှတ်(96/A)စေတယန္တာလမ်း၊ ပါရမီလမ်းနှင့် သဗ္ဗာလမ်းကြား၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အသစ်ထပ်မံ
ဖွင့်လှစ်လိုက်ပါသည်။
ဆက်သွယ်ရန်ဖုန်း - 01- 577755, 569416

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခြားနားခြင်းနှင့် ညီမျှခြင်း

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီးတို့သည် ဘာသာ၊ လူမျိုး၊ စကားဝေလေ့ထုံးတမ်းစဉ်လာ၊ အယူအဆ၊ ဝါဒစသည်ဖြင့် ကွဲပြားခြားနားမှုများရှိကြပါသည်။ မည်သို့ပင်ကွဲပြားခြားနားစေကာမူ ဘုံတူညီချက်များကို ရယူကာ ဒေသဆိုင်ရာအဖွဲ့အစည်းများ ထူထောင်ကြလျက် ချစ်ကြည်ရင်းနှီးစွာဖြင့် ဒေသအကျိုး၊ နိုင်ငံအကျိုး၊ လူမျိုးအကျိုး အမျိုးမျိုးသော ကောင်းကျိုးအဖြာဖြာအတွက် ပူးပေါင်းဆောင်ရွက်ကြလေသည်။ ဤသို့ ဘုံရပ်တည်ချက်များကို အတူတကွလက်တွဲလုပ်ဆောင်ကြခြင်းကပင် ညီမျှခြင်းအကြောင်းတရားပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော မြန်မာ၊ အိန္ဒိယ၊ ထိုင်း၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်နှင့် နီပေါ နိုင်ငံခေါင်းဆောင်များသည် အသွင်သဏ္ဍာန်အားဖြင့် ခြားနားနေသည်ကို သတိပြုမိပါသည်။ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်း၊ ဘာသာ၊ လူမျိုး၊ စကား၊ အယူဝါဒ စသည်ဖြင့် ခြားနားကောင်း ခြားနားနေပေလိမ့်မည်။ မည်သို့ပင် ခြားနားချက်များရှိစေကာမူ ဘင်းမ်စတက်ဟူသော ဒေသအကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးစီးပွား ဖော်ဆောင်ရာတွင် အတူတူပင်ဖြစ်ပါသည်။ တစ်ခုတည်းသော ရည်မှန်းချက်မှာ ဒေသတွင်းပြည်သူတစ်ရပ်လုံး တိုးတက်ကြီးပွား ချမ်းသာကြွယ်ဝရေးပင် ဖြစ်ပါသည်။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် မတူညီသောအရာများ ပေါင်းစပ်ရာမှ ပိုမိုကောင်းမွန်သည့်အရာများ ထွက်ပေါ်လာနိုင်သည်ဆိုသော သီအိုရီတစ်ခုဖြစ်ပေါ်လာရပေသည်။ အချိုနှင့် အချဉ်သည် ဆန့်ကျင်ဘက်အရသာဖြစ်သော်လည်း ပေါင်းစပ်လိုက်သောအခါ အရသာကောင်းတစ်ခုကိုဖြစ်စေနိုင်ပါသည်။ ငန်လွန်းသောအရာကို အချဉ်ရောစပ်ခြင်းဖြင့် အရသာကောင်းသွားနိုင်ပါသည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင် လူမှုအဖွဲ့အစည်းအသီးသီးတို့သည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။ အယူအဆ၊ ဝါဒ၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့စရိုက်များ ကွဲပြားခြားနားကောင်း ခြားနားနေပေလိမ့်မည်။ မည်သို့ပင် ကွဲပြားခြားနားစေကာမူ မိမိပတ်ဝန်းကျင်၊ မိမိမြို့ရွာ၊ မိမိလူမှုအဖွဲ့အစည်း တိုးတက်ကြီးပွားရေးအတွက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ ပေါင်းစည်းလုပ်ကိုင်သွားရမည်သာဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ယနေ့ဖြစ်ပွားနေသော စစ်ပွဲကြီးငယ်များကို လေ့လာကြည့်ပါ။ မတူညီသောအယူဝါဒများ အနိုင်အမာဆုပ်ကိုင်ပြီး အပြိုင်လွန်ဆွဲကြရာမှ နောက်ဆုံး အကွဲကွဲအပြတ်ပြတ် ဖြစ်ရလေတော့သည်။ ညှိနှိုင်းပေါင်းစပ်အဖြေရှာပြီး ဘုံရပ်တည်ချက်များဖြင့် ပေါင်းစည်းနိုင်ခြင်းမရှိသောကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မည်မျှပင် ကွဲပြားခြားနားချက်များ ရှိစေကာမူ အခြေခံပေါင်းစည်းနိုင်မည့် တူရှုချက်များအပေါ် အခြေပြု၍ လုပ်ကိုင်ဆောင်ရွက်သွားကြမည်ဆိုလျှင် ညီမျှခြင်း၊ တိုးတက်ခြင်း၊ ကြီးပွားခြင်း၊ တည်ငြိမ်အေးချမ်းခြင်း စသော ကောင်းကျိုးတရားများကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း မျိုးစေ့ထုတ်စိုက်ကွင်းများ အောင်မြင်ဖြစ်ထွန်း

နေပြည်တော် မတ် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် တောင်သူများအတွက် လိုအပ်သောပုလဲသွယ်စပ်မျိုးစပါးကို အချိန်မီဖြန့်ဖြူးနိုင်ရန်အတွက် မတ် ၅ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် စိုက်ကွင်းဧက ၃၀၀၀ တွင် ပုလဲသွယ်စပ်မျိုးစပါး (F1)မျိုးစေ့ထုတ်ရန် အဖိုလိုင်းနှင့် အမလိုင်းများကို ပေါင်းစနစ်ဖြင့် အောင်မြင်စွာ ပျိုးထောင်ဖြစ်ထွန်းနေမှုများကို စိုက်ကွင်းတစ်ခုချင်းအလိုက် ကွင်းဆင်းစစ်ဆေးပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့များ၏ အရေးပါမှု အခန်းကဏ္ဍနှင့် မိမိတို့အစိုးရလက်ထက်တွင် လယ်ယာကဏ္ဍ အခြေခံအုတ်မြစ် ခိုင်မာစေရန် မျိုးစေ့များ ဖြန့်ဖြူးထုတ်လုပ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေး အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်နွေစပါးဧက ၄၄၀ စိုက်ကွင်း၌ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပင်ကြား၊ တန်းကြားမှန်ကန်စွာဖြင့် တပျော်တပါး စိုက်ပျိုးနေကြသော စိုက်ကွင်းတစ်ခုချင်းကို ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများကို အလျှင်လိုစိုက်ကွင်းသည် တစ်နိုင်ငံလုံးအတွက် ရှေ့ပြေးအောင်မြင်မှု ရရှိထားသည့် အားလျော်စွာ ယခုစိုက်ပျိုးရာသီတွင် ပို၍ပို၍တိုးတက်ပြီး အောင်မြင်မှုရလဒ်ကောင်းပြသနိုင်ရန် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလျှင်လိုကျေးရွာအနီး ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရန်အတွက် မျိုးကောင်းမျိုးသန့် မျိုးပွားစိုက်ပျိုးထားသော ပိန်းဥနှင့် ဂျုံးမြစ်သီးညှပ်စိုက်ခင်း၊ အမိုးအကာစနစ်ဖြင့် စိုက်ပျိုးထားသော ကညွတ်စိုက်ခင်း၊ ဂျပန်မူရင်းမျိုး ကန်စွန်းစိုက်ခင်းနှင့် ဂျပန်မူရင်းမျိုး ပိန်းဥစိုက်ခင်းများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

နှစ်တစ်ရာနီးပါးရှိ အာလိန်ငါးဆင့်စေတီတော်ကို ရှေးမူမပျက် ပြုပြင်ကြစေချင်

ယခုခေတ်အခါ ရှေးဟောင်းလက်ရာများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနေကြပြီဖြစ်သဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာ၌ အများစုပေါင်းသည့် အလှူတော်ငွေဖြင့် တည်ထားခဲ့သော နှစ်တစ်ရာနီးပါးရှိ အာလိန်ငါးဆင့်စေတီတော်မြတ်၏ ပုံတော်လက်ရာသည် အလွန်ရှားပါးသည့် လက်ရာစေတီတော်ပုံဖြစ်သဖြင့် ကြည်ညိုဖွယ်ကောင်းလှပါသည်။

ယခုအခါ ထိုစေတီတော်မြတ်ကို ဘေးမှပုံ၍ လက်ရာသစ်အခြားပုံတော်ဒီဇိုင်းဖြင့် ပြန်လည်တည်ဆောက်ရန် စတင်လုပ်ငန်းဆောင်ရွက်နေကြပြီဟု သိရပါသည်။ ရှေးဟောင်းအမွေအနှစ်ဆိုသည်မှာ နှစ်ဟောင်းကြာမြင့်လေ တန်ဖိုးအနဂ္ဃထိုက်တန်လေဖြစ်ပါသည်။

ထို့ကြောင့် ဆယ်မိုင်ရွာသစ်ရှိ ထိုအာလိန်ငါးဆင့် စေတီတော်မြတ်ကို ပတ်လည်ဝန်းရံဌာပနာ၍ အသစ်ငုံတည်ကြမည့်လုပ်ငန်းထက် ယိုယွင်းပျက်စီးနေသည့် နေရာများကို အနီးကပ်မှတ်တမ်း ဓာတ်ပုံရိုက်ယူလျက် မူရင်းရှေးလက်ရာ မပျက်စီး မထိခိုက်အောင် ပညာရှင်အဆင့်ရှိသူများ၊ ရှေးဟောင်းလက်ရာတန်ဖိုးထား ဆရာတော်သံဃာတော်နှင့် သက်ဆိုင်ရာ သာသနာရေးရာ ခရိုင်/မြို့နယ်ရှိ အုပ်ချုပ်သူများ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်သင့်လှပါသည်။ သို့မှသာ မိုးညှင်းမြို့နယ်၏ ရှေးဟောင်းအမွေအနှစ်အဖြစ် ကျန်ခဲ့၍ နှစ်ပေါင်းရှည်ကြာလာသည်နှင့်အမျှ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်အဖြစ် နောက်လူငယ်များအတွက် ကျန်ရစ်ခဲ့ပါမည်ဟု အကြံပြု ရေးသားလိုက်ရပါသည်။

ထွန်းရီ

ဘောလုံးဒိုင်လူကြီးအသိအမှတ်ပြု မှတ်ပုံတင်ရန် စာရင်းပေးသွင်းနိုင်

မန္တလေး မတ် ၆

၂၀၁၄ ခုနှစ် ဘောလုံးရာသီတွင် ဘောလုံးဒိုင်လူကြီးအဖြစ် ဆောင်ရွက်နိုင်ရန် ဘောလုံးဒိုင်လူကြီးများကို မန္တလေးတိုင်းဒေသကြီး မှတ်ပုံတင်ရန်အတွက် တိုင်းဒေသကြီး ဘောလုံးအဖွဲ့မှ ဒိုင်လူကြီး မှတ်ပုံတင်ပုံစံများကို မတ် ၁၅ ရက်အတွင်း ထုတ်ပေးမည်ဖြစ်ရာ မန္တလေးမြို့ လမ်း ၃၀ နှင့် ၇၁ လမ်းထောင့် ဗထူးအားကစားကွင်းရှိ တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ရုံးခန်းသို့ ဝင်ကြေးငွေကျပ် ၂၀၀၀ နှင့်အတူ လာရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပြည်သူ့အကျိုး
ဖော်ဆောင်ဖို့
အခွန်မှန်စွာ
ပေးဆောင်စို့

ပိုင်ရှင်ကိုယ်တိုင်
ရောင်းမည်
မြေပိုင်မှ သူဌေးဖြစ်မှာ
သန်လျင်မြေ ငြိမ်နေတာ
(၃)နှစ်ခန့်ရှိပါပြီ။
ရင်းနှီးမြှုပ်နှံဖို့အကောင်းဆုံး
အချိန်ပါ -
စီမံကိန်းတွေ စနေပြီဆိုတော့
(130 ' x 65 ') = 43'x 65' = (3)ကွက်
ရုံးတော်ရပ် VIP ကွက်
သိန်း (၂၂၀၀) စိတ်ဝင်စားမှ
ဖုန်း-၀၉-၅၁၄၀၁၂၁၊
၀၉-၅၁၆၁၁၅၆ တို့ကို ဆက်ပါ။

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း Open Society Foundation ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း Open Society Foundation ဥက္ကဋ္ဌ Mr. George Soros အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Open Society Foundation ဥက္ကဋ္ဌ Mr. George Soros နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း တာဝန်များပေးအပ်

နေပြည်တော် မတ် ၆

နေပြည်တော်ကောင်စီနယ်မြေ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို သန်းခေါင်စာရင်း ကော်မတီများအနေဖြင့် မြေပြင်အရောက် ကွင်းဆင်းထိတွေ့ပြီး အသေးစိတ်လိုအပ်ချက်များကို နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းတစ်ရပ်အနေဖြင့်ခံယူပြီး ဌာနဆိုင်ရာများအားလုံးနှင့် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးချိုထွန်းက မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေတွင် ကောက်ကွက်ပေါင်း ၁၇၆၄ ကွက်ရှိကြောင်း စာရင်းကောက်၊ စာရင်းစစ်အဖြစ် ပညာရေးဝန်ထမ်း ၂၄၂၅ ဦးဖြင့် လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရေး ကော်မတီဥက္ကဋ္ဌများထံ သန်းခေါင်စာရင်းကောက်ယူရေးတာဝန် ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းအား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လွှတ်တော်ကိုယ်စားလှယ်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၆

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက် မွန်းလွဲ ၁ နာရီက လွှတ်တော်ရုံး အိုင်ဆောင်အမှတ်(၂) အပေါ်ထပ်တွင်ကျင်းပရာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ကော်မတီဝင်များ၊ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဦးစိုးရင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုနှင့်တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်ဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းကို တင်သွင်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြင်ဆင်ချက်အဆို ထပ်မံတင်သွင်းလာသည့် လွှတ်တော်အခွင့်အရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် ၄၁ ချက်ကို ဥပဒေကြမ်းကော်မတီ၊ ဥပဒေပညာရှင်များနှင့် သက်ဆိုင်ရာဌာနကျွမ်းကျင်သူများက စိစစ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း လက်ရှိ 10 KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန်ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် မတ် ၇ ရက်မှ ၂၀ ရက်အတွင်း Digital ထုတ်လွှင့်မည့် Antenna တပ်ဆင်မှုများဆောင်ရွက်မည်ဖြစ်ပါသဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။ ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို ပြည်စက်ရုံမှ အရှေ့ဘက်တွင် ပေါင်းတလည်၊ ပေါက်ခေါင်း၊ ဆင်မြီးဆွဲ၊ အနောက်ဘက်တွင် ဆင်တဲ၊ ပန်းတောင်း၊ ဥသျှစ်ပင်နှင့် တောင်ဘက်တွင် ရွှေတောင်၊ အင်းမ၊ ပေါင်းတည်၊ မြောက်ဘက်တွင် ပြလို့၊ ကံမ၊ ကျော်စွာ၊ ဝက်ထီးကန်အထိ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 10 KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော ၁၅ မိုင်ကျော်နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်းအထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်ရောင်းချမည်

နေပြည်တော် မတ် ၆

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သန်းခေါင်စာရင်းကောက်ယူမှုအား ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူလူထုအသုံးပြုနိုင်ရန်အတွက် သန်းခေါင်စာရင်းအထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ကျပ် ၁၀၀ တန် ခြောက်မျိုးကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် မတ် ၁၀ ရက်တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



အမြန်ဆုံးဆက်သွယ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၈၃၇၊ မြေအမည်ပေါက် ဦးဝင်းပါမစ်နှင့်စာရွက်စာတမ်းမူရင်းရှိသူမှ အမြန်ဆုံးဆက်သွယ်ပါရန်။

ဆက်သွယ်ရန် ဖုန်း - ၀၉-၅၀၆၃၄၀၁၊ ၀၉-၇၃၁၅၄၇၀၁၊ ၀၉-၅၁၀၀၈၀၈၊ ၀၉-၄၂၅၀၁၁၉၇

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးဝင်းညွန့်၏သမီး မအိအိခိုင် ၁၂/ဒဂတ(နိုင်)၀၂၇၉၂၈ နှင့် မအိအိသွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

နိုင်ငံတကာသတင်း

ဒေလီဝန်ကြီးချုပ်ဟောင်းကို ကီရာလာပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်ခန့်အပ်

နယူးဒေလီ မတ် ၆

အိန္ဒိယသမ္မတ ပရာနက်မူခါဂျီးက ဒေလီဝန်ကြီးချုပ်ဟောင်း ရှီလာဒစ်ရှစ်ကို ကီရာလာပြည်နယ်အုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။

နယူးဒေလီဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၇၅ နှစ် အရွယ် ဒစ်ရှစ်သည် ပြီးခဲ့သည့် ဒီဇင်ဘာလကကျင်းပခဲ့သော ရွေးကောက်ပွဲ၌ အကျင့်ပျက်ခြစားမှု ဆန့်ကျင်တိုက်ဖျက်ရေး Aam Aadmi ပါတီခေါင်းဆောင် Arvind Kejriwal ကို ရှုံးနိမ့်ခဲ့ပြီးနောက် အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးခံခဲ့ရခြင်းဖြစ်သည်။

ဒေလီရဲဌာနကော်မရှင်အဖွဲ့ဝင်ဟောင်း Nikhil Kumar လာမည့် နှစ်တွင် တာဝန်ထမ်းဆောင်ရန် ရုတ်တရက်နုတ်ထွက်ခဲ့ပြီးနောက် ဒစ်ရှစ်ကို ၎င်းခန့်အပ်လွှာပေးအပ်ခဲ့ခြင်းဖြစ်သည်။

၎င်းအုပ်ချုပ်ရေးမှူးရာထူးသည် အိန္ဒိယနိုင်ငံတွင် ပြည်နယ်၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာရှိသော မြို့တော်ဝန်ကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မွမ်မာကဒါဖီ၏သား ဆားဒီ နိုင်ဂျာက လစ်ဗျားသို့ပြန်ပို့

ထရီပိုလီ မတ် ၆

ခေါင်းဆောင်ဟောင်း ဗိုလ်မှူးကြီး မွမ်မာကဒါဖီ၏သား ဆားဒီအား နိုင်ဂျာနိုင်ငံမှ လွှဲပြောင်းပေးခဲ့ရာ ယခုအခါ ထရီပိုလီထောင်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း လစ်ဗျားအစိုးရက ပြောသည်။

ဆားဒီကဒါဖီသည် ၂၀၁၁ ခုနှစ်က ၎င်း၏ဖခင် တော်လှန်ရေးတွင် သေဆုံးခဲ့ပြီးနောက် ထွက်ပြေးသွားခဲ့သည်။ ၎င်းသည် ကဒါဖီအုပ်ချုပ်စဉ် ဆန္ဒပြသူများအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းနှင့် အခြားသော ရာဇဝတ်မှုများ ကျူးလွန်သူဖြစ်ကြောင်း စွပ်စွဲထားသည်။

၎င်းသည် လစ်ဗျားအထူးတပ်ဖွဲ့ အကြီးအကဲအဖြစ် တာဝန်ယူစဉ် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်။

မစ္စတာဆားဒီ ရောက်ရှိပြီး မကြာမီ လစ်ဗျားအစိုးရက ကြေညာချက် ထုတ်ပြန်ခဲ့သည်။ လစ်ဗျားအစိုးရက ယနေ့ကြာသပတေးနေ့၌ပင် ၎င်းအား တရားခံလွှဲပြောင်းမှုကို လက်ခံခဲ့ကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ဂျာသည် ယခင်က ၎င်းအားပြန်ပို့ရန် လစ်ဗျား၏ တောင်းဆိုမှုအပေါ် ငြင်းဆိုခဲ့သည်။ ၎င်းသည် ပြစ်မှုထင်ရှားလျှင် သေဒဏ်ပေးခံရဖွယ်ရှိကြောင်း တရားရေးဝန်ကြီးက ပြောသည်။ ၂၀၁၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့က ၎င်းအားဖမ်းဆီးရန် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

၎င်းသည် ဆာဟာရသဲကန္တာရကို ဖြတ်၍ထွက်ပြေးသွားပြီး နိုင်ဂျာနိုင်ငံ နီယာမီမြို့ အစိုးရဧည့်ဂေဟာ၌ တည်းခိုနေထိုင်ခဲ့သည်။ **(ဘီဘီစီ)**

ယူကရိန်းအရေး အီးယူကိုင်တွယ်သွားမည်

အီးယူ မတ် ၆

အီးယူခေါင်းဆောင်များက ယူကရိန်း ခရိုင်းမီးယားဒေသ ရုရှားတပ်များ ဖြန့်ကြက်မှုအပေါ် မည်သို့မည်ပုံ လက်တုံ့ပြန်ဆောင်ရွက်ရေး ဆုံးဖြတ်ချက်ချရန် အရေးပေါ်ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပသွားမည်ဟု ဆိုသည်။

အီးယူအဖွဲ့ဝင် အချို့ အထူးသဖြင့် ဥရောပအရှေ့ပိုင်းမှ အဖွဲ့ဝင်များက ယူကရိန်းအရေးကို တင်းကျပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်လိုကြသည်။ သို့ရာတွင် ဂျာမနီဦးဆောင်သော အခြားအဖွဲ့ဝင်များက ကြားဝင်ဖျန်ဖြေပေးလိုကြသည်။ ပါရီမြို့၌ ရုရှားထိပ်တန်းတာဝန်ရှိသူများနှင့် ဆွေးနွေးပြီး တစ်ရက်အကြာ ဘရပ်ဆဲလ်ထိပ်သီးအစည်းအဝေးပေါ်ထွက်လာခြင်းဖြစ်သည်။

ရုရှားလိုလားသော တပ်များက ခရိုင်းမီးယားကို ထိန်းချုပ်ထားသည်။ ယူကရိန်းတောင်ပိုင်း၌ယမန်နေ့ညက တင်းမာမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ယူကရိန်းတပ်များက ယင်းတို့၏ အခြေစိုက်စခန်းများကို ပိတ်ဆို့ကာကွယ်ထားရသည်။ ခရိုင်းမီးယားရှိ ကုလသမဂ္ဂအထူးသံတမန် ရောဘတ်ဆာရီသည် ခရိုင်းမီးယားမြို့တော် ဆင်ဖာရိုပူးလ်၌ ရုရှားလိုလားသော သေနတ်သမားများ၏ ခြိမ်းခြောက်ခံရပြီးနောက် ၎င်း၏ မစ်ရှင်ရုပ်သိမ်းရမည့် အနေအထားဖြစ်လာသည်။ ကရင်မလင်နှင့် မဟာမိတ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ပြီဖြစ်ကြောင်းလည်း နေတိုးအကြီးအကဲ အန်ဒါဖော့စ်ရပ်မူဆင်က ပြောသည်။

ယူကရိန်းလိုလားသူများနှင့် ရုရှားလိုလားသည့် ဆန္ဒပြသူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ ဒိုးနက်မြို့အရှေ့ပိုင်း၌ ဖြစ်ပွားသော ယင်းအဓိကရုဏ်းတွင် ဒဏ်ရာရရှိသူများ အများအပြားရှိခဲ့သည်။ အီးယူ ၂၈ နိုင်ငံခေါင်းဆောင်များသည် ဂရင်းနစ်စံတော်ချိန် ၁၀ နာရီခွဲတွင် အရေးပေါ်အစည်းအဝေး ကျင်းပသွားဖွယ်ရှိကြောင်း မျှော်လင့်ရသည်။ **(ဘီဘီစီ)**

နယူးဒေလီ၌ ပြိုင်ဘက်နိုင်ငံရေးပါတီနှစ်ခုအကြား အဓိကရုဏ်းဖြစ်ပွား

နယူးဒေလီ မတ် ၆

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ နိုင်ငံရေးပြိုင်ဘက် ပါတီနှစ်ခုအကြား အဓိကရုဏ်းဖြစ်ပွားမှုနှင့် ဆက်နွှယ်သော လူ ၁၄ ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဓိကအတိုက်အခံ ဘီဂျေပီပါတီထောက်ခံသူများနှင့် အေအေပီပါတီထောက်ခံသူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့၍ အနည်းဆုံး ၂၈ ဦး ဒဏ်ရာရရှိသွားခဲ့သည်။ ဘီဂျေပီပါတီ လွှမ်းမိုးသော ဂူဂျာရက်ပြည်နယ်၌ အေအေပီပါတီခေါင်းဆောင် အာဗင်းကေးဂျရီဝေါက ပုတ်ခတ်ပြောဆိုရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မစ္စတာကေးဂျရီဝေါသည် ရွေးကောက်ပွဲတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုသည်။

အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ဧပြီနှင့် မေလများတွင် ရွေးကောက်ပွဲကို အဆင့်ကိုးဆင့်ဖြင့် ကျင်းပရန် ကြေညာခဲ့ပြီးနောက် အထက်ပါသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂူဂျာရတ်ပြည်နယ်သို့ မဲဆွယ်ရန် လေးရက်ကြာခရီးသွားရောက်ခဲ့သော မစ္စတာကေးဂျရီဝေါသည် အကြမ်းမဖက်ကြရန် ဗုဒ္ဓဟူးနေ့ ညနေပိုင်းက ကြေညာချက်ထုတ်ပြန်လိုက်သည်။ ၎င်း၏ကြေညာချက်ထွက်ပေါ်လာပြီးနောက် နယူးဒေလီရှိ ဘီဂျေပီဌာနချုပ်အပြင်ဘက်၌ အေအေပီထောက်ခံသူများ စုရုံးရောက်ရှိလာပြီး ဘီဂျေပီဝန်ကြီးချုပ်လျာထားသူနှင့် ဂူဂျာရတ်ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ဆန့်ကျင်ရေးကြွေးကြော်မှုများပြုလုပ်ခဲ့သည်။

ရဲတပ်ဖွဲ့က ပြိုင်ဘက်ပါတီနှစ်ခုထောက်ခံသူများအား မီးသတ်ပိုက်ဖြင့် ဖြိုခွင်းခဲ့ပြီး အဓိကရုဏ်းတွင် ပါဝင်သူများအား ဖမ်းဆီးခဲ့သည်။

(ဘီဘီစီ)

ပနားမားနှင့် ဆက်ဆံရေးဖြတ်မည်ဟု ဗင်နီဇွဲလားသမ္မတ ပြောဆို

ကာရာကာ့စ် မတ် ၆

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုက ပနားမားနှင့် သံတမန်ရေးရာဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ပတ်သက်မှုများကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားသမ္မတ၏ ယင်းဆုံးဖြတ်ချက်သည် ဗင်နီဇွဲလားအရေးအခင်းအား အမေရိကန်နိုင်ငံအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတစ်ရပ် ကျင်းပရန်တောင်းဆိုခဲ့မှုအပြီး ပေါ်ထွက်လာခြင်းဖြစ်သည်။

ခေါင်းဆောင်ဟောင်း ဟူဂိုချာဗက်ဇ် သေဆုံးမှု ပထမဆုံးနှစ်ပတ်လည် အထိမ်းအမှတ်ကျင်းပစဉ် လက်တင်အမေရိကန်ခေါင်းဆောင်များအား မစ္စတာမာဒူရိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော့်အနေနဲ့ ပနားမားအစိုးရနဲ့ လတ်တလော နိုင်ငံရေးအရရော၊ သံတမန်ရေးအရပါ ဆက်ဆံရေးဖြတ်တောက်ထားဖို့ ဆုံးဖြတ်ထားပါတယ်။ ကုန်သွယ်မှုနဲ့ စီးပွားရေးဆက်စပ်မှုတွေအားလုံးကိုလည်း ဒီအချိန်မှာ ဆိုင်းငံ့ထားပါမယ်”ဟု မစ္စတာ မာဒူရိုက ကျူးဘားသမ္မတ၊ ဥရုဂွေးသမ္မတနှင့် ဘိုလီးဗီးယားသမ္မတတို့အား မစ္စတာ ချာဗက်ဇ်၏ ဂူသင်္ချိုင်း၌ အခြားခေါင်းဆောင်များကြား အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဗင်နီဇွဲလား၌ ပြီးခဲ့သည့်ရက်သတ္တသုံးပတ်က လမ်းပေါ် ဆန္ဒပြမှုများတွင် အနည်းဆုံး ၁၈ ဦး သေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

တောင်ကိုရီးယားဘက်မှ တောင်းဆိုသည့် မိသားစုပေါင်းစည်းရေးကိစ္စ မြောက်ကိုရီးယားပယ်ချ

ပြုံယမ်း မတ် ၆

ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာနေသော မိသားစုများ ပြန်လည်ပေါင်းစည်းရေးဆွေးနွေးရန် တောင်ကိုရီးယားဘက်မှ တောင်းဆိုမှုကို မြောက်ကိုရီးယားဘက်က ယနေ့ပယ်ချလိုက်ကြောင်း စီအင်န်အေ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားဘက်က ယင်းကဲ့သို့ ငြင်းဆိုလိုက်ခြင်းသည် တောင်ကိုရီးယားဘက်မှ အမေရိကန်နှင့် နှစ်ပတ်လည်စစ်ရေးလေ့ကျင့်မှုပြုလုပ်နေခြင်းနှင့် ပြုံယမ်းဘက်မှ ဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုများ လုပ်ဆောင်ခြင်းတို့မှတစ်ဆင့် စစ်ရေးတင်းမာမှု တအုံနွေးနွေးဖြစ်နေရာမှ ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီစတုတ္ထအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် မတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နိုင်ငံတော် သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဇကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ အကြံပြု တင်ပြလာသော ကိစ္စရပ်များ၊ သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဒုတိယအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန်ကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်းတောင်ရပ်ကွက် ဓမ္မမေဒနီကျောင်းကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ် (၈)ရပ်ကွက် ညောင်ဝိုင်းကျောင်းတိုက်ကိစ္စ၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကူကျေးရွာ ကျုံကူတောင်ကျောင်းနှင့် ကျုံကူအလယ်ကျောင်းပေါ်သို့ တက်ရောက်နေထိုင်သော ပုဂ္ဂိုလ်များအား ဖယ်ရှားနှင့်ထုတ်ပေးရန်ကိစ္စ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ယာယီသံဃနာယကအဖွဲ့ကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အား စုံစမ်းစစ်ဆေးပေးရန်ကိစ္စ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသာမြို့သစ်ရပ်ကွက်ကြီး (၅)နှင့် ရပ်ကွက်ကြီး (၈)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းခြံမြေများကို အိမ်ကွက်ရိုက်၍ ဝေငှနေမှုအပေါ် မူလအတိုင်း ချန်လှပ်ထားပေးရေး ညွှန်ကြားပေးရန်ကိစ္စများကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နံနက်ပိုင်း အစီအစဉ်ကို ရပ်နားတော်မူ၍ ကျိုက္ကစံဝေဠုဝန်ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတအား အမျူးထား၍ တစ်နေ့တာ ဆွမ်းအလှူရှင်ဒေါက်တာသိန်းမြင့် (ဆေးတက္ကသိုလ်-၂)ဇနီး၊ ဒေါက်တာခင်သင်းယု(ဆေးတက္ကသိုလ်-၂)၊ သမီး သွန်းနဒီအောင်မိသားစုတို့က သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲ ၁ နာရီတွင် ဒုတိယပိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် အလယ်တောရကျောင်းတိုက် သာသနာ့မြေအပိုင်းအခြားအဆောက်အအုံများ ထူးခြားမှုအခြေအနေကိစ္စ၊ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း (၄၇၉/အေ)ဧရိယာ ၁ ဒသမ ၁၁၃ ဧကရှိ မြေကွက်သည် သာသနာရေးဦးစီးဌာနက အလှူခံရာ၌ မပါဝင်ကြောင်း ဦးသိန်းလွင်မှ တင်ပြလာမှုကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မြိတ်မောင်တိတ် စားသောက်ဆိုင်သို့ ငှားရမ်းထားသည့်မြေနေရာအား ပြန်လည်ပေးအပ်ရန် ဦးသိန်းလွင်မှ တင်ပြလာခြင်းကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကြည့်မြင်တိုင် အရှေ့သရက်ကုန်းတိုက်နယ်မြေတိုင်းရပ်ကွက် အမှတ်(၁၀/အေ)၊ အကွက်အမှတ် (၅)ဧရိယာ ၁၂ ဒသမ ၅၃ ဧကရှိ လူနေအိမ် ၃၂ လုံး နေသူများက တင်ပြခြင်းကိစ္စ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ပိုင် အလယ်တောရကျောင်းတိုက်၊ သီရိမာရန်အောင် သီလရှင်ကျောင်းဘေးရှိ ကြက်လျှာစွန်း မြေကွက်အပေါ် ကျူးကျော်မှုများမဖြစ်စေရန် ခြံစည်းရိုးကာရံလိုကြောင်း တင်ပြခြင်းကိစ္စ၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း လက်ပံတန်းမြို့နယ် မှော်အင်းကျေးရွာ မှော်အင်းကျောင်းတိုက် အငြင်းပွားမှုကိစ္စ၊ ဓမ္မကထိက ဂုဏ်အင်္ဂါအရည်အချင်း မကိုက်ညီသော သံဃာတော်များ တရားဟောခွင့်တောင်းခံလာခြင်းအပေါ် လမ်းညွှန်မှုပြုရန်ကိစ္စ၊ သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ တတိယအစည်းအဝေးက ချန်လှပ်ခဲ့သော ဝိနိစ္ဆယဆိုင်ရာ မှုခင်းများကိစ္စ၊ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းအခန်း(၇)အပိုဒ်-၅၆ (ဂ) အရ ဆောင်ရွက်ရန်ကိစ္စ၊ သတ္တမအကြိမ် တတိယလေးလပတ် နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပင့်ဆောင်ရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသက ဆောင်ရွက်ချက်များကို လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသက သာသနာရေးရာဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဘဒ္ဒန္တအကုံရက ပညာရေးရာဆောင်ရွက်ချက်ကို လည်းကောင်း ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြ၍ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဖတ်ကြားတင်ပြ၍ ဤအစည်းအဝေးကြီးတွင် ဆွေးနွေးဆုံးဖြတ်ခြင်း(၂၄)ရပ်၊ မဲခွဲဆုံးဖြတ်ခြင်း(၂)ရပ်၊ မှတ်တမ်းတင်ခြင်း(၂)ရပ်၊ အတည်ပြုခြင်း(၂) ရပ်တို့ကို ဆောင်ရွက်တော်မူကြပြီး သတ္တမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

▌၊ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေး ဆွေးနွေးဆုံးဖြတ်ခြင်း(၂၄)ရပ်၊ မဲခွဲဆုံးဖြတ်ခြင်း (၂)ရပ်၊ မှတ်တမ်းတင်ခြင်း(၂)ရပ်၊အတည်ပြုခြင်း(၂) ရပ်တို့ကို ဆောင်ရွက်တော်မူ ၊▌

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ်(၉/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၆ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ** Rakhine Nationalities Development Party (RNDP)ကို မှတ်ပုံတင်အမှတ် (၂၈)ဖြင့် ၁-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၈/၂၀၁၀)ဖြင့်လည်းကောင်း၊ **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၅၄)ဖြင့် ၁၀-၅-၂၀၁၂ ရက်စွဲပါ ကြေညာချက် အမှတ် (၂၈/၂၀၁၂)ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ ပူးပေါင်း၍ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် **ရခိုင်အမျိုးသားပါတီ**အဖြစ်မှတ်ပုံတင်ခွင့်ပြုပါရန်လျှောက်ထားခဲ့ရာ ကော်မရှင်ကလိုအပ်သလို စိစစ်ပြီး **ရခိုင်အမျိုးသားပါတီ**ကို မှတ်ပုံတင်အမှတ် (၇၄)ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ ကြေညာချက်အမှတ်(၈/၂၀၁၄)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၃)အရ **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကိုဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ရခိုင်အမျိုးသားပါတီ**ပိုင် ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ** Rakhine Nationalities Development Party (RNDP)နှင့် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** တို့အား ၂၀၁၆ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(တင်ထွန်း)

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဖခင်အမည်တစ်ဦးတည်းဖြစ်ကြောင်း

တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ ၂၆၊ သုံးလွှာ(B)နေ မမြတ်စုလှိုင် ၁၁/ကတန(နိုင်)၀၇၄၈၂၄၏ ဖခင်ဦးသန်းထွန်း ၁၁/ကတန(နိုင်)၀၀၇၄၉၄နှင့် ဦးမောင်သန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်သန်းထွန်း(ခ)ဦးသန်းထွန်း

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ ရွှေအိုရောင်ကြောင် ဖိုးတိုးကြီးသည် ၂-၂-၂၀၁၆ ရက်တွင် အမက(၉) မရမ်းကုန်း (၂)ရပ်ကွက်ဝန်းကျင်မှ လွတ်သွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်မြင့်မြင့်ရီ ဖုန်း-၀၉-၇၃၀၀၀၈၀၃၊ ၀၉-၃၁၀၂၅၀၁၄၊ ၀၉-၄၂၁၀၆၉၉၈၂

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်

လမ်းနှင့်တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း

လုပ်ကိုင်ခွင့်အား လေလံမဲစနစ်ဖြင့်

ရောင်းချရန်ကြော်ငြာ

၁။ ရခိုင်ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားအသုံးပြုခကောက်ခံရေးဂိတ်များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၁-၄-၂၀၁၄ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ ၁၂လအထိ လမ်းနှင့် တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ပါအတိုင်း လေလံမဲစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

				ကြမ်းခင်းဈေး (ကျပ်သိန်း)
(က)	**လေလံတင်ရောင်းချမည့်လမ်းဂိတ်များ**			
(၁)	စစ်တွေဂိတ်	(စစ်တွေခရိုင်)	(စစ်တွေ-ရာမောင်တံတား)	၁၃၂.၅၄
(၂)	မင်းပြားဂိတ်	(မြောက်ဦးခရိုင်)	(ရာမောင်တံတား မင်းဘူး-အမ်း-စစ်တွေလမ်း)	၁၁၀.၈၆
(၃)	ဓာတ်ပေါင်းစု (ကျောက်ဖြူဂိတ်)	(ကျောက်ဖြူခရိုင်)	(မအီ-ကျောက်ဖြူလမ်း)	၁၁၃.၀၀
(၄)	မအီဂိတ်	(သံတွဲခရိုင်)	(တောင်ကုတ်-မအီလမ်း)	၃၆.၂၉
(၅)	နန်းချောင်း	(သံတွဲခရိုင်)	(သံတွဲ-ပလီ-မဇင်-လုံးသာလမ်း) (သံတွဲ-လုံးသာ)အသွားတစ်ကြောင်း	၅.၆၅
(၆)	လင်းသာ	(သံတွဲခရိုင်)	(လုံးသာ-သံတွဲ)အသွားတစ်ကြောင်း	၅.၅၀
(၇)	တောင်ကုတ်	(သံတွဲခရိုင်)	(တောင်ကုတ်-သံတွဲလမ်း)အသွား	၄၅.၄၆
(၈)	သံတွဲဂိတ်	(သံတွဲခရိုင်)	(သံတွဲ-တောင်ကုတ်လမ်း)အသွား	၁၉.၀၀
(၉)	ငွဂိတ်	(သံတွဲခရိုင်)	(သံတွဲ-ငွလမ်း)	၇၃.၀၀
(ခ)	**လေလံတင်ရောင်းချမည့်တံတားဂိတ်**			
(၁)	မင်းချောင်းတံတားဂိတ်	(စစ်တွေခရိုင်)	(မင်းဘူး-အမ်း-စစ်တွေလမ်း)	၁၀၀.၀၀
(၂)	ကစ္ဆပနဒီတံတားဂိတ်	(စစ်တွေခရိုင်)	(မင်းဘူး-အမ်း-စစ်တွေလမ်း)	၁၀၆.၀၀
(၃)	ရာမောင်တံတားဂိတ်	(စစ်တွေခရိုင်)	(မင်းဘူး-အမ်း-စစ်တွေလမ်း)	၁၂၉.၆၃
(၄)	ယောချောင်းတံတားဂိတ်	(စစ်တွေခရိုင်)	(မင်းဘူး-အမ်း-စစ်တွေလမ်း)	၉၆.၀၀
(၅)	မြောင်းဘွေတံတားဂိတ်	(စစ်တွေခရိုင်)	(မင်းဘူး-အမ်း-စစ်တွေလမ်း)	၃၄.၀၃
(၆)	အမ်းကြိုးတံတားဂိတ်	(ကျောက်ဖြူခရိုင်)	(မင်းဘူး-အမ်း-စစ်တွေလမ်း)	၂၈.၃၉
(၇)	မင်းကြောင်းချောင်းတံတားဂိတ်	(ကျောက်ဖြူခရိုင်)	(မအီ-ကျောက်ဖြူလမ်း)	၇၂.၁၃
(၈)	လုံးတော်ပေါက်တံတားဂိတ်	(သံတွဲခရိုင်)	(တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း)	၉၈.၉၁
(၉)	ပုစွန်ဖြေတံတားဂိတ်	(သံတွဲခရိုင်)	(ငါးသိုင်းချောင်း-ငွလမ်း)	၁၅.၀၀
(၁၀)	ကျိန္တလီတံတားဂိတ်	(သံတွဲခရိုင်)	(ငါးသိုင်းချောင်း-ငွလမ်း)	၁၉.၁၅
(၁၁)	ကိုင်းရှည်တံတားဂိတ်	(သံတွဲခရိုင်)	(တောင်ကုတ်-မအီလမ်း)	၁၆.၀၁
(၁၂)	မအီတံတားဂိတ်	(သံတွဲခရိုင်)	(တောင်ကုတ်-အမ်း-စစ်တွေလမ်း)	၂၄.၅၇
(၁၃)	ရွှေလေ့တံတားဂိတ်	(သံတွဲခရိုင်)	(တောင်ကုတ်-သံတွဲလမ်း)	၁၀.၉၅
(၁၄)	ဒွါရာဝတီ(မြို့ဦး)တံတားဂိတ်	(သံတွဲခရိုင်)	(တောင်ကုတ်-သံတွဲလမ်း)	၁၁.၁၆

၂။ **လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၀-၃-၂၀၁၄ ရက်မှ ၁၅-၃-၂၀၁၄ ရက်အထိ

လမ်း/တံတားလေလံရွေးချယ်မည့်ရက်/အချိန် - ၁၆-၃-၂၀၁၄ရက် ၁၀း၀၀နာရီ

လမ်း/တံတားလေလံရွေးချယ်မည့်နေရာ - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၃၃၆၅၊ ၀၄၃-၂၂၁၅၃

၃။ လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ စစ်တွေမြို့၌ ၇-၃-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဆေးပညာသတင်းဆန်းများ(၅၉)

ဒေါက်တာကံညွန့်

လူတွေရဲ့ မျိုးရိုးဗီဇ (Gene) လေ့လာမှုတွေ အားထုတ်မှုတွေဟာ ဆေးပညာမှာ အလွန်အထောက်အကူပြုနေပါတယ်။ နိုင်ငံတကာ Gene လေ့လာသူအဖွဲ့ ၁၈ ဖွဲ့ စုပေါင်းလေ့လာထားတဲ့တွေ့ရှိမှုတစ်ခုကို တင်ပြချင်ပါတယ်။ အသက်ကြီးလာတဲ့ လူတွေရဲ့မျက်စိမှာ အဖြစ်များလာတဲ့ ရောဂါတစ်ခုဖြစ်တဲ့ Age Related Macular Degeneration (ARMD) ခေါ်တဲ့ ရောဂါဟာ ကုရခက်တဲ့ရောဂါတစ်ခုပါ။ ဒီရောဂါဟာ လူတွေရဲ့ မျက်စိအာရုံလွှာ (Retina) ရဲ့ အရေးအကြီးဆုံးအစိတ်အပိုင်းဖြစ်တဲ့ Mucula ဆိုတဲ့ နေရာမှာရှိတဲ့ အာရုံခံကလပ်စည်း (Photoreceptor Cells)တွေ ပျက်စီးလို့ ဖြစ်ရတဲ့ရောဂါပါ။ ဒီရောဂါဖြစ်ပွားရတာက ၅၀ ရာခိုင်နှုန်းခန့်က Geneကြောင့်ဖြစ်ရပြီး ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကတော့ အစားအသောက်၊ ဆေးလိပ်၊ အရက်၊ သွေးတိုး၊ ဆီးချိုနှင့် အ၀လွန်ရောဂါတွေကြောင့်ဖြစ်ရတာ ဖြစ်ပါတယ်။

ရောဂါဖြစ်စေတဲ့ Gene အသစ် ခုနစ်မျိုးတွေ့ရ

အခု Gene ကို သုတေသနပြုလုပ်နေကြတဲ့ ဒီအဖွဲ့က ဒီရောဂါဖြစ်စေတဲ့ Gene အသစ် ခုနစ်မျိုးကို တွေ့ရပြီလို့ ကြေညာလိုက်ပါတယ်။ ဒီလိုတွေ့တာနဲ့ အရင်က သိရှိထားတဲ့ ဒီရောဂါဖြစ်စေတဲ့ Gene ရှိနိုင်တယ်ဆိုတဲ့ နေရာ ၁၂ နေရာကိုလည်း အတည်ပြုနိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ဒီရောဂါကို ကုသနိုင်ဖို့ရာ ဆေးဝါးထုတ်လုပ်ဖို့ ပိုပြီးနီးစပ်လာပြီး ရောဂါဖြစ်နှုန်းကိုလည်း ၅၀ ရာခိုင်နှုန်းလျှော့ချနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက် Gene နဲ့ ပတ်သက်ပြီး လေ့လာမှုတစ်ခုမှာလည်း ရှေးနှစ်ပေါင်းများစွာကပဲ လူတွေကို ဒုက္ခပေးနေတဲ့ Tape worm လို့ခေါ်တဲ့ တုတ်ကောင်ရဲ့ Genome ဗီဇပုံစံကိုလဲ တွေ့ရှိပြီလို့ ဆိုပါတယ်။ ဒါကိုတော့ အင်္ဂလန်နိုင်ငံ Cambridge တက္ကသိုလ်က သုတေသီတွေ တွေ့ရှိခဲ့တာပါ။ ဒီလိုတွေ့လိုက်ရတဲ့အတွက် ဒီရောဂါပိုးကို အလွယ်တကူပျောက်စေနိုင်တဲ့ ဆေးဝါးတချို့ကိုလည်း ဖော်ထုတ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီဆေးဝါးတွေကတော့ နဂိုရှိပြီးသားဆေးတွေဖြစ်ပြီး ကင်ဆာရောဂါတချို့နဲ့ Virus ကြောင့်ဖြစ်တဲ့ ရောဂါတချို့မှာ အသုံးပြုရတဲ့ဆေးတွေဖြစ်ပါတယ်။ ဒါကြောင့် ဆေးဝါးသစ်တွေ ထပ်မံရှာဖွေဖော်ထုတ်ဖို့ မလိုတာကြောင့် ငွေကုန်ကြေးကျမရှိတော့ဘဲ ဒီရောဂါပိုးကို ထိရောက်အောင် ကုသနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီတုတ်ကောင်တွေဟာ ကမ္ဘာတစ်လွှားနေရာအနှံ့အပြားမှာရှိနေပြီး ကင်ဆာရောဂါ၊ ဦးနှောက်ရောဂါ၊ မျက်စိကွယ်စေတဲ့ရောဂါတို့ကို ဖြစ်စေနိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ကာကွယ်ဆေးကို ဖော်ထုတ်နိုင်ဖို့ ကြိုးစား

အမေရိကန်နိုင်ငံက ဆေးသိပ္ပံပညာရှင်တွေဟာ လိင်အင်္ဂါရေယုန်ရောဂါအတွက် ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့ ကြိုးစားနေခဲ့ကြတာ ကြာပါပြီ။ ယခုတစ်ခါ HSV529 ခေါ်တဲ့ ရေယုန်ကာကွယ်ဆေးတစ်ခုကို စမ်းသပ်တဲ့အခါ အောင်မြင်မှုရခဲ့တာမို့ ဒါကို ကာကွယ်ဆေးအဖြစ် ၂၀၁၆ ခုနှစ်မှာ ထုတ်လုပ်နိုင်တော့မယ်လို့ ဆိုပါတယ်။ Genital Herpes ခေါ်တဲ့ လိင်အင်္ဂါရေယုန်ရောဂါဟာ အမေရိကန်နိုင်ငံက အရွယ်ရောက်ပြီးသူတွေမှာ အဖြစ်အများဆုံးရောဂါတစ်ခုပါ။ ဒီရောဂါဟာ ဖြစ်လာလို့ ဆေးကုလိုက်ရင် ပျောက်သလို ဖြစ်သွားပေမယ့် ကိုယ်ခံစွမ်းအားကျတဲ့အခါမှာ ပြန်ပေါ်နိုင်တဲ့ရောဂါပါ။ ဒီရောဂါဖြစ်လာရင် စိတ်ရောလူပါ ခံစားရပြီး တစ်သက်လုံးပြန်ဖြစ်နေတတ်တဲ့ရောဂါလို့ ဆိုလိုပါတယ်။ နောက်ပြီး ဒီရောဂါရှိသူတွေဟာ သာမန်လူတွေထက် HIV ပိုးကူးစက်ဖို့ လွယ်ပါတယ်။ ဒါကြောင့် ဒီရောဂါအတွက် ကာကွယ်ဆေးကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားခဲ့ကြတာပါ။ ဒီရောဂါဟာ Herpers Simplex Virus Type 2 (HSV2) Virus ကြောင့် ဖြစ်ရတာဖြစ်ပြီး အခုထုတ်လုပ်တဲ့ ကာကွယ်ဆေးဟာ ဒီ Virus ရဲ့ ရောဂါဖြစ်စေတာမှာ အရေးကြီးတဲ့ Protein နှစ်မျိုးကို ထုတ်နုတ်ပြီး ဖော်စပ်ထားတာလို့ ဆိုပါတယ်။ ဒီအကြောင်းကို အမေရိကန်နိုင်ငံက National Institute of Allergy and Infectious Diseases (NIAID) အဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးက ထုတ်ဖော်ကြေညာခဲ့တာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

အမြစ်ပြတ်ကုသနိုင်တော့မယ်

ဆေးသိပ္ပံပညာရှင်တွေကလည်း AIDS ရောဂါကို အမြစ်ပြတ်အောင် ကုသနိုင်ဖို့ကြိုးစားလာခဲ့ကြရာမှာ ယခုအခါ Radio Immunotherapy (အတိုကောက် RIT) လို့ခေါ်တဲ့ ကုထုံးတစ်ခုကို တွေ့ခဲ့ကြပြန်ပါပြီ။ ဒီကုထုံးဟာ သာမန် AIDS ရောဂါကုထုံးတစ်ခုဖြစ်တဲ့ ART ခေါ်တဲ့ Anti Retroviral Therapy ထက် အဆင့်မြင့်တဲ့ Highly Active ART အတိုကောက် HAART ဆေးနဲ့ကုပြီး ကျန်နေတတ်တဲ့ သွေးထဲက HIV ပိုးဝင်နေတဲ့ Cells တွေကို သေအောင်ကုနိုင်တယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Albert Einstein ဆေးကောလိပ်က ပညာရှင်တွေက လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ AIDS ရောဂါကို အမြစ်ပြတ်အောင် မကုနိုင်တာဟာ ဒီရောဂါပိုးဝင်နေတဲ့ Cell တချို့ကို သေအောင် မသတ်နိုင်လို့ဖြစ်တယ်။ အခုဆိုရင် RIT လို့ခေါ်တဲ့ ဒီကုထုံးကို AIDS ဝေဒနာရှင် ၁၅ ဦးကို စမ်းသပ်ကုသတဲ့အခါ အောင်မြင်တာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီကုထုံးဟာ ယခင်က ကင်ဆာဝေဒနာရှင်တချို့မှာ အသုံးပြုခဲ့တာဖြစ်ပြီး ဒီကုထုံးမှာ Monoclonal Antibodies တွေကို Radioactive Isotope နှင့် ပူးတွဲဖော်စပ်ထားတာဖြစ်ပြီး ဒီဆေးကို လူနာရဲ့ သွေးထဲထိုးလိုက်တဲ့အခါ သူ့ Antibody နဲ့ သက်ဆိုင်တဲ့ Target Cell တွေကိုသွားပြီး Radiation အားနဲ့တိုက်ခိုက်ပစ်တာလို့ ဆိုပါတယ်။ ဒါကြောင့် မကြာခင်မှာ AIDS ရောဂါကို အမြစ်ပြတ်ကုသနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နှစ်စဉ်သုံးစွဲဖို့ ရည်ရွယ်ထား

အခုတင်ပြလိုတဲ့ သတင်းကလည်း AIDS ရောဂါတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး အောင်မြင်မှုအထူးရခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ UNAIDS အဖွဲ့ကြီးရဲ့ အစီရင်ခံစာအကြောင်းပါ။ ၎င်းတို့အဆိုအရ တစ်ကမ္ဘာလုံးမှာ HIV ရောဂါပိုးရှိသူ ၃၅ ဒသမ ၃ သန်းရှိခဲ့ပြီး ဒီရောဂါကြောင့် ၂ ဒသမ ၃ သန်းဟာ ၂၀၀၅ ခုနှစ်မှာ သေဆုံးခဲ့ကြပြီး ၂၀၁၁ ခုနှစ်မှာ ၁ ဒသမ ၇ သန်း၊ ၂၀၁၂ ခုနှစ်မှာ ၁ ဒသမ ၆သန်း သေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။ ရောဂါတိုးပွားနှုန်းဟာလည်း ၂၀၁၁ ခုနှစ်မှာ ၂ ဒသမ ၅ သန်းရှိပြီး ၂၀၁၂ ခုနှစ်မှာ ၂ ဒသမ ၃ သန်းသာရှိတယ်လို့ ဆိုပါတယ်။ ဒါဟာ AIDS ရောဂါနှင့်ပတ်သက်ပြီး ပညာပေးမှု၊ လူတွေရဲ့ ကျန်းမာရေး အသိစိတ်တိုးပွားလာမှု၊ ART ဆေး ပိုမိုသုံးစွဲလာနိုင်မှုကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ၎င်းတို့အစီရင်ခံစာအရ ၂၀၁၂ ခုနှစ်မှာ ART ဆေးသုံးစွဲနိုင်သူ ၉ ဒသမ ၇ သန်းသာရှိခဲ့ပြီး ၎င်းတို့ရည်မှန်းချက်အရ ၂၀၁၅ ခုနှစ်မှာ ၁၅ သန်းကျော် ရှိလာလိမ့်မယ်လို့ဆိုပါတယ်။ ယခုအသစ်တွေ့ရှိချက်အရ ဒီရောဂါပိုးကိုတွေ့တွေ့ချင်း စောစောကုနိုင်လေ ပြန့်ပွားနှုန်းနည်းလေဖြစ်ပြီး ပျောက်ကင်းမှုပိုမြန်လေဖြစ်တာကြောင့် ART ဆေးကို ယခုနှစ်ကစပြီး တစ်နှစ်မှာ လူနာ ၁၀ သန်းခန့် ပိုရရှိနိုင်အောင် ကြိုးစားဖို့လည်း ဖော်ပြထားပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ UNAIDS အဖွဲ့ကြီးဟာ AIDS ရောဂါတိုက်ဖျက်ရေးအတွက် တစ်နှစ်ကို USD ၂၂ ဘီလီယံကနေ ၂၄ ဘီလီယံကို ၂၀၁၅ ခုနှစ်ထိ နှစ်စဉ်သုံးစွဲဖို့ ရည်ရွယ်ထားတာကိုလည်း တင်ပြလိုက်ရပါတယ်။

အသည်းထိခိုက်နိုင်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကမ္ဘာတစ်ဝန်းအသုံးအများဆုံးဆေးတစ်ခုကို အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက သတိပေးလိုက်တဲ့သတင်းပါ။ ဒီဆေးကတော့ Paracetamol လို့အသိများနေတဲ့ Acetaminophen ဆေးပါ။ ဒီဆေးဟာ အမေရိကန်နိုင်ငံမှာရော ကမ္ဘာတစ်လွှားမှာပါ အကိုက်အခဲပျောက်ဆေးအဖြစ် အသုံးအများဆုံးဆေးဖြစ်ပါတယ်။ ဒီဆေးကို ဆေးပြားတစ်ခုမှာ 325 mgm ထက်ပိုပြီး ပါဝင်အောင်မထုတ်ဖို့ ဆေးထုတ်တဲ့ ကုမ္ပဏီတွေကို သတိပေးထားပါတယ်။ ဒီဆေးဟာ ဒီအချိုးအဆထက်ပိုရင် တာရှည်သုံးဆောင်ပါက အသည်းထိခိုက်နိုင်ကြောင်း သတိပေးထားပြီး ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ရက်ကစပြီး ဆေးထုတ်လုပ်သူတွေဟာ ဒီဆေးထုတ်လုပ်ပါက ဆေးတစ်ပြားမှာ 325 mgm ထက်ပိုမထုတ်ဖို့ သတိပေးထားပါတယ်။ ဒီဆေးကိုအများအားဖြင့် ယခင်က 500mgm ပါတဲ့ ဆေးပြားအဖြစ်ထုတ်ခဲ့ကြတာပါ။ အမေရိကန်နိုင်ငံမှာတော့ Tylenol Panadol နာမည်နဲ့ ထုတ်ခဲ့ကြတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းက နှလုံးရောဂါမဖြစ်အောင် ကာကွယ်ဖို့ပြုလုပ်ကြမယ့် အချက်ကြီး (၄)ချက်ကို အမေရိကန်နိုင်ငံ American College of Cardiology နှင့်American Heart Association အဖွဲ့ကြီးနှစ်ဖွဲ့က ပူးပေါင်းထုတ်ပြန်ထားတာကို တင်ပြချင်ပါတယ်။ ဒီအချက်တွေကတော့

(၁) သွေးထဲမှာရှိတဲ့ Cholestrol ကို မပိုအောင်ထိန်းဖို့ အထူးသဖြင့် LOW DENSITY Lipoprotein Bad Cholestron လို့ခေါ်တဲ့ (LDP) ကိုထိန်းဖို့၊

(၂) အဝမလွန်အောင် ထိန်းသိမ်းဖို့။

(၃) သွေးတိုး၊ ဆီးချိုလို သွေးကြောနှင့် နှလုံးရောဂါဖြစ်နိုင်ခြေရှိတဲ့ ရောဂါမျိုးတွေကို စောစောစီးစီး ဂရုစိုက်ကုသမှု ပြုလုပ်ဖို့။

(၄) ကျန်းမာရေးနှင့် ညီညွတ်တဲ့ နေထိုင်မှုပုံစံအတိုင်း နေထိုင်ဖို့။ (ဒါကတော့ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ အရက်ကိုအလွန်အကျွံမသောက်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်တဲ့ အစားအသောက်ကို စားသုံးခြင်း)တို့ ဖြစ်ပါတယ်။

သူတို့အဆိုအရ Cholestrol ကိုထိန်းခြင်းဟာ အလွန်အရေးကြီးပြီး ကိုယ်သောက်နေရတဲ့ဆေးရဲ့ထိရောက်မှုကို အမြဲဆရာဝန်နှင့် ညှိနှိုင်းပြသနေဖို့ တိုက်တွန်းထားပါတယ်။ လိုအပ်ရင် High Potency Statin ပါတဲ့ဆေးတွေကိုအသုံးပြုဖို့လည်း တိုက်တွန်းထားပါတယ်။

သွေးတိုးနှင့် ဆီးချိုရောဂါရှိသူတွေမှာ ဒီရောဂါတွေကိုထိန်းပြီး Cholestrol ဓာတ်ကိုလည်း သာမန်သူတွေထက်ထိန်းဖို့လိုတယ်လို့ ဆိုပါတယ်။

သွေးတိုး၊ ဆီးချိုမရှိသူတွေမှာတော့ Cholestrol ကျအောင်လုပ်ဖို့၊ အဝမလွန်ဖို့၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ လူနေမှုပုံစံဖြစ်တဲ့ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အစားအသောက်ကိုမျှတစွာ စားသုံးခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်းကို အဓိကထားဖို့ နှိုးဆော်ထားတယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

နေပြည်တော်တွင် မြန်မာ့ရိုးရာနွားအလှနှင့် လှည်းယာဉ်ကြော့ပြပွဲများကျင်းပ

သတင်း-ကိုမျိုး(ရွှေပေါက်ကံ)၊ ဓာတ်ပုံ-ဇူလိုင်မိုး

နေပြည်တော် မတ် ၆

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဧက ၉၀၀ စိုက်ကွင်းတွင် မတ် ၂ ရက် နံနက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာ့ရိုးရာနွားအလှနှင့် လှည်းယဉ်ကြော့ပြပွဲနှင့် နွားသိုးအလှ၊ အသားတိုးနွား၊ နို့စားနွား၊ ခိုင်းနွားများ ပြခန်းများဖြင့် ပြသခဲ့သည်။

ပြပွဲအခမ်းအနားတွင်လာရောက်ပြသကြသောနွားများမှာ နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးတိုင်း အစရှိသောမြို့ကြီးများတွင် ဆုရရှိထားသော နွားများဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း ကုသရေးနှင့်ကုထုံးဆိုင်ရာများ၊ ဆေးဝါးများ၊ မေထုန်မဲ့ သားစပ်နည်းသုံးကိရိယာပစ္စည်းများ ပြသခဲ့သည်။

ရှောင်ရှားမွေးမြူ

မြန်မာတို့သည် ရှေးအစဉ်အဆက်ဆက်မှ ယခုတိုင်နွားများကို တန်ဖိုးထားပြီး မွေးမြူလာခဲ့ကြသည်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်များ၌ ပြိုင်ပွဲ၊ ပြပွဲများ ပြုလုပ်နေမှုမှာ တွေ့မြင်နေကြရသည်။ ယခုတိုင်မြန်မာတို့ နွားဝယ်ရာတွင်လည်း မွေးမြူရာတွင် အလင်္ကာများဖြင့် ဆောင်ရန်၊ ရှောင်ရန် သတ်မှတ်ကြလေသည်။ ကောင်းချင်းလက္ခဏာအလင်္ကာ စပယ်ဖြူ ကြိမ်မကူနှင့် ဖော်ရောင်ကွမ်းသွေးသေအောင်ပြေး၊ ထမ်းပိုးသုံးတန် ကောင်းရိုးမှန် ကြန်စုံနွားများပဲ၊ နွားပြာနီ ကြောင်စွယ်မှောင်ကွယ် ဝယ်မမှားဘူး၊ နွားနီပြာဖြူ မယားအညာသူအစရှိကောင်းခြင်းလက္ခဏာအလင်္ကာများဖြင့် ရောင်းဝယ်မွေးမြူကြပြီး ရှောင်ကြဉ်ဖွယ်ရာအနေဖြင့် ခေါင်းအနေစောင်း ဒူးမြင်းခေါင်းမကောင်းဟူ၍မှတ်၊ နွားနှမ်းမြင်းဝါဆင်ဟိုင်းသာ ရှောင်ရာအဖြူကျွဲ၊ နွားပြာထိပ်နီ လူမသီနှင့် လူသီလျှင်ဝေ့ရှေးကနေနဲ့ နွားပုများများအိမ်မှာထား လုံးဝမကြီးပွား၊ နွားနီကွမ်းသွေး တုတ်မရွေး စသည်ဖြင့် အရောင်းအဝယ်များတွင် ရှောင်ရှားမွေးမြူကြသည်။ ရှေးအခါက နွားဝယ်လျှင် နွား၏ အရောင်၊ အမွေး၊ ဗွေ၊ မျက်လုံး၊ အမြီး၊ ခြေလက်စသည်တို့ကို ကောင်းခြင်းအလင်္ကာများဖြင့် ဝယ်သကဲ့သို့ ယခုခေတ်နွားဝါသနာရှင်များဝယ်ယူရာတွင်လည်း မှတ်သားထားနိုင်ရန်လိုအပ်သည်ဟု ပြပွဲသို့ လာရောက်ကြည့်ရှုသူ အဘိုးဦးသောင်းက ပြောကြားသည်။

ပြပွဲတွင် လှည်းယာဉ်အမျိုးမျိုးကို တွေ့မြင်ရသည်။ လှည်းမြီးတို၊ ရေစည်လှည်း၊ ဝက်ခြံလှည်း၊ ပေါင်းအုပ်လှည်း၊ မယားကန်လှည်း စသည်ဖြင့်သိရသည်။ မြန်မာနိုင်ငံရှိ ကျေးရွာတော်တော်များများတွင် ယနေ့တိုင် လှည်းယာဉ်များ အသုံးပြုသွားလာနေကြကြောင်းနှင့် ရန်ကုန်၊ သန်လျင်၊ ကျိုက်ခေါက်ဘုရားပွဲ၊ ပဲခူး ရွှေမော်ဓောဘုရားပွဲ၊ ပုသိမ်မော်တင်စွန်းဘုရားပွဲအစရှိသော ဘုရားပွဲကြီးများသို့ ကျေးလက်နေပြည်သူများအနေဖြင့် လှည်းယာဉ်များ အသုံးပြုကာသွားလာနေကြသည်ကို ယနေ့တိုင် တွေ့ရှိနေရသည်။

ဆက်လက်၍ ပြပွဲသို့လာရောက်လေ့လာသူတောင်သူတစ်ဦးက ယခုကဲ့သို့ နိုင်ငံတော်မှပြပွဲ၊ ပြခန်းများပြုလုပ်ပြသခြင်းသည် ကျေးရွာနေတောင်သူများအနေဖြင့် ဗဟုသုတတိုးပွားခြင်း၊ မွေးမြူရေးနှင့် ကုသထုံးအခြေခံနည်းစနစ်များ သိရှိလာခြင်း၊ မိမိတို့အနေဖြင့် မွေးမြူကုသရာတွင် မလိုလားအပ်သော ပြဿနာများ၊ ဆုံးရှုံးမှုများ နည်းပါးသွားစေခြင်းအတွက် ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ပြောကြားသည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကို မတ် ၉ ရက်တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ခြင်းခေါင်းစဉ်ဖြင့် ရဲမှူးချုပ်စိုးမြိုင်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန် မတ် ၇ ရက် နောက်ဆုံးထား စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အသင်းရုံး ဖုန်း-၀၉-၃၁၇၁၈၁၄၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကြက်ခြေနီလုပ်အားရှင်များအား လိုအပ်သည့်စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ပြပို့ချထား

နေပြည်တော် မတ် ၆

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် မည်သည့်နေရာတွင်မဆို လက်ကိုင်ဖုန်းအားလုံး ဆက်သွယ်နိုင်ရေးအတွက် မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိလိုသည့်** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများ ချမှတ်၍အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်၌ ခရီးသွားပြည်သူများနှင့် ၎င်းလမ်းမကြီးဘေးဝဲယာတွင် နေထိုင်ကြသည့်ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်စေရန်အတွက်GSM/UMTS ရေဒီယိုစခန်း(၃၁) ခုနှင့် CDMA-450 ရေဒီယိုစခန်းလေးခုကို မိုင်တိုင်အမှတ်(၂၀)၊ (၂၃၅)၊ (၂၅၆)နှင့်(၂၈၄) တို့တွင် တည်ဆောက်တပ်ဆင်ပေးခဲ့သဖြင့် ဆက်သွယ်မှုအဆင်ပြေလျက်ရှိပါကြောင်း။

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်တွင် CDMA-450 ရေဒီယိုစခန်းများတိုးချဲ့တပ်ဆင်ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် အဆိုပါအမြန်လမ်းမကြီးတစ်လျှောက်တွင် GSM နှင့် WCDMA မိုဘိုင်းတယ်လီဖုန်းများ ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်း သိန်းဌေး ဖြေကြားစဉ်။ (သတင်းစဉ်)

ကန့်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းစဉ်။ (သတင်းစဉ်)

ကန့်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **နာဂစ်၊ ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်ဆိုးကြီးများနှင့်ကြုံတွေ့ရချိန်တွင် ပြည်သူများကို ကယ်တင်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအား လိုအပ်သောဖွဲ့စည်းမှု၊ လေ့ကျင့်မှုများ တိုးတက်ရန်သက်ဆိုင်ရာဌာနများမှ စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း/ပြည်ပမှရရှိသော အလှူငွေနှင့် အထောက်အပံ့များကို ခြောက်လတစ်ကြိမ် ကျင်းပသောအထွေထွေညီလာခံများတွင် ဘဏ္ဍာရေးအစီရင်ခံစာနှင့် အမှုဆောင်အဖွဲ့အစီရင်ခံစာများကို အမြဲတင်ပြပြီးအတည်ပြုခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်တွေ့ဆုံရှင်းလင်းပွဲများတွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များနှင့်သက်ဆိုင်သည်များကို အမြဲတမ်းတင်ပြပါကြောင်း။

ဆောင်ရွက်

ဘဏ္ဍာရေးစာရင်းများကိုလည်း နှစ်စဉ် အတွင်းစာရင်းစစ်၊ အပြင်စာရင်းစစ်များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးအထောက်အပံ့နှင့် လုပ်ငန်းအစီရင်ခံစာရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့ကြပါကြောင်း။

နိုင်ငံတကာမှထောက်ပံ့သော လက်သုံးကိရိယာများ၊ အခြားပစ္စည်းကိရိယာများကိုလည်း မြို့နယ်အသင်းရုံး အဆောက်အအုံ၊ ရေတွင်း၊ ရေသိုလှောင်ကန်နှင့်အိမ်သာများကို စီမံချက်ဝင်မြို့နယ်နှင့် ကျေးရွာများသို့ ထောက်ပံ့ပေးပါကြောင်း။

အရေးပေါ်တာဝန်ထမ်းဆောင်ချိန်တွင် ခရီးစရိတ်၊ စားစရိတ်များကို သတ်မှတ်နှုန်းထားဖြင့် အမြဲထောက်ပံ့ပေးပါကြောင်း၊ ဌာနချုပ်/မြို့နယ် အစီအစဉ်များဖြင့် နေ့တွက်စရိတ်ကို သာမန်လူမှုကရုဏာလုပ်ငန်း အစီအစဉ်များတွင် တစ်နေ့ကျပ် ၅၀၀၀ နှုန်း သတ်မှတ်ပြီး အထူးတာဝန်ပေးအပ်သည့် ခက်ခဲဒေသ ခရီးစဉ်/လုပ်ငန်းများတွင် တစ်နေ့ ကျပ် ၈၀၀၀ နှုန်း သတ်မှတ်ထောက်ပံ့လျက်ရှိပါကြောင်း။

ကြက်ခြေနီအဖွဲ့သည် ပြည်သူများကို ကယ်တင်စောင့်ရှောက်နိုင်ရန်အတွက် လိုအပ်သောဖွဲ့စည်းမှု လေ့ကျင့်မှုများ တိုးတက်ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကျရောက်နေသူများကို ကူညီစောင့်ရှောက်ခြင်း၊ ရှေးဦးပြုစုပေးခြင်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်အောင်လည်း စဉ်ဆက်မပြတ်ပို့ချသင်တန်းပေးလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်ပါက ဘေးဒဏ်ခံရသူများအား ချက်ချင်းထောက်ပံ့နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကယ်ဆယ်ရေးထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ရုံပေါင်း (၂၃)ခုဖွင့်လှစ်၍ အဆင်သင့်ထားရှိပါကြောင်း၊ ကြက်ခြေနီလုပ်အားရှင်များအား လိုအပ်သည့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ပြပို့ချထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို တင်သွင်းခဲ့သည်။

အစည်းအဝေးကို နံနက်ပိုင်းတွင်ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်ပတ်သက်၍ အစီရင်ခံစာ ပြန်လည်တင်သွင်းရန်ဆုံးဖြတ်

နေပြည်တော် မတ် ၆

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် သဲသောင်ခုံထွန်း၍ ရေကြောင်းပိတ်ခြင်းကြောင့် မြို့ကမ်းပြို၊ ကမ်းစားမှုအခြေအနေကို ထိန်းသိမ်းရန် မည်သို့စီစဉ်ပေးမည်၊ ယခုမိုးရာသီ မြစ်ရေကြီးချိန်အမီ မည်သို့ကာကွယ်ထိန်းသိမ်းမည်၊ သောင်ထွန်းမှုကြောင့် ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေအိတ်များကို အဆင့်ဆင့်သယ်ယူရသည့် အခြေအနေမှ ယခင်ကကဲ့သို့ Foreshore ဆိပ်ကမ်းမှ သင်္ဘောပေါ်အရောက် Conveyor နှင့် ပြန်လည်တင်ပို့နိုင်ရန် မည်သို့ပြုပြင်မည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ အကြီးစားစက်မှုလုပ်ငန်း ဘိလပ်မြေစက်ရုံနှင့် ဆိပ်ကမ်းတည်ရှိရာ ရေလမ်းကြောင်းသည် ၂၀၀၆ ခုနှစ်မှစတင်၍ ရေလမ်းအတွင်း ရေလယ်သောင် ကြီးမားကျယ်ပြန့်လာခြင်းကြောင့် ရေလမ်းပြောင်းလဲမှုဖြစ်ပေါ်ကာ မြစ်အနောက်ဘက်ကမ်းရှိ ကြံခင်းဘိလပ်မြေစက်ရုံ ဆိပ်ကမ်းရေလမ်းသဲသောင်ပိတ်ဆို့တိမ်ကောမှုများ ဖြစ်ပေါ်လာပြီး မြစ်အရှေ့ဘက်ခြမ်းရှိ ကွေ့မ-မမဲ-ယင်းမူကုန်း-တဲတန်း ကျေးရွာများတစ်လျှောက် ကမ်းပြိုကမ်းစားမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

အဆိုပါ ရေလမ်းပျက်စီးမှုများအား ပြန်လည်ထိန်းသိမ်းရန်အတွက် ဧရာဝတီမြစ်ပြုပြင်ထိန်းသိမ်းရေး ပင်မစီမံချက် Master Plan အရ ရေလမ်းအတွင်းတွင် မျောတိုင်တန်း ရေလွှဲရေကာလေးခု စုစုပေါင်း အလျား ၄၄၅၀ မီတာ တည်ဆောက်ရန်နှင့် ပူးတွဲလျက် လျာထားရေလမ်းကြောင်းအတွင်း သောင်တူးဖော်ခြင်းလုပ်ငန်းအား အလျား ၅၃၆၃ မီတာ တူးဖော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှကျခံ၍ ယခင်နှစ်ဆောင်ရွက်ခဲ့သော ရေကာဟောင်း ၇၅၀ မီတာနှင့်ဆက်စပ်၍ မျောတိုင်တန်းကျောက်ဖြည့်ရေကာ ၁၈၅ မီတာ တည်ဆောက်ရန်၊ ရေကာဟောင်း ၇၅၀ မီတာအား ကျောက်ဖြည့်စွမ်းအားမြှင့်တင် ဆောင်ရွက်ရန်နှင့် နှစ်တန်းသွားမျောတိုင်တန်းရေလွှဲရေကာ ၄၀၀ မီတာတို့ တည်ဆောက်၍ ကြံခင်းဘိလပ်မြေစက်ရုံဆိပ်ကမ်းရေလမ်းဖွံ့ဖြိုးရေးနှင့် ယင်းမူကုန်းဘက်ခြမ်း ကမ်းပြိုမှုများ သက်သာစေရေးအတွက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစ၍ ပွင့်လင်းရာသီအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဖြေကြား

ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေအိတ်များကို ယခင်ကကဲ့သို့ Foreshore ဆိပ်ကမ်းမှ သင်္ဘောပေါ်အရောက် Conveyor နှင့် ပြန်လည်တင်ပို့နိုင်ရန်အတွက် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Foreshore ဆိပ်ကမ်းနေရာရှိ သဲသောင်များအား ရှင်းလင်းပြီးပါက ရေလမ်းကြောင်းကောင်းမွန်လာမည်ဖြစ်၍ သင်္ဘောများဝင်ထွက်နိုင်ပြီး ဆိပ်ခံတံတားကို ကပ်နိုင်ပါက Conveyor ဖြင့် ချက်ချင်းတင်ပို့နိုင်မည်ဖြစ်ပါကြောင်း၊ စက်များအား အချိန်မရွေး လည်ပတ်နိုင်ရန် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က လွှတ်တော်နှစ်ရပ်ပြင်ဆင်ထားသည့် ဥပဒေကြမ်းသည် နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိပြီး စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်၍ ပြည်သူများထံသို့ နားလည်ရှင်းလင်းအောင် အသိပေး ပြောကြားတင်ပြရန် လိုအပ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများအကြား မိမိနိုင်ငံသို့ဦးတည်လာသော ဖောက်ခွဲဖျက်ဆီးရေးသမား အကြမ်းဖက်မှုများကို ကြုံတွေ့ပါက ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ကာကွယ်တားဆီးနှိမ်နင်းနိုင်ရန် အထူးစီမံချက်တစ်ရပ်ချမှတ်၍ ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၏ လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ဆောလျင်စွာထုတ်ပြန်ပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆုံးဖြတ်ခဲ့

လွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင်၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာပြန်လည်တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကြမ်း (၅)ရပ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးအောင်ငြိမ်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

ဥပဒေကြမ်း ကော်မတီဝင် ဦးအောင်ငြိမ်း ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

လွှတ်တော်ဥက္ကဋ္ဌက **ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

အမည်စာရင်းတင်သွင်းနိုင်

ထို့အတူ လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကိုလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို မတ် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း (Debate) အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၆

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကို **"လက်တွေ့ပညာရေးပြုပြင်ပြောင်းလဲမှုစာတမ်း"** နှင့် **"လူတိုင်းအတွက် ပညာရေး"** စာတမ်းခေါင်းစဉ်ဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က အဖွင့်အမှာစကားပြောကြားပြီး စာတမ်းရှင် ILBC ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အပြန်အလှန်ဆွေးနွေးပွဲ (စတုတ္ထပိုင်း)နှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ ဗိုလ်မှူးမျိုးအောင်နှင့် ဗိုလ်မှူးအောင်ကျော်ဇောတို့က **"လက်တွေ့ပညာရေးပြုပြင်ပြောင်းလဲမှုစာတမ်း"** နှင့် **"လူတိုင်းအတွက် ပညာရေး"** စာတမ်းတို့နှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ စာတမ်းရှင် ILBC ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် နှစ်နိုင်ငံသီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မလေးရှား နိုင်ငံတို့မှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့များအား မတ် ၅ရက် ညနေ ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲ ရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများသည် ဗီယက်နမ်စစ်ဦးစီးချုပ် Sr. Lt. Gen. Do Ba Ty ဦးဆောင်သော ကိုယ်စား လှယ် အဖွဲ့နှင့်လည်းကောင်း၊ အင်ဒိုနီး ရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Dr. Moeldoko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီး ချုပ် Gen. Tanasak Patimapragorn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ လာအို ဒုတိယ စစ်ဦးစီးချုပ် Brig. Gen. Khamlieng Outhakasone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ မလေးရှားတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် Gen. Tan Sri Dato'Sri (Dr.)Zulkifeli Bin Mohd Zin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့်လည်းကောင်း နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည် ရင်းနှီးစွာဖြင့် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံအဖွဲ့အစည်း အတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စ ရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tanasak Patimapragorn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးစဉ်။
(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ 11th (ACDFIM) အစည်းအဝေးတက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၆

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက် ရောက်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့် ဇနီးများအား မတ် ၅ ရက် ည ၈ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် Banquet Hall ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ဘရူနိုင်းတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ကမ္ဘောဒီးယား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီး ချုပ်နှင့်ဇနီး၊ အင်ဒိုနီးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ လာအို ဒုတိယစစ်ဦးစီးချုပ်၊ မလေးရှား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် နှင့်ဇနီး၊ ဖိလစ်ပိုင်တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဗီယက် နမ်နိုင်ငံ စစ်ဦးစီးချုပ်နှင့်ဇနီးနှင့် တပ်မတော်အရာရှိကြီးများ တက် ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က ဂုဏ်ပြုညစာစားပွဲသို့ တက် ရောက်လာသော အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့်ဇနီးများအား ရင်းနှီး ခင်မင်စွာ ကြိုဆိုနှုတ်ဆက် ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် တပ်မ တော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြား ပြီး အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီး များ၊ အခမ်းအနားတက်ရောက်လာ ကြသူများနှင့်အတူ ညစာကို အတူ တကွ သုံးဆောင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြ သည့် အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီး များသည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မ တော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့သည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် များနှင့် ဇနီးများနှင့်အတူ ကပြဖျော်ဖြေ ခဲ့သော မြဝတီတေးဂီတအဖွဲ့သား များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိ သည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာသော အင်ဒိုနီးရှား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား လက်ဆောင် ပစ္စည်း ပေးအပ်စဉ်။
(မြဝတီ)

လယ်ဝေးမြို့နယ်မီးသတ်ဦးစီးဌာနသို့ မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ပေးအပ်သော တရုတ်နိုင်ငံထုတ် ရေဂါလန် ၈၀၀ ဆံ့ Dong Fen မီးသတ်ယာဉ်သစ် တစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်း အနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ နှင့် ဒေသခံပြည်သူများ တက်ရောက် ကြပြီး မီးသတ်ယာဉ်သစ်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေက လယ်ဝေး မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများ ပြားပြီး ဧရိယာကျယ်ဝန်းသဖြင့် မီးငြိမ်းသတ်ရာတွင် အထောက် အကူပြုစေရန် မီးသတ်ယာဉ်သစ် တစ်စီးကို ထပ်မံပံ့ပိုးလွှဲပြောင်းပေး အပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

စီစဉ်ဆောင်ရွက်ပေး

ဆက်လက်၍ ယနေ့ နိုင်ငံတော် အစိုးရအနေဖြင့် မြို့ပြကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည့်ပြည့်ဝဝ အမြန်ဆုံးအကောင် အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ နေပြည်တော်ကောင်စီ အနေဖြင့် ကျေးရွာအဆင့်ထိ ရောက် အောင် ဆောင်ရွက်ပေးနေကြောင်း။

ယခင်က မီးသတ်ယာဉ်လေးစီး အပါအဝင် ယခုတစ်စီးဖြင့် ငါးစီးရရှိထားပြီဖြစ်၍ စက်ပစ္စည်း၊ ယာဉ်ယန္တရားများနှင့် နေရာ ဒေသမရွေး အသုံးပြုနိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင် ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

11th (ACDFIM) အစည်းအဝေးတက်ရောက်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များသည် မတ် ၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံ သီးခြားစီတွေ့ဆုံဆွေးနွေး ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ဘရူနိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Dato Seri Pahlawan Mohd Tawih Bin Abdullah ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဒုတိယစစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်စစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်Gen. Dr.Moeldoko ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tanasak Patimapragorn ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Dato'Sri (Dr.) Zulkifeli Bin Mohd Zin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ဖိလစ်ပိုင်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Emmanuel T Bautista ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်စစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တို့နှင့်လည်းကောင်း နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Dato Seri Pahlawan Mohd Tawih Bin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်စစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ သီးခြားစီ တွေ့ဆုံဆွေးနွေးစဉ်။ (မြဝတီ)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ City Bus များ မောင်းနှင်ရန် ယာဉ်မောင်းများ လျှောက်ထားနိုင်

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် ဝန်ထမ်းများ၊ နည်းပြ/အုပ်ချုပ်သူနှင့် အားကစားသမားများကို အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနရုံးချုပ်နှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရွာများသို့ ကြို/ပို့ပေးနိုင်ရေး City Bus များမောင်းနှင်ရန် ကျွမ်းကျင်ယာဉ်မောင်းများအား ခန့်အပ်သွားမည်ဖြစ်ပြီး လစာငွေ ပုတ်ပြတ်ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြစ်ကာ နေထိုင်ရေးစီစဉ်ပေးမည်ဖြစ်ရာ ယာဉ်မောင်းသက် အနည်းဆုံးသုံးနှစ်ရှိပြီး ယာဉ်မောင်းလိုင်စင် "ဂ" နှင့်အထက် ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်သည်။

လျှောက်ထားပေးပို့နိုင်

လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာများဖြင့် အကျင့်စာရိတ္တကောင်းကြောင်း၊ ရပ်ကွက်နှင့် အပိုင်ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင်မိတ္တူ၊ ကျန်းမာကြောင်း ဆေးစစ်ချက်တို့နှင့်အတူ ၁၀-၃-၂၀၁၄ ရက် နောက်ဆုံးထား၍ အားကစားဝန်ကြီးဌာန အားကစားလေ့ကျင့်ရေး စခန်း (Gold Camp) ရွှေနန်းသာ နေပြည်တော်သို့ လျှောက်ထားပေးပို့နိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉-၄၃၀၇၉၃၀၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ထိုအစည်းအဝေးများမှ တင်ပြချက်များအရ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက်ရေးဆွဲပြီးစီးပါက အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းဖြင့် လုပ်ဆောင်သွားကြရန်ဖြစ်ပါကြောင်း။

တာဝန်ခံဝန်ကြီးဌာနအနေဖြင့် Central Dry Zone နှင့်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့များနှင့် အသေးစိတ်ညှိနှိုင်းခဲ့ပြီး Central Dry Zone ၏ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲထားပြီးဖြစ်ကာ ယင်းစီမံချက်ကို နိုင်ငံတော်စီမံကိန်းထဲတွင် ပါဝင်နိုင်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းထားပြီး ဖြစ်ပါကြောင်း။

စီမံချက်တွင်ပါဝင်သည့် လုပ်ငန်းစဉ်(၆)ရပ်မှာ မွေးမြူရေး၊ စိုက်ပျိုးရေးအတွက် ရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးလက်စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ကာ ယင်းလုပ်ငန်းစဉ်များကို ဦးစားပေးစီမံချက်အဖြစ် ဆောင်ရွက်သွားကြရန်လိုပါကြောင်း။

မိုးနည်းရပ်ဝန်းဒေသဟု အမည်ပေးထားသည့်အတိုင်း မိုးရေချိန်လက်မနည်းသည့်အပြင် ပုံမှန်ရေတွင်းတူးတိုင်း ရေချိုမထွက်ဘဲ ရေငန်ရေ၊ ဆပ်ပြာရေစသည်များ ထွက်ရှိနေသည့်အတွက် အဓိကသောက်ရေ၊ သုံးရေရရှိစေရန် စီမံချက်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီမံချက်ကို ဦးစားပေးစီမံချက် တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်သွားကြရန်လိုပါကြောင်း။

ပြီးခဲ့သည့်ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးသုံးခု၊ တိုင်းသုံးတိုင်းစလုံးတင်ပြကြသည်မှာ ကျေးလက်ဖွံ့ဖြိုးရေးတွင် ရေသာအဓိကဖြစ်နေကြောင်း၊ ရေရသည့်ဒေသတွင် ဝင်ငွေကောင်းပြီး ရေမရသည့်ဒေသ ဝင်ငွေနည်းကြောင်း၊ ဆည်ကြီးများ များများလိုအပ်သကဲ့သို့ ချောင်းပိတ်မြောင်းပိတ်၊ လျှိုပိတ်ဆည်တည်ဆောက်ပေးရန်၊ စက်ရေတွင်း များများတူးဖော်ပေးရန်၊ ဧရာဝတီမြစ်ကြီးအပါအဝင် အခြားသော မြစ်လက်တက်မြစ်ငယ်လေးများမှ မြစ်ရေတင်စီမံကိန်းများ ပြည့်ပြည့်ဝဝဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း။

ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၆ ရက်က မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၌ တိမ်ကောနေသည့် ဆည်ကြီးများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်တူးဖော်ဆောင်ရွက်ပေးနေသည်ကို နိုင်ငံတော်သမ္မတတက်ရောက်ချီးမြှင့်အားပေးခဲ့သည်ကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း။

ဤဒေသများတွင် ဆည်ကြီး၊ ဆည်လေးများ များများလိုအပ်သကဲ့သို့ ဆည်များမှတစ်ဆင့်လိုအပ်သည့် နေရာသို့ရေရောက်စေရန်၊ လက်ကြားမြောင်းကို ရေဆုံးရှုံးမှုမရှိစေရေး၊ အုတ်စီမြောင်းဖြင့်ပို့ပေးနိုင်မည်လား၊ Conduit ပိုက်ဖြင့် ပို့ပေးနိုင်မည်လား စသည်ဖြင့် တတ်နိုင်သည့်နည်းလမ်းများဖြင့် ရောက်အောင်ပို့ပေးနိုင်ပါမှသာ ရေကိုအကျိုးရှိရှိ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအချက်များသည်လည်းဘဏ္ဍာငွေကြေးပြည့်စုံမှု/မပြည့်စုံမှုများအပေါ်တွင် မူတည်နေပါကြောင်း။

မိမိတို့နိုင်ငံ၏ အခြေအနေကို ပြန်ကြည့်မည်ဆိုပါက မိုးနည်းရေရှားဆိုသော်လည်း မြန်မာနိုင်ငံ၏တစ်နှစ်လုံးပျမ်းမျှမိုးရေချိန်သည် ၉၀ လက်မခန့်ရှိပါကြောင်း၊ မြစ်ကြီးလေးသွယ်အပါအဝင် ထောင်ပေါင်းများစွာရှိသည့် မြစ်ငယ်ချောင်းငယ်များက

ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီးဆင်းသည့်မြစ်ရေထုထည် ပမာဏသည် ကုဗပေ ၅၈ သန်းရှိပါကြောင်း။

ယင်းမြစ်ချောင်းများတွင် စုမိသည့် ရေများသည် အငွေ့ပြန်ခြင်းနှင့် မြေကြီးတွင်းစိမ့်ဝင်သည့် ပမာဏသည် ၆၂ ရာခိုင်နှုန်း၊ ပင်လယ်တွင်းသို့ စီးဆင်းသွားသည့် ပမာဏသည် ၃၈ ရာခိုင်နှုန်းဟု ဖော်ပြထားပါကြောင်း၊ ယင်းသို့များပြားသည့် ရေထုထည်ပမာဏကို သောက်ရေသုံးရေ၊ စိုက်ပျိုးလုပ်ငန်းရေအဖြစ် ပြောင်းလဲပေးနိုင်မည့်နည်းပညာနှင့် အရင်းအနှီးတတ်နိုင်ပါက ယခုကဲ့သို့ ရေကြောင့်ရင်ဆိုင်နေရသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးပြဿနာကို မိမိတို့ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

အဓိကရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးတတ်နိုင်မှု၊ နိုင်ငံတကာမှ အကူအညီရယူနိုင်မှု၊ နိုင်ငံတကာ၏နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မှုများနှင့် အပြည့်အဝ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နိုင်ငံတကာ အကူအညီ ချေးငွေဖြင့် ဆောင်ရွက်

မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နေသော လုပ်ငန်းများစွာ ရှိနေပါကြောင်း။

ကမ္ဘာ့ဘဏ် (WB)မှ အမေရိကန်ဒေါ်လာ သန်း ၈၀ ကို ၂၀၁၂-၂၀၁၉ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် လုပ်ငန်းဆောင်ရွက်ရန်လည်းကောင်း၊ JICA မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၄ သန်းကို အဆိုပါတိုင်းဒေသကြီးများတွင် ၂၀၁၂-၂၀၁၇ ခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်လည်းကောင်း၊ UN-Habitat မှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၆ သန်းကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း။

UNICEF မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၇၇ သန်းကို ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်သွားနိုင်ရေးအတွက်လည်းကောင်း၊ BAJ မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ သန်းကို ၂၀၁၁-၂၀၁၄ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ IFAD မှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၃ သန်းကို ၂၀၁၃-၂၀၁၅ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ADB မှ အမေရိကန်ဒေါ်လာ ၁၂ သန်းကို ၂၀၁၃-၂၀၁၆ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

အလားတူ KFW (ဂျာမနီ)မှ ယူရိုငွေ ခုနစ်သန်းကို ၂၀၁၃-၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ IRD မှ အမေရိကန် ဒေါ်လာသုံးသန်းကို ၂၀၁၃-၂၀၁၆ခုနှစ်အတွင်း စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ အီတလီနိုင်ငံမှ ယူရိုငွေသန်း ၂၀ ကို ၂၀၁၄-၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်ငါးခုအတွင်း မြို့နယ်ငါးမြို့နယ်တွင်လည်းကောင်း၊ UNDP အနေဖြင့်လည်း ၂၀၁၃-၂၀၁၅ ခုနှစ်အတွင်း အကူအညီများ ပေးအပ်နိုင်ရေးအတွက် ငွေကြေးပမာဏကိုညှိနှိုင်းဆွေးနွေးဆဲဖြစ်ပါကြောင်း။

ထို့အတွက် ယင်းစီမံချက်များကို Central Dry Zone များရှိသည့် တိုင်းဒေသကြီးသုံးခု၏ ခရိုင် ၁၃ခုတွင် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ရာ လိုအပ်သည့် ရန်ပုံငွေကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် Central Dry Zone တွင်ပါရှိသည့် တိုင်းဒေသကြီးအစိုးရများက နိုင်ငံတော်သို့တင်ပြတောင်းခံပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ထောက်ပံ့သွားမည့် ငွေကြေးနှင့်အတူ နိုင်ငံတကာမှ ပေးအပ်မည့်အကူအညီများအပေါ် အခြေခံကာလုပ်ငန်းစဉ် (၆) ရပ်ကို ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းမိုးနည်းဒေသများတွင် မိုးခေါင်မှုကြောင့် သီးနှံများ ပျက်စီးမှု၊ တိရစ္ဆာန်အစာများ ရှားပါးမှု၊ သောက်သုံးရေခက်ခဲမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့နှင့် ဆက်နွှယ်နေသည့် အလုပ်အကိုင် ရှားပါးမှု စသည့် အခက်အခဲများကို အချိန်တိုအတွင်း ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားမှုဆိုင်ရာများ၊ စီမံချက်နှင့်စပ်လျဉ်း၍ ကျင့်သုံးဆောင်ရွက်သွားမည့် မဟာဗျူဟာများ၊ စီမံကိန်းဆိုင်ရာ အကြောင်းအရာများ၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၊ ရန်ပုံငွေလျာထားချက်များ၊ အခြားဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုအပိုင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့် စပ်လျဉ်း၍ မိမိတို့ တိုင်းဒေသကြီးများအလိုက် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲအခြေအနေများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက စီမံချက်နှင့်စပ်လျဉ်းသည့် အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

❊ **ရှေ့ဖုံးမှ**

ခန္တီးမြို့သို့ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့တို့တွင် ပြေးဆွဲပျံသန်းပေးမည်ဖြစ်သည်။

အဆိုပါခရီးစဉ်များအတွက် ကြိုတင်လက်မှတ်များကို မတ် ၇ ရက်မှ စတင်ကာ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့လေကြောင်း ရန်ကုန်(ရုံးချုပ်)၊ မင်္ဂလာဒုံရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပို့ဆောင်ရေးဌာနခွဲ) နှင့် သက်ဆိုင်ရာမြို့နယ်ဌာနခွဲများတွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၆

ဂျပန်နိုင်ငံ တိုကျိုမြို့ HIDA Tokyo Kenshu Center တွင် မတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် SMEs'Competitive Business Strategy (ENBS) Japan, Training Program သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ယဉ်ယဉ်မိုးနှင့် ဒေါ်ခင်မျိုးသော်တို့သည်မတ် ၃ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

ပြည်တွင်းသတင်း

11th (ACDFIM) အစည်းအဝေးတက်ရောက်ရန်ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ဇနီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက မတ် ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နံနက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ဇနီးများသည် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်၍ တိုင်းစစ်ဌာနချုပ်ပေါင်းလောင်းရိပ်သာ၌ ခင်းကျင်းပြသထားသော အိမ်ထောင်သည် ရဲမေမိသားစုများ ပြုလုပ်ထားသည့် အိမ်တွင်းမှုလက်မှုပညာများ **(ယာပုံ)**နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ဇနီးများသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်၍ ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နောင်ချိုမြို့ ပေါ်တော်ကျောင်းတိုက်မှ အခိုးခံရသည့်ဘုရား ပြန်တွေ့

နောင်ချို မတ် ၆

နောင်ချိုမြို့နယ် တောင်ရပ်ကွက် ပေါ်တော်ကျောင်းတိုက် ဆုတောင်းပြည့်စေတီတော်အတွင်း သီတင်းသုံးလျက်ရှိသော ဉာဏ်တော်အမြင့် သုံးပေခွဲခန့်ရှိသည့် တင်ပျဉ်ခွေထိုင်တော်မူ ဘုရားတစ်ဆူသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁ နာရီက မသမာသူများခိုးယူသွားခဲ့သည်။

ပင့်ဆောင်

ဘုရားခိုးယူခြင်းသတင်းဂယက်ကြောင့် ခိုးယူခံရသောဘုရားသည် မန္တလေးတိုင်းဒေသကြီး အုန်းချောကျေးရွာအနီး လယ်ကွင်းထဲ၌ တွေ့ရှိရသဖြင့် ပေါ်တော်ကျောင်းတိုက်ဆရာတော် ဦးဝါသေဌကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့မရဲစခန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ ဦးဝင်းသိန်းနှင့်အဖွဲ့ဝင်များက သွားရောက်ပင့်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ရခိုင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပ

စစ်တွေ မတ် ၆

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့) ကို မတ် ၅ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ပေးပို့သော လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ဆောလျင်စွာ ရှင်းလင်းရန်ကိစ္စအား ပြည်နယ်လွှတ်တော်သို့ဖြန့်ဝေခြင်းနှင့်ရှင်းလင်းခြင်း၊ မေးခွန်းကိုးခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် အထူးကိစ္စရပ်များကြားနာစုံစမ်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာရှင်းလင်းတင်သွင်းခြင်းနှင့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ရခိုင်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှု မြောက်ဦးမြို့ရှိ ရခိုင်နန်းတော်ရာ၌ ရှေးဟောင်းနန်းတော်ကြီးကို မူလပုံစံမပျက် ပြန်လည်တည်ဆောက်နိုင်ရေး အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခြင်းများဆောင်ရွက်ခဲ့သည်။

အစည်းအဝေး (စတုတ္ထနေ့)ကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရခိုင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၈/၂၀၁၆)
၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၆ ရက်)
ရခိုင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၃၉၃)၊ လမ်းမကြီး၊ လမ်းမတော်တောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်အမျိုးသားပါတီ**အား ၂၀၁၆ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရခိုင်အမျိုးသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ(၇၄) ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကျောဖုံးမှ

Nielsen MMRD ၏လေ့လာချက်အရ မြန်မာနိုင်ငံလူဦးရေ၏ တစ်ဝက်နီးပါး ၄၇ ရာခိုင်နှုန်းသည် အသက် ၂၄ နှစ်အောက်ဖြစ်ကြောင်း၊ အင်တာနက်သုံးစွဲသူ လေးရာခိုင်နှုန်းခန့်သာရှိသေးပြီး ပျမ်းမျှ ၃ ဒသမ ၅ နာရီ သုံးစွဲလေ့ရှိကြောင်း၊ မြို့ပြတွင် ၁၆ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး နယ်တွင်သုံးစွဲသူ ၇ ဒသမ ၈ ရာခိုင်နှုန်း၊ ကျေးလက်တွင် ဝ ဒသမ ၇ ရာခိုင်နှုန်းသုံးစွဲသဖြင့် မြို့ပြတွင် အင်တာနက်သုံးစွဲမှုမှာ နယ်နှင့်ကျေးလက်ထက် ပိုမိုများပြားကြောင်း သိရသည်။

ဖွင့်လှစ်ထား

Nielsen သည် နိုင်ငံပေါင်းတစ်ရာကျော်တွင် အခြေစိုက်ပြီး ရုံးချုပ်များကို အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် နယ်သာလန်နိုင်ငံ ဒီမင်မြို့တို့တွင် တည်ထောင်ဖွင့်လှစ်ထားသည်။ MMRD သည် ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ သုတေသနဝန်ထမ်းပေါင်း ၂၅၀ ကျော်ဖြင့် နိုင်ငံတစ်ဝန်းရုံးခွဲပေါင်း ၁၃ ခု ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

Mandalay GTI (EC) မိသားစု
ပထမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အင်တိုက်အားတိုက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

နေ့ရက် - ၁၅-၃-၂၀၁၆ ရက် တပေါင်းလပြည့်နေ့(စနေနေ့)
အချိန် - နံနက် ၈ နာရီ
နေရာ - ၆၈ လမ်း၊ ၃၁ × ၃၂လမ်းကြား၊ မဟာဝိဇိတာရုံကျောင်းတိုက်

အလှူငွေများကို ဧရာဝတီဘဏ်ငွေစာရင်းအမှတ် ၀၀၅၂၂၀၁၀၁၀၀၀၅၃၅၅ သို့လည်းကောင်း၊ နီးစပ်ရာ သူငယ်ချင်းများထံသို့လည်းကောင်း ထည့်ဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်ခင်ဗျာ။

- **ကိုကျော်မင်း (ဥက္ကဋ္ဌ)**
  ဖုန်း-၀၉-၄၃၀၆၂၀၈၆
- **ကိုထွန်းလင်း (အတွင်းရေးမှူး)**
  ဖုန်း-၀၉-၄၀၂၅၈၁၅၈၂၊ ၀၉-၂၅၉၀၀၄၃၄၁
- **ကိုအောင်သန်းဝင်း (ဘဏ္ဍာရေးမှူး)**
  ဖုန်း-၀၉-၂၂၁၀၁၂၁
- **ကိုဖြိုးမြတ်သူ (ဘဏ္ဍာရေးမှူး)**
  ဖုန်း-၀၉-၂၀၂၃၈၆၆၊ ၀၉-၄၉၂၄၄၁၁၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/A၊ မြေကွက်အမှတ် ၁၈၇၊ ဧရိယာ ဝ ဒသမ ၂၉၃ ဧကရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူဖြစ်သော ဒေါ်ထိုက်ထိုက်ထွန်း ၁၄/ဖပန(နိုင်)၀၉၄၇၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် LL.B ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀) ဦးဝေယံဦး(စဉ်-၄၂၂၂၇)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ
အမှတ်(၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ အလယ်ရွာ၊ အမှတ်(၃)၊ ကွင်းအမှတ် ၆၅၂၊ ဦးပိုင်အမှတ်(၅၅/က)၊ ဧရိယာ ဝဒသမ၄၃ ဧကအနက်မှ အလျားပေ ၁၀၀၊ အနံ ၈၄ ပေရှိမြေကွက်၏ ပိုင်ရှင်ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစံမောင်၏ညီမ ဒေါ်အုန်းရွှေ ၁၂/သလန(နိုင်)၀၄၅၅၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မျိုးခန့် ၁၂/ပဘတ(နိုင်)၀၀၅၃၂၆ က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးကျော်မျိုးခန့်	**ဒေါ်ရွှေရည်ဝင်း(LL.B)**
၁၂/ပဘတ(နိုင်)၀၀၅၃၂၆	**အထက်တန်းရှေ့နေ(စဉ်-၄၁၈၇၁)**
အမှတ် ၆၅၊ ရေတာရှည်လမ်းဟောင်း၊	**အမှတ်(၃)နယ်မြေ၊ လက်ယက်စမ်းကျေးရွာ၊**
ဗဟန်းမြို့နယ်	**သန်လျင်မြို့၊ ဖုန်း-၀၉-၄၄၈၀၁၁၇၉၇**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရွှေမန္တလာ ၁လမ်း၊ အမှတ် ၂၀၀ ဖြင့်တည်ရှိသော မြေကွက် မြေတိုင်း(၁၉/သမိုင်း)၊ မြေကွက်(၂/၁ J-B)ကို ဆောက်လုပ်မည့်သူ ဒေါ်နီနီ ၁၂/မရက (နိုင်)၁၄၁၇၃၇ သည် ကန်ထရိုက်လိုင်စင်မတင်ပြနိုင်ခြင်း၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ သုံးကြိမ်တိုင်လာရောက်ရန်ပျက်ကွက်ခြင်း၊ မြေရှင်ထံခွင့်ပြုချက်ရယူခြင်းမရှိဘဲ ကြိုပွဲ့ရောင်းချထားမှုသည် ရောင်းချသူ၏ တာဝန်သာဖြစ်ပါကြောင်းနှင့် ဒေါ်နီနီပေးသွင်းထားသည့် ငွေကျပ် ၁၀ သိန်းအား ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ထုတ်ယူပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ထုတ်ပေးမည် မဟုတ်ပါ။ ထို့ကြောင့် ၂၈-၁၀-၂၀၁၃ စာချုပ်သည် ပျက်ပြယ်သွားပြီဖြစ်ပါသည်။ လုပ်ငန်းကိစ္စအဝဝအား ဟန့်တားနှောင့်ယှက်ပါက တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ဌေး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမြသီတာ	**သန်လျင်ဦးထွန်း**
LL.B, D.B.L, D.I,L	**LL.B, C.B.L, Dip in Business Law;**
အထက်တန်းရှေ့နေ	**Dip in Maritime Law; Dip in International Law;**
(စဉ်-၃၅၆၇၀)	**Dip in Applied Psychology; Wipo(Switzerland)**
	တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၃)

တိုက်(၉/၁၁)၊ အခန်းအမှတ် ၀၀၄၊ မြေညီထပ်၊ ၃၆ လမ်း၊ အခန်းအမှတ်(B-4) May Shopping၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၄၃၀၉၆၊ ၀၁-၅၂၂၉၅၅

အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းကျေးရွာ၊ မြို့မရပ်ကွက်၊ အမှတ် ၆၂၅ နေ ဦးဖိုးလုံး (ခ) ဦးသန်းစိုး ၃/လဘန(နိုင်)၀၀၈၇၈၄- ဒေါ်ကျင်လွှမ်း ၃/လဘန(နိုင်)၀၀၈၇၈၃တို့၏သား မောင်သိန်းကိုဦး ၃/လဘန(နိုင်)၀၈၂၆၆၅ကို အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဖိုးလုံး(ခ)ဦးသန်းစိုး-ဒေါ်ကျင်လွှမ်း

နိုင်ငံသားစိစစ်ရေးကတ်ပြား နံပါတ်အမှန်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)ဒုတိယနှစ်တွင် တက်ရောက်ပညာသင်ကြားနေသော မောင်အေးငြိမ်းချမ်းအောင် (ဘ)ဦးအောင်ဆန်းဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ်အမှန်မှာ ၁၂/ဒဂမ(နိုင်)၀၂၉၅၁၄ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြည်မင်းသိန်း၏ကုမ္ပဏီများဆိုင်ရာလိုင်စင်ရုံးမှ ထုတ်ပေးသည့် Audio Engineering Enterprise Co.,Ltd. လိုင်စင်ကတ် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၃၃၁၅၈၇၇၄**

လူမရှိဘဲ နွားနို့အိုးတည်ထားရာမှ အိမ်သုံးလုံး မီးလောင်မှု ယင်းမာပင်မြို့ (က)ရပ်ကွက်တွင် ဖြစ်ပွား

ယင်းမာပင် မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ (က) ရပ်ကွက်တွင် မတ် ၆ ရက် နံနက် ၁၀ နာရီ ခန့်က ဦးမြင့်လွင်၏နေအိမ်၌ လူမရှိဘဲ နွားနို့အိုးတည်ထားရာမှ ထရံသို့ ကူးစက်လောင်ခဲ့ရာ**(ယာပုံ)** လူနေအိမ်သုံးလုံး၊ နွားစာတဲ တစ်လုံး၊ ဆိတ်ခြံ၊ လူနေအိမ်အဖီနှင့် အတွင်းပစ္စည်းအချို့ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဦးမြင့်လွင်၏ သွပ်မိုး၊ ပျဉ်ကာ၊ ကြမ်းခင်း (၂၄ × ၁၆)ပေ နှစ်ထပ်၊ ၁၆ ပေပတ်လည် ထန်းရွက်မိုး၊ ဝါးကာ မြေစိုက်နွားစာတဲ၊ ၁၆ ပေပတ်လည်ထန်းရွက်မိုး ထရံကာ မြေစိုက်လူနေအိမ်၊ (၂၄ ×၁၆) ပေ ကပ်မိုး၊ ထရံကာမြေစိုက်လူနေအိမ်နှင့် ၁၆ ပေ ပတ်လည် ဆိတ်ခြံတစ်ခြံ၊ (၈×၂၄)ပေ သွပ်မိုးအကာအခင်းမရှိ အဖီနှင့်အတွင်းပစ္စည်းကျပ် ၄၅၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။ နံနက် ၁၀ နာရီ ၁၀ မိနစ်က လောင်သောမီးကို ယင်းမာပင်မြို့နယ်မှ မီးသတ်ယာဉ်နှစ်စီး၊ပုလဲ မြို့နယ်မှ မီးသတ်ယာဉ် တစ်စီး၊ ပုထိုးသာမှ တစ်စီး၊ မုံရွာမြို့မှ တစ်စီး၊ ဆားလင်းကြီးမြို့နယ် မိုင်းမှ တစ်စီး စုစုပေါင်း မီးသတ်ယာဉ် ခြောက်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၁ ဦး၊ အရန် ၅၀ နှင့် ဒေသခံ ၈၀ ကျော်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ကာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် အိမ်သုံးလုံးမှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမင်းစမ်းအေး၊ ယင်းမာပင်ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးကိုပေါ့ဆစွာအသုံးပြုသူ ဦးမြင့်လွင်(၄၄ နှစ်)မွေးမြူရေးလုပ်ငန်းကို ယင်းမာပင်မြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း- မျိုးဝင်းထွန်း(မုံရွာ)၊ ဓာတ်ပုံ- ထွန်းကိုကို

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံကိန်းတစ်ရပ်အဖြစ် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း သစ်ပင်တစ်သိန်းဝန်းကျင်စိုက်ပျိုးမည်

နေပြည်တော် မတ် ၆

“နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်”ဟူသော ဆောင်ပုဒ်နှင့်အညီ စီမံကိန်းများ ချမှတ်ပြီး တစ်နိုင်ငံလုံးစိမ်းလန်းစိုပြည်ရေးအတွက် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများ၌ သစ်ပင်များစိုက်ပျိုးအကောင်အထည်ဖော်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သည့်နှစ်များကမှ စတင်ပြီး တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် သစ်မာအပင် ၂၀ စိုက်ပျိုးခြင်း၊ စီးပွားဖြစ်ကျွန်းစိုက်ခင်းများ ထူထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများထူထောင်ခြင်းစသည့် စီမံချက်များဖြင့် သစ်ပင်များစိုက်ပျိုးလျက်ရှိကြသည်။

ယခုနှစ်လာမည့် မိုးရာသီတွင်လည်း သစ်ပင်များစိုက်ပျိုးကြမည်ဖြစ်ရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ဧရိယာဝန်းကျင်တွင် ယခုနှစ်မိုးရာသီ၌ ပျိုးပင်ပေါင်း တစ်သိန်းဝန်းကျင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

“ကျွန်တော်တို့ နေပြည်တော် တပ်ကုန်းမြို့နယ် ဧရိယာဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ်လာမည့် မိုးရာသီတွင် ပျိုးပင်ပေါင်း တစ်သိန်းဝန်းကျင်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပျိုးပင်တချို့တစ်ဝက်ကိုလည်း ပျိုးထောင်ထားပြီးပါပြီ။ တချို့လည်း မနှစ်က ပိုလျှံတဲ့အပင်တွေရှိပါတယ်။ ကျွန်တော်တို့လုပ်ငန်းရဲ့ စီမံချက်အတိုင်း တစ်အိမ်ထောင်ကို ကျွန်းသုံးပင်နှုန်းနဲ့ ကျေးရွာပေါင်းကိုးရွာအတွက် ကျွန်းပင်ပေါင်း ၆၀၀၀၊ ရန်ကုန်-မန္တလေး အမြန်လမ်းမဘေး၌ တစ်ပင်နှင့်တစ်ပင် ကိုးပေခြား ငါးဧကအတွက် ကျွန်းပင်ပေါင်း ၃၀၀၀၊ တစ်အိမ်ထောင်သစ်မာ အပင် ၂၀ နှုန်းနှင့် ကျေးရွာပေါင်းရှစ်ရွာအတွက် သစ်မာအပင်ပေါင်း ၃၇၁၄၀၊ ရွာပိုင်အဖြစ် တစ်ရွာတစ်ဧကနှုန်းနဲ့ ကျေးရွာပေါင်းရှစ်ရွာအတွက် ယူကလစ် အပင်ပေါင်း ၄၈၀၀၊ ဌာနဆိုင်ရာဌာနပေါင်းစုံ သစ်ပင်စိုက်ပျိုးပွဲတော်အတွက် သစ်မျိုးစုံအပင်ပေါင်း ၄၅၀၀၀၊ နေပြည်တော်-မကွေးကားလမ်းဘေးတွင် ကျွန်းအပင်ပေါင်း ၄၀၀၀ စသည်ဖြင့် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်”ဟု မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးစီးအရာရှိ ဦးမင်းဆွေက ပြောကြားသည်။

ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသလို ပြည်သူများအနေဖြင့်လည်း အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းပါဝင်ရန်လိုအပ်သည်။ ရာသီဥတုဖောက်ပြန်မှုများတွင် သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းကြောင့်လည်းတစ်ခုအပါအဝင်ဖြစ်သည်။ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံကိန်းများ အမှန်တကယ်အသက်ဝင်လာစေရန် မဆင်မခြင် သစ်ခုတ်ယူခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ ရွှေ့ပြောင်းတောင်ယာများလုပ်ကိုင်ခြင်း၊ တောမီးရှို့ခြင်းများ အမြန်ဆုံးရပ်တန့်နိုင်ရန်လိုအပ်သကဲ့သို့ သဘာဝတောတောင်များကိုလည်း ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်လှပေသည်။ **သတင်း-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်လွင်**

တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရန်အတွက် မြို့နယ်သစ်တောဦးစီးဌာန၌ ပျိုးထောင်ထားသော အပင်များကို တွေ့ရစဉ်။

ပြည်တွင်းသတင်းနှင့်ဖျော်ဖြေရေး ... ပြည်တွင်းသတင်းနှင့်ကြော်ငြာ

✳ *ကျော့ဖုံးမှ*

ရတနာပုံနှင့် မကွေး၊ အောင်ဆန်းကွင်း၌ ဧရာဝတီနှင့် နေပြည်တော်၊ သုဝဏ္ဏကွင်း၌ ဆောက်သမ်းနှင့် ချင်း၊ မတ် ၈ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ဇေယျာရွှေမြေ၊ သုဝဏ္ဏကွင်း၌ မနောမြေနှင့် ကမ္ဘောဇ တို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ရပ်တည်နေသည့် ရတနာပုံအသင်းသည်အိမ်ကွင်း၌ ဆက်လက်ကစားရမည်ဖြစ်သော်လည်း မကွေးအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဒုတိယနေရာမှ နေပြည်တော်အသင်းနှင့် ရလဒ်များမကောင်းသေးသည့် ဧရာဝတီအသင်းတို့၏ တွေ့ဆုံမှုကလည်း စိတ်ဝင်စားစရာကောင်းနေသည်။ ရလဒ်များမျှော်မှန်းသလို ဖြစ်မလာသည့် ကမ္ဘောဇအသင်းအနေဖြင့် မနောမြေကို ဘယ်လိုရင်ဆိုင်မလဲ။ တတိယနေရာမှ ဇေယျာရွှေမြေကရော ဇွဲကပင်ကို ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

ရတနာပုံ-မကွေး

ရတနာပုံအသင်းအကြောင်းပြောရလျှင် ငါးပွဲဆက်တိုက်ဂိုးသွင်းထားသည့် တိုက်စစ်မှူးဖွန်ဆီကာ၏ အကြောင်းကို မပါမဖြစ် ထည့်သွင်းရမည်ဖြစ်သည်။ ရတနာပုံသွင်းယူထားသည့် သွင်းဂိုးအားလုံးကို သွင်းယူပေးထားသည်။ ဖွန်ဆီကာကို မကွေးခံစစ် ဘယ်လိုထိန်းချုပ်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ မကွေးအသင်းကလည်း ကစားပုံတိုးတက်လာသောကြောင့် ရတနာပုံအသင်း အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။

ဧရာဝတီ-နေပြည်တော်

ဖိအားများနေသည့် ဧရာဝတီအသင်း ထပ်မံရုန်းကန်ရမည့်ပွဲဖြစ်သည်။ နေပြည်တော်အသင်း၏ ကစားပုံမှာတည်ငြိမ်လာသလို လေးပွဲဆက်တိုက် နိုင်ပွဲရရှိထားသည်။ ဧရာဝတီအသင်း၏ စုဖွဲ့မှု၊ ကစားသမားများ၏ အနေအထား၊ ခြေစွမ်းပိုင်းမှာအကောင်းဆုံးအနေအထားရှိသော်လည်း အနိုင်ရလဒ်ကံပျောက်ဆုံးနေဆဲဖြစ်သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း အနိုင်ရရန် နေပြည်တော်က ပိုသာနေပေသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းများအား
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ)

(၁)နှစ် လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်များ ရောင်းချရန်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသုံးပြုခကောက်ခံနေသော ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီးလမ်းများပေါ်ရှိ အောက်ဖော်ပြပါ လမ်းအသုံးပြုခကောက်ခံရေးစခန်း(၇)ဂိတ်နှင့် သာမန်တံတားအသုံးပြုခ ကောက်ခံရေးစခန်း(၂)ဂိတ်တို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်(၁-၄-၂၀၁၄ရက်မှ ၃၁-၃-၂၀၁၅ရက်)အထိ လမ်း/တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၁)နှစ် လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို မန္တလေးတိုင်းဒေသကြီးအတွင်းနေထိုင်သူ ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း မဲစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

ပြည်ထောင်စုလမ်းပေါ်ရှိ လမ်းဂိတ်များ

	လမ်း/တံတားဂိတ်အမည်	ခရိုင်အမည်	လမ်းအမည်	ပေးသွင်းရမည့် စိတ်ပါဝင်စားကြေး
၁။	ဟံမြင့်မိုရ်	ကျောက်ဆည်	ဟံမြင့်မိုရ်-မြို့ကြီး-ရှာင်အောင်ပန်းလမ်း	၃ သိန်း
၂။	ကျောက်ပန်းတောင်း(၁)အထွက်	မြင်းခြံ	ရန်ကုန်-ပြည်-မန္တလေးလမ်း	၁ သိန်း
၃။	ရန်အောင်	ရမည်းသင်း	ပျော်ဘွယ်-ရန်အောင်ရွာတော်-နတ်မောက်လမ်း	၄ သိန်း
၄။	မိုးကုတ်(ကျောက်ဖား)	ပြင်ဦးလွင်	မန္တလေး-မတ္တရာ-လက်ပန်လှ-ဝါးဖြူတောင်-မိုးကုတ်လမ်း	၁ သိန်း
၅။	၇မိုင်လမ်းဆုံ	ပြင်ဦးလွင်	သပိတ်ကျင်း-တကောင်းလမ်း	၁ သိန်း
၆။	မြစ်သားဂိတ်	ကျောက်ဆည်	မြင်းခြံ-မြစ်သား-ရေဝန်းလမ်း	၂ သိန်း
တိုင်းဒေသကြီးလမ်းပေါ်ရှိ လမ်းဂိတ်များ				
၇။	စဥ့်ကူ	ညောင်ဦး	ချောက်-စဥ့်ကူ-ပုဂံလမ်း	၁ သိန်း
ပြည်ထောင်စုလမ်းပေါ်ရှိ တံတားဂိတ်				
၈။	စမုံပေါက်	ကျောက်ဆည်	မြင်းခြံ-မြစ်သား-ရေဝန်းလမ်း	၁ သိန်း
တိုင်းဒေသကြီးလမ်းပေါ်ရှိ တံတားဂိတ်				
၉။	ကြောင်ပန်းကုံး	ကျောက်ဆည်	ကျောက်ဆည်-တံတားဦးလမ်း	၁ သိန်း

၃။ **လေလံလျှောက်လွှာ ထုတ်ယူရရှိနိုင်မည့်နေရာ**
အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ လမ်း ၃၀၊ ၇၀×၇၁ လမ်းကြား၊ ဗထူးကွင်းတောင်ဘက်။

၄။ **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**
အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၅။ **လေလံဆွဲဝယ်ခွင့်လျှောက်လွှာစတင်လက်ခံမည့် ရက်၊ အချိန်**
၇-၃-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီ

၆။ **လေလံတင်သွင်းရန်နောက်ဆုံးအချိန်**
၁၆-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီ

၇။ **လေလံတင်ရောင်းချမည့်ရက်**
၁၈-၃-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၈။ **လေလံတင်ရောင်းချမည့်နေရာ**
အင်ဂျင်နီယာမှူးကြီးရုံးအစည်းအဝေးခန်းမ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ လမ်း ၃၀၊ ၇၀×၇၁ လမ်းကြား၊ ဗထူးကွင်းတောင်ဘက်။

၉။ ဂိတ်တစ်ခုချင်းအလိုက် လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာ၊ လေလံလျှောက်လွှာတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို လျှောက်လွှာထုတ်ယူနိုင်သည့်ရုံးတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ (၁) အထက်ဖော်ပြပါ လမ်း/တံတားဂိတ်များ၏ လမ်း/တံတားအသုံးပြုခကောက်ခံရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် မိုင်အကွာအဝေးအလိုက် နှုန်းထားများဖြင့်သာကောက်ခံရန်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်သူ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များကိုသာ မဲစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။ လေလံလုပ်ကိုင်ခွင့်ပေးအပ်ပွဲသို့ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။

(၂) ပေးသွင်းရမည့် စိတ်ပါဝင်စားကြေးများကို မဲစနစ်ဖြင့် လေလံဆွဲယှဉ်ပြိုင်သူများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။ အဆိုပါ စိတ်ပါဝင်စားကြေးများကို မန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)ရှိ (လမ်းတံတားအသုံးပြု၊ ကောက်ခံခွင့်လုပ်ငန်းလေလံပွဲ၌ စိတ်ပါဝင်စားသူများ၏ လေလံစိတ်ဝင်စားကြေးငွေစာရင်း) ငွေစာရင်းအမှတ် CF-001617သို့ ပေးသွင်းရမည်ဖြစ်ပြီး၊ ငွေသွင်းချလန်မူရင်း လာရောက်တင်ပြမှသာလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာများအား ထုတ်ပေးမည်ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလိုင်စင်
လေလံတင်ရောင်းချရေးကြီးကြပ်မှုကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒုတိယအကြိမ် အညာဆန်ပန်းချီခရီးသည်များ ပန်းချီပြပွဲကျင်းပ

ရန်ကုန် မတ် ၆

ရေနံမြေပန်းချီ ဆရာများဖြစ်ကြသည့် မောင်ကျော်ညွန့်၊ ထွန်းကျော်၊ ဝင်းကြည်၊ ကျော်စွာသန့်၊ ဝင်းသော်၊ မြတ်ကျော်ခေါင်၊သန်းစိုးနှင့် လှထွဏ်းအောင်စသည့် ပန်းချီဆရာရှစ်ဦးတို့ ရေနံချောင်း၊ ပုဂံ၊ ပုပ္ပား၊ စလေစသည့် မြေလတ်ဒေသသို့ ကွင်းဆင်းသွားရောက်၍ အညာရှုခင်းမြင်ကွင်းအလှ၊ သမိုင်းအမွေအနှစ် ယဉ်ကျေးမှုအနုပညာများ တစ်လကျော် အချိန်ယူရေးဆွဲခဲ့သော ဒုတိယအကြိမ်အညာဆန်ပန်းချီခရီးသည်များ၏ ပန်းချီပြပွဲကို မတ် ၁ ရက်မှ ၅ ရက်အထိ အမှတ် ၃၀၇ ဗိုလ်ဆွန်ပက် (အထက်လမ်း) ပန်းဘဲတန်းမြို့နယ် Artists Art Exhibition အနုပညာခန်းမ၌ ကျင်းပခဲ့သည်။

ပန်းချီဆရာရှစ်ဦးတို့ ဒေသဝန်းကျင် ခံစားချက်အလေးပေး၍ ရေးဆွဲထားသော ရေဆေး၊ ဆီဆေး၊ အခရိုင် လစ်ပန်းချီကားများ ပြသခဲ့ကြောင်း သိရသည်။ **စိန်ရွှေလှိုင်**

မြို့ပြလမ်းများနှင့် စည်ပင်သာယာရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဆိပ်ဖြူ မတ် ၆

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် မတ် ၅ ရက် မွန်းတည့် ၁၂ နာရီက ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးရုံးတွင် မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပြလမ်းလုပ်ငန်းများဖြစ်သည့် ပန်းခြံလမ်း၊ ကျောက်ချော မြေနီလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုနှင့် ပညာရေးမှူးရုံးလမ်း ကျောက်ချော မြေနီလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုတို့ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ရှိ ပန်းခြံကျောက်ချော မြေနီလမ်းမှာ ပေ ၇၀၀ × ၁၂ × ၁၀ ဒသမ ၅ လက်မလမ်းဖြစ်ပြီး ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၆၅ ဒသမ ၇ သိန်း၊ အနောက်ပိုင်းရပ်ကွက် ပညာရေးမှူးရုံးလမ်းမှာ ပေ ၁၁၀၀ ×၁၂ ×၁၀ ဒသမ ၅ လက်မ မြေနီကျောက်ချောလမ်းသည် ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၃၀၃ ဒသမ ၃ သိန်း အကုန်အကျခံ ခင်းပေးခဲ့သည်။

သွားလာနိုင်မည်

ပန်းခြံလမ်းသည် အလယ်ပိုင်းရပ်ကွက်၊ မာလာမြိုင်ရပ်ကွက်နေပြည်သူများ ရာသီမရွေး သွားလာနိုင်ပြီး အနောက်ပိုင်းရပ်ကွက် ပညာရေးမှူးရုံးလမ်းသည် ရပ်ကွက်နေပြည်သူများနှင့် ဆိပ်ဖြူမြို့ အထက်တန်းကျောင်းတွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အမှတ်(၇၀) မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ကျောင်းသွား ကျောင်းပြန် ရာသီမရွေးသွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၃၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၂၈၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၃၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၀. ၉၀	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၂-၁၅. ၇၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၆၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၇၀၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၇၅-၅၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၇၅၀-၁၇၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၆၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၈၀၀-၂၉၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၆၀၀-၄၈၀၀
၁၂။ သကြား	တစ်ပိဿာ	၈၆၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မန္တလေး အဖေနေ့အထိမ်းအမှတ် ကျင်းပမည်

မန္တလေး မတ် ၆

ဆဋ္ဌမအကြိမ်မြောက် မန္တလေး အဖေနေ့အထိမ်းအမှတ် အခမ်းအနားကို မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ပရိယတ္တိသာသနာ့အသင်းကြီး သာသနာ့ဗိမာန် (ဦးလှသိန်းဗိမာန်)၌ ကျင်းပမည်ဖြစ်သည်။

မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် အလွတ်တန်း ကဗျာရှည်ပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ပြီး အဖေနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကိုလည်း ကျင်းပမည်ဖြစ်ရာ ဟောပြောမည့် ပုဂ္ဂိုလ်များမှာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ စာရေးဆရာ သိုက်ထွန်းသက်၊ စာရေးဆရာ ဇော်ခိုင်ဦးတို့က အဖေနှင့်ပတ်သက်၍ ဂုဏ်ပြုဟောပြောကြမည် ဖြစ်သည်။ မိဘခြေရာခံယူပွဲကို မတ် ၁၀ ရက်မှ ၁၄ ရက်အထိ သာသနာ့ဗိမာန်၌ မိဘခြေရာခံယူပေးမည်ဖြစ်သည်။

ဆုရရှိသူများသည် မတ် ၁၅ ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ သာသနာ့ဗိမာန်၌ ဆုချီးမြှင့်ပွဲကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်း-တံတား အသုံးပြုခ လေလံလုပ်ကိုင်ခွင့် မဲစနစ်ဖြင့် လေလံတင်ရောင်းချရန် ကြော်ငြာ

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ လမ်း၊ တံတား အသုံးပြုကောက်ခံရေးစခန်းများ၏ ၁-၄-၂၀၁၄ရက်မှ ၃၁-၃-၂၀၁၅ရက်အထိ တစ်နှစ်လေလံ လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်များကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း လေလံ(မဲစနစ်)ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံရောင်းချမည့် လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များ**

စဉ်	ခရိုင်	ဂိတ်အမည်	လမ်းအပိုင်း
၁။	ကော့ကရိတ်	ကော့ကရိတ်ဂိတ်(ဝင်/ထွက်)	အိန္ဒူ-ကော့ကရိတ်-မြဝတီလမ်း
၂။	ဘားအံ	ဘားအံ(လှိုင်းဘွဲ့)ဂိတ်	ဘားအံ-လှိုင်းဘွဲ့လမ်း

(ခ) **လေလံရောင်းချမည့် တံတားအသုံးပြုခ ကောက်ခံရေးဂိတ်များ**

စဉ်	ခရိုင်	ဂိတ်အမည်	လမ်းအပိုင်း
၁။	ကော့ကရိတ်	လှိုင်ဝတံတား	ဘားအံ-ကော့ကရိတ်-မြဝတီလမ်း
၂။	ကော့ကရိတ်	သဃ်န်းညီနောင်တံတား	ဘားအံ-ကော့ကရိတ်-မြဝတီလမ်း
၃။	ကော့ကရိတ်	မဲကနယ်တံတား	ဘားအံ-ကော့ကရိတ်-မြဝတီလမ်း

(ဂ) လေလံလျှောက်လွှာစတင်ဝယ်ယူနိုင်သည့်နေ့ရက်၊ နေရာ
၇-၃-၂၀၁၄ရက်
ကရင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ဘားအံမြို့

(ဃ) လေလံလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးနေ့ရက်၊ အချိန်၊ နေရာ
၁၄-၃-၂၀၁၄ရက်၊ ညနေ ၄း၃၀နာရီ
ကရင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ဘားအံမြို့

(င) လေလံဖွင့်လှစ်မည့်နေ့ရက်၊ အချိန်၊ နေရာ
၁၅-၃-၂၀၁၄ရက် နံနက် ၉း၀၀နာရီ
ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၊ ဘားအံမြို့

မှတ်ချက်။ လေလံလုပ်ကိုင်ခွင့်ပေးသည့်စနစ်နှင့် လေလံစည်းကမ်းချက်များကို ကရင်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၅၈-၂၁၀၁၅တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

လမ်း-တံတား အသုံးပြုခလေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့
ကရင်ပြည်နယ်၊ ဘားအံမြို့

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ယာဉ်စက်၊ ယန္တရားအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်၊ မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီများမှ လိုအပ်လျက်ရှိသော အောက်ပါယာဉ်စက်ယန္တရားများအား ဝယ်ယူလိုပါသည်။

စဉ်	ယာဉ်အမည်	အရေအတွက်	အမျိုးအစား
(က)	လမ်းကြိတ်စက်	၅ စီး	3 wheel 8 ton-10 ton 2 wheel 8 ton-10 ton
(ခ)	အမှိုက်သိမ်းယာဉ် Truck	၇ စီး	အင်ဂျင်မြင်းကောင်ရေ(115မှ130) ကုန်တန်ချိန်(၁၀တန်မှ ၁၄ တန်)
(ဂ)	ထော်လာဂျီတစ်ပါ	၅ စီး	တစ်လုံးထိုးအင်ဂျင်မြင်းကောင်ရေ ၃၃ ကောင်
(ဃ)	ကျောက်ခွဲစက်	၁ စီး	Mobile (အကြီး)
(င)	မိလ္လာယာဉ်	၂ စီး	770 gal Vaccum Pump Truck

၂။ ယာဉ်စက်၊ ယန္တရားများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ ယာဉ်စက်၊ယန္တရားများထုတ်လုပ်သည့် နိုင်ငံ၊ အမည်၊ ယာဉ်စက်၊ ယန္တရားဈေးနှုန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty)ပေးဆောင်ပြီးကြောင်းထောက်ခံချက်၊ ယာဉ်စက်၊ ယန္တရားဆိုင်ရာအသေးစိတ် အချက်အလက်များ၊ ပုံစံများ၊ ကုမ္ပဏီ Profile များ၊ ယာဉ်များအတွက် လိုင်စင်အထောက်အထားများနှင့်အတူ လျှောက်ထားရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူနိုင်မည့်နေ့ရက်** - ၁၀-၃-၂၀၁၄ ရက်(တနင်္လာနေ့)
အချိန်၊ နာရီ - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်** - ၁၇-၃-၂၀၁၄ ရက် (တနင်္လာနေ့)
အချိန်၊ နာရီ - နံနက် ၉း၃၀နာရီမှညနေ၄း၃၀နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

ယာဉ်စက်၊ယန္တရားဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (with Holding Tax)ကို ခုနှိမ်ပြီး ကျန်ငွေအားအရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအားသိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းသူကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ညိုညိုစမ်း၏သမီး မအိမ့်ထက်မြတ်ခြူး(ခ)အိသွယ် ၁၂/ဥကမ(နိုင်)၂၃၉၈၃၂ သည် မိခင်၏ပြောဆိုဆုံးမမှုကို လုံးဝနာခံလိုက်နာခြင်းမရှိသည့်အတွက် ၎င်းအား သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဒေါ်ညိုညိုစမ်း ၁၂/ဥကမ(နိုင်)၁၀၀၃၆၀

ငှားမည်

65' × 75'
ဆယ်မိုင်၊ ဈေးလမ်း
ရေ၊ မီးပါ
ဖုန်း-၀၉-၅၁၇၆၅၇၃၊
၀၉-၅၁၇၆၅၇၅

ပြည်တွင်း ပြည်ပသတင်းနှင့် ကြော်ငြာ

မလေးရှားတွင် ရဲတပ်ဖွဲ့ဝင်များအား လုပ်ကြံမှုဖြစ်ပွားရာအနီး ဖမ်းဆီးမှုများပြုလုပ်

ကလန်း မတ် ၆

မလေးရှားနိုင်ငံ ဆလန်ဂေါ ပြည်နယ် ကလန်းမြို့နယ်အတွင်းရှိ လမ်းသွယ်တစ်ခုဖြစ်သော Lorong Yusuf Shahbudin 44D အိမ်ရာဝင်းအတွင်း မတ် ၄ ရက် အင်္ဂါနေ့ နံနက် ၄ နာရီခွဲက ကင်းလှည့်တာဝန် ဆောင်ရွက်လျက်ရှိနေကြသည့် ရဲတပ်ဖွဲ့ဝင်များအား လုပ်ကြံမှုကြောင့် အဆိုပါရက် ညပိုင်းမှစတင်ကာ နိုင်ငံခြားသားများအား ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားသားနေအိမ်များသို့ ရှောင်တခင်စစ်ဆေးမှုပြုလုပ်လျက်ရှိနေပြီဖြစ်ကြောင်းကို နိုင်ငံပိုင်သတင်းဌာနများတွင် မတ် ၅ ရက်က ဖော်ပြလိုက်ကြောင်းကို မလေးရှားရောက် မြန်မာအသိုင်းအဝိုင်းမှ ဆက်သွယ်ပြောကြားပြီး ဆလန်ဂေါ ပြည်နယ် ကလန်းမြို့နယ်အတွင်းရှိ နိုင်ငံခြားသားနေအိမ်များသို့ ရှောင်တခင်စစ်ဆေးမှု ပြုလုပ်ခဲ့ရာတွင် အသက် ၃၀ နှင့် ၄၀ နှစ်အတွင်းရှိ နိုင်ငံခြားသား ၃၈ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်းလည်း သိရသည်။

မလေးရှား သတင်းဌာနများ၏ ဖော်ပြချက်အရ ကလန်းခရိုင် ဒုတိယရဲမှူးကြီး Goh Lee Fook က ပြောကြားရာတွင် ပါမစ်မရှိသောသူများသည် ဥပဒေကျူးလွန်ပါက မည်သည့်လက်ဗွေမှ မရှိသည့်အတွက် ဖမ်းဆီးရန်ခက်ခဲကြောင်း၊ ယခုစစ်ဆင်ခြင်းသည် မတ် ၄ ရက် အင်္ဂါနေ့ နံနက် ၄ နာရီခွဲက မလေးရှားရဲတပ်သားတပ်ကြပ်တစ်ဦးအား သတ်ဖြတ်ခဲ့သော ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရန်ဖြစ်ကြောင်းလည်း သိရသည်။

ဆက်လက်၍ "မတ် ၃ ရက် ည ၁၀ နာရီက ဖမ်းဆီးစစ်ဆင်ရေးအတွင်း နိုင်ငံခြားသားဦးရေ ၁၂၀ နေထိုင်ကြတဲ့ အိမ်တွေကို စစ်ဆေးတော့ ၃၈ ဦးက ဘာအထောက်အထားပါမစ်မှ မရှိတဲ့သူတွေဖြစ်တဲ့အတွက် ဖမ်းဆီးလိုက်ပါတယ်။ အဲ့ဒီအထဲမှာ အင်ဒိုနီးရှား၊ မြန်မာ၊ နီပေါနဲ့ ထိုင်းနိုင်ငံသားတွေပါပြီးတော့ သူတို့အထဲမှာ အမျိုးသမီးကိုးဦးပါတယ်" ဟု ကလန်းခရိုင် ဒုတိယရဲမှူးကြီး Goh Lee Fook က ပြောကြားခဲ့သည်။

ထို့အပြင် ည ၁၀ နာရီက ဖမ်းဆီးစစ်ဆင်မှုများပြုလုပ်ခဲ့သော တမန်ဆင်န်တိုစာ (Taman sentosa) အပြင်၊ ပရင်းဆက်စီးတီး အပါအဝင် အခင်းဖြစ်ပွားနေရာအနီး နေရာခုနစ်နေရာ၊ ဘူကစ်အင်ဒါ့နှင့် ကန်ပုံဂျာဝါးဒေသတို့တွင်လည်း စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်းဖြင့် ဆက်လက်ပြောကြားခဲ့သည်။ **စိုးဝင်း(SP)**

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

တာချီလိတ် မတ် ၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ မတ် ၅ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ ရဲအုပ်ကျော်သူ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းကိုးဘက်မှ တာချီလိတ်ဘက်သို့ ယာဉ်မောင်း ဦးနိုင်ဝင်း မောင်းနှင်လာသည့် ၈ဏ/. . . လိုက်ထရပ်အမျိုးအစား အဖြူရောင်ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ အားဂျူး လက်တွင် ကိုင်ဆောင်ထားသည့် အနွေးထည်အင်္ကျီ ဝဲဘက်အိတ်ကပ်အတွင်း အဖြူရောင်ပလတ်စတစ်ဘူးဖြင့်ထည့်ထားပြီး အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၃၂ ပြား အလေးချိန် ၃ ဒသမ ၂ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၈၀၀၀၀ ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အမှုမှ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ အားဂျူး(၃၅ နှစ်) ရန်ကင်း(၁)ကျေးရွာ နားယောင်းအုပ်စု တာလေမြို့နယ်ခွဲနေသူအား တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

တရားမဝင်သယ်ဆောင်လာသော ရေနံစိမ်းကား ဖမ်းမိ

နတ်မောက် မတ် ၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် မတ် ၃ ရက် ည ၇ နာရီ ၁၅ မိနစ်က စခန်းမှူး ဒုတိယရဲမှူး မောင်ကို၏ တာဝန်ပေးချက်အရ ဒုရဲအုပ်တင်မောင်ထွန်းနှင့် အဖွဲ့သည် နတ်မောက်မြို့သို့ မကွေးမြို့ဘက်မှ မောင်းနှင်လာသော ယာဉ်နံပါတ် ၈စ/. . . ယာဉ်မောင်း အောင်ဇော်မိုး မောင်းနှင်ပြီး ယာဉ်နောက်လိုက် မျိုးမင်းသိန်း၊ ဖိုးဖြူ(ခ)နေသူရထွန်းတို့ကိုစစ်ဆေးခဲ့ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရေနံစိမ်းသယ်ယူခွင့်ပြုသည့် မိတ္တူပါရှိပြီး မူရင်းစာရွက်မပါရှိခြင်း၊ ယာဉ်မောင်း ဦးအောင်စိုးဟုပါရှိသော်လည်း ယာဉ်ပေါ်တွင်မပါရှိခြင်း၊ ယာဉ်အမှတ် ၈စ/. . . နံပါတ်ပြား တပ်ဆင်ထားသော်လည်း ယာဉ်နံပါတ် အမှန်မှာ ၉ဂ/. . . ဖြစ်နေခြင်း၊ သယ်ယူခွင့်ပြုသည်မှာ ပီပါအလုံး ၅၀ ဖြစ်သော်လည်း ရေနံစိမ်း ဂါလန်အရေအတွက်မှာ ခန့်မှန်းဂါလန် ၃၀၀၀ ဖြစ်၍ သယ်ယူခွင့်ပြုသော လမ်းကြောင်းမှာ စမ်း(ကံ)မင်းလှ-မကွေး-ရေနံချောင်း-ငွေးချို-ပခုက္ကူ-မုံရွာလမ်းအတိုင်း သယ်ဆောင်မှုမရှိ၍ မကွေး-နတ်မောက်လမ်းကြောင်းအတိုင်း သယ်ယူလာခြင်း၊ ဖေဖော်ဝါရီ ၄ ရက်က သယ်ယူခွင့်ပြုထားသော်လည်း မတ် ၃ ရက်တွင် သယ်ယူလာခြင်းကို စစ်ဆေးတွေ့ရှိရသဖြင့် နတ်မောက်မြို့မရဲစခန်းမှ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် ရေနံစိမ်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်လာသောကြောင့် ယာဉ်မောင်းသူ အောင်ဇော်မိုး (၄၁ နှစ်) အောင်မင်္ဂလာရပ် ကျောက်ပန်းတောင်းမြို့၊ ယာဉ်နောက်လိုက် မျိုးမင်းသိန်း (၃၅ နှစ်) အောင်မင်္ဂလာရပ် ကျောက်ပန်းတောင်းမြို့၊ ဖိုးဖြူ(ခ)နေသူရထွန်း (၁၈ နှစ်) မယ်ဇလီတောရွာ မင်းလှမြို့နယ်နေသူတို့ကို အမှုဖွင့်၍ အမြန်ဆုံး တရားစွဲတင်နိုင်ရေးအတွက် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှဝင်း(iprd)

အမျိုးသမီးတစ်ဦး နေအိမ်ဝရန်တာမှ ပြုတ်ကျသေဆုံး

ရန်ကုန် မတ် ၆

ပုဇွန်တောင်မြို့နယ်အတွင်း နေအိမ်ဝရန်တာမှ ပြုတ်ကျသေဆုံးခဲ့ရသော ဖြစ်စဉ် ဖေဖော်ဝါရီ ၅ ရက် နံနက်အစောပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက် နံနက် ၂ နာရီ မိနစ် ၅၀ က ပုဇွန်တောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရန်ကုန်ဆေးရုံကြီးတွင် နေအိမ်ဝရန်တာမှ ပြုတ်ကျသဖြင့် အမျိုးသမီးတစ်ဦးသေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးကြရာ သေဆုံးသူမှာ ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက်နေ မရွှေဇင်ဦး (၂၃ နှစ်) ဖြစ်ပြီး ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိရသဖြင့် ဖြစ်စဉ်ကို စုံစမ်းရာ သေဆုံးသူသည် အဆိုပါ နံနက် ၂ နာရီက မိခင်ဖြစ်သူ မကျန်းမာသဖြင့် မိခင်နှင့်ဖခင်တို့နှစ်ဦးတို့အား ဆေးခန်းသို့သွားရောက်ပြသပြီး ပြန်လာသည်ကို ညီမဖြစ်သူနှင့်အတူ ပထမထပ်ရှိ နေအိမ်ရှေ့ဝရန်တာမှ စောင့်ဆိုင်းနေစဉ် ပြုတ်ကျသွားခဲ့ကာ ဒဏ်ရာများရရှိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် သေဆုံးမှုနှင့်ပတ်သက်၍ ပုဇွန်တောင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

မိုးကြိုးပစ်ချောင်းအတွင်း သေဆုံးသူတစ်ဦးတွေ့ရှိ

ကန့်ဘလူ မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မိုးကြိုးပစ်ချောင်းအတွင်းတွင် မတ် ၁ရက် ညနေ ၃ နာရီခန့်က ပက်လက်လန်အနေအထားဖြင့် သေဆုံးနေသူတစ်ဦး တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟင်သော်ကျေးရွာအပိုင် ရွှေဘို-မြစ်ကြီးနားကားလမ်း (၇၃) မိုင် ၅ ဖာလုံအနီး လမ်းအနောက်ဘက် နှစ်ဖာလုံခန့်အကွာ မိုးကြိုးပစ်ချောင်းအတွင်း လူတစ်ဦးသေဆုံးနေကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ဟင်သော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်တင့်၊ ဦးမောင်ရွှေတို့နှင့် အတူ သွားရောက်၍ သေဆုံးသူကို စစ်ဆေးရာ မိုးကြိုးပစ်ချောင်းအတွင်း ပက်လက်လန်အနေအထားဖြင့် ခန္ဓာကိုယ်ပြင်ပတွင် ပွန်းပဲ့ပေါက်ပြဲဒဏ်ရာမရှိဘဲ သေဆုံးနေသူကို တွေ့ရှိရာ ၎င်းသေဆုံးသူမှာ မိုးညို(၄၅ နှစ်) ဒီပဲယင်း မြို့နယ် မူးကမ်းကြီးကျေးရွာဇာတိဖြစ်ပြီး ကျပန်းလုပ်ကိုင်သူဖြစ်ကြောင်း သိရသည်။ ယင်းသေဆုံးသူကို ကန့်ဘလူဆေးရုံသို့ပို့အပ်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ်စစ်ဆေးရန် ကန့်ဘလူမြို့မရဲစခန်းတွင် သေမှုသေခင်းဖွင့်လှစ်စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နေအိမ်မှ ငွေကျပ် သိန်း ၈၀ လုယက်မှုဖြစ်ပွား

ကျောက်တန်း မတ် ၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရဲစခန်းဝင်းအနီး မင်းကျောင်းလမ်း အမှတ် (၈) ဦးတင်ထွန်း-ဒေါ်ဆန်းဝင်းတို့၏နေအိမ်တွင် မတ် ၄ ရက် နံနက် ၇ နာရီခွဲက ဦးတင်ထွန်း လမ်းလျှောက်ထွက်စဉ် နေအိမ်တွင် ကျန်ရှိသူ ဇနီးဒေါ်ဆန်းဝင်း (၅၆ နှစ်)သည် မီးဖိုခန်း၌ထမင်း၊ ဟင်းချက်ရန် စီစဉ်နေစဉ် အရုပ်မျက်နှာဖုံးစွပ် လူတစ်ဦးဝင်လာပြီး ဒေါ်ဆန်းဝင်း၏ ဦးခေါင်းကို အဝတ်ဖြင့်အုပ်လျက် မအော်နိုင်ရန် ပါးစပ်တွင်းသို့ အဝတ်ဆို့ပြီး ခြေနှင့်လက်တို့ကိုပါ ကြိုးနှင့်တုပ်နှောင်ထားခဲ့သည်။ ထို့နောက် အိမ်ရှေ့ဗီရိုအတွင်းမှ ငွေကျပ်သိန်း ၈၀ ကို ယူငင်ထွက်သွားကြောင်း ရဲစခန်းသို့တိုင်ကြားသဖြင့် ကျောက်တန်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၁၉)**

မင်းထင်ကိုကိုကြီးသို့
(၂၇) နှစ်မြောက် လက်ထပ်မင်္ဂလာဆုမွန်စကား

ဘဝရဲ့ အဆိုး၊အကောင်းအားလုံးကို အတူတကွ လက်တွဲဖြတ်သန်းခဲ့ကြတာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ၇ရက်မှာ (၂၇)နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ရှေ့ဆက်ပြီးတော့လည်း အဆိုး၊အကောင်းအားလုံးကို ဘဝဆုံးတိုင် အတူတကွ လက်တွဲရင်ဆိုင် သွားကြမယ်လို့ (၂၇)နှစ်မြောက် လက်ထပ်မင်္ဂလာ အမှတ်တရစကား ပြောလိုက်ပါရစေ။

ထား

CLAIMS DAY NOTICE
M.V NOCC PAMPLONA VOY:No.(V.22)

Consignees of cargo carried by M.V NOCC PAMPLONA VOY:No.(V.22) are here by notified that the vessel will arrive on about 09-03-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

GOLDEN STAR

ကျိုက်ထီးရိုး/ချောင်းသာ(ငွေဆောင်)
ရွှေစက်တော်/ငွေဆောင်(သောကြာ)

Ph:209200, 430400, 544383, 703449, 09-5045000

သမဝါယမဝန်ကြီးဌာန
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်)နှင့်သမဝါယမကောလိပ်(ဖောင်ကြီး)တို့တွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်နှင့် ပစ္စည်းဝယ်ယူရေးအတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

(က) သမဝါယမတက္ကသိုလ်(သန်လျင်)တွင် 315 KVA ထရန်စဖော်မာဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း၊ WiFi System Up Grading/Fiber Cabling ဆက်သွယ်မှုလုပ်ငန်း၊ အစည်းအဝေးခန်းမသုံး ကျွန်းစားပွဲရှည်နှင့် ကုလားထိုင်များ၊ ကျွန်းဗီရိုများ ဝယ်ယူခြင်း၊ အစည်းအဝေးခန်းမ ကော်ဇောခင်းခြင်းလုပ်ငန်း၊

(ခ) သမဝါယမကောလိပ်(ဖောင်ကြီး)တွင် Language Lab ဆောင်ရွက်မှုလုပ်ငန်း၊

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၃-၂၀၁၄ ရက်မှ ၁၄-၃-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအထိ ရုံးဖွင့်ရက်အတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၃-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီမှ ၁၃း၀၀ နာရီအတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင် များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော် လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

သမဝါယမဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ်(၁၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၀၂၄၊ ၀၆၇-၄၁၀၀၄၀

ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးဝင် (ဘ)ဦးဝင်းထိန်၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ၄၉၈၁၂၅ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၀၉-၂၅၄၁၀၇၀၅၇**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်)ရုံး အဆောက်အအုံအား ပလတ်စတစ်ပိန့်(ရေဆေး)နှင့် တံခါးကျည်းပေါင်များအား ဆီဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်အသေးစိတ်အချက်အလက်များကို ၇-၃-၂၀၁၄ ရက်မှ ၁၁-၃-၂၀၁၄ ရက်အထိ နေ့စဉ် ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၃-၂၀၁၄ ရက် ၁၄း၀၀နာရီမတိုင်မီအတွင်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်)ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်)ရုံး ဖုန်း-၀၁-၃၉၂၂၂၆၊ ၀၁-၃၉၂၂၂၅တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်
အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဟန်မင်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် ၁၂/စခန(နိုင်) ၀၇၄၀၄၅၊ ကျောင်းသားကတ်နှင့် ယာဉ်မောင်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၂၄၂၅၂၊ ၀၉-၆၄၅၀၄၈၃**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေကွက်ကြီးအမှတ် ၉၀၊ ကနောင်မင်းသားလမ်း၊ ခြံအမှတ် ၁၆၁၁ ဟု ခေါ်တွင်သော မြေကွက်သည် မြို့နယ်မြေစာရင်းတွင် ဦးခင်မောင်သန်း အမည်ဖြင့် ပေါ်ပေါက်နေသော မြေကွက်အား လွှဲပြောင်းပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်မြင့် ၁၃/တယန(နိုင်)၀၂၉၃၁၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ပေးစာချုပ် ချုပ်ဆိုထားပါသည်။ ပိုင်ရေးပိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းစိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၃၈၀၃)
အခန်း ၀၀၈၊ တိုက် F4၊ရွှေခင်းသာအဆင့်မြင့်အိမ်ရာ၊ သာကေတမြို့နယ်၊
ဖုန်း-၀၉-၇၃၁၃၄၀၇၇၊ ၀၁-၅၅၃၁၈၈(Ext -၃၆၁)

နိုင်ငံတကာအားကစား

ရင်မောရဦးမယ့်မန်ယူ၊ ပူပင်ရဦးမယ့်ချယ်လ်ဆီး

ပရီမီယာလိဂ်ပွဲစဉ် (၂၉)ရဲ့ ဒီတစ်ပတ်မှာ ပွဲတွေကျပ်နေတာမို့ ပွဲစဉ်ငါးပွဲသာ ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။ မတ် ၈ ရက်ကစားမယ့် ဒီပွဲစဉ်မှာ မန်ယူက အဝေးကွင်းမှာ ဝက်စ်ဘရွန်းနဲ့ကစားရမှာဖြစ်ပြီး နိုင်ပွဲရယူနိုင်မလားဆိုတာ ရင်ခုန်စရာဖြစ်နေပါတယ်။ ချယ်လ်ဆီးနဲ့ စပါးတို့ပွဲစဉ်ကတော့ ဒီတစ်ပတ်ငါးပွဲမှာ အကြိုက်ဆုံးပွဲအဖြစ် ရှုစားကြရဦးမှာပါပဲ။

ဝက်စ်ဘရွန်းနှင့် မန်ယူ

အိမ်ကွင်းမာကျောတဲ့ ဝက်စ်ဘရွန်းကို မန်ယူတို့ဘယ်လိုအခင်းအကျင်းနဲ့ ရင်ဆိုင်မယ်ဆိုတာ ရင်ပူစရာတော့ ကောင်းနေပါတယ်။ ဝက်စ်ဘရွန်းဟာ အိမ်ကွင်းမှာ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ လီဗာပူးတို့ကို သရေပွဲရအောင်ကစားထားနိုင်လို့ဒီပွဲမှာ မန်ယူပရိသတ်တွေ ရင်မောစရာ ကောင်းနေတာတော့ အမှန်ပါပဲ။ သံသယဖြစ်စရာကောင်းတဲ့ မန်ယူရဲ့ခြေစွမ်းဟာ ဒီပွဲမှာ စိုးရိမ်စရာဖြစ်နေပြီး အမှတ်ပြည့်ရဖို့ဆိုတာ သေချာတဲ့အနေအထားမရှိတာမို့ အိမ်ရှင် ဝက်စ်ဘရွန်းဘက်က အားပေးရင် စိတ်သက်သာမယ့် အနေအထား ဖြစ်ပါတယ်။

ချယ်လ်ဆီးနှင့် စပါး

အိမ်ကွင်းမှာ ခြေစွမ်းထက်နေတဲ့ ချယ်လ်ဆီးနဲ့ အဝေးကွင်းမှာ ရလဒ်ကောင်းအောင် အားထုတ်နိုင်တဲ့ စပါးတို့ဟာ ဒီပွဲမှာ အကြိတ်အနယ်နွှဲကြပါလိမ့်မယ်။ ချယ်လ်ဆီးဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် တစ်ပွဲမှမရှုံးသေးပါဘူး။ စပါးတို့ကတော့ ခြေစွမ်း အတက်အကျရှိနေပြီး ရလဒ်ကောင်းအောင် ကြိုးစားနေရတာဆိုပေမယ့် ချယ်လ်ဆီးကွင်းမှာ သရေပွဲဖြစ်အောင် ကစားနိုင်တဲ့ မှတ်တမ်းတွေ ရှိနေပါတယ်။ ချယ်လ်ဆီးတို့ အမာခံကစားသမားတွေထုတ်သုံးပြီး အလေးအနက်ကစားမှ အမှတ်ပြည့်ရနိုင်မှာပါ။

ကာဒစ်နှင့် ဖူလ်ဟမ်

တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့အသင်းတွေဖြစ်ပေမယ့် ခြေစွမ်းကအားရစရာတော့မရှိပါဘူး။ ဒါပေမယ့် ခြေရည်တူနေပြီး ရပ်တည်မှုမကွာတဲ့ ဒီနှစ်သင်းရဲ့ပွဲကတော့ ကြည့်ကောင်းပါလိမ့်မယ်။ အိမ်ရှင် ကာဒစ်တို့က တိုက်စစ်ပိုင်း အားနည်းချက်ရှိနေပြီး ဂိုးမသွင်းနိုင်တဲ့ပွဲတွေလည်း များပါတယ်။ ဖူလ်ဟမ်ကလည်း ခံစစ်ပိုင်းအမှားအယွင်းများတာမို့ အခု ယှဉ်ပြိုင်မှုရလဒ်က သရေပွဲကို ဦးတည်နေတယ်လို့ ယူဆပါတယ်။

နော့စ်ဝှစ်နှင့် စတုတ်

အိမ်ကွင်းမှာ နိုင်ပွဲတွေရယူနိုင်တဲ့ နော့စ်ဝှစ်ကို စတုတ်တို့ ဘယ်လိုရင်ဆိုင်မယ်ဆိုတာ စိတ်ဝင်စားစရာပါပဲ။ နော့စ်ဝှစ်ဟာ အိမ်ကွင်းမှာ အသင်းကြီးတွေကိုတောင် နိုင်ပွဲ၊ သရေပွဲတွေရအောင် ကစားနိုင်တာမို့ အဝေးကွင်း ခြေစွမ်းကျဆင်းတတ်တဲ့ စတုတ်တို့ မျှော်လင့်ချက်မဲ့နိုင်တဲ့ ပွဲပါ။

ခရစ္စတယ်ပဲလေ့စ်နှင့် ဆောက်သမ်တန်

ခရစ္စတယ်ပဲလေ့စ်တို့ အိမ်ကွင်းမှာ အားထည့်ကစားရင် ဆောက်သမ်တန်တို့ အခြေအနေမကောင်းနိုင်ပါဘူး။ မန်ယူကို ခြေရည်တူကစားနိုင်တဲ့ ခရစ္စတယ်ပဲလေ့စ်ဟာ အိမ်ကွင်းမှာ နိုင်ပွဲတွေရအောင် အားထုတ်နိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဆောက်သမ်တန်ဟာ အဝေးကွင်းမှာ ရုန်းကန်ရလေ့ရှိပြီး ခံစစ်ပိုင်းအားနည်းချက်ရှိတာမို့ ဒီပွဲမှာ အိမ်ရှင်ကို မျက်နှာသာပေးရမယ့်ပွဲပါပဲ။

မိုးမြင့်လင်းလက်

ပြင်သစ်လီဂူး ပွဲစဉ်

သီဟ

ပြင်သစ်လီဂူး ပွဲစဉ်-၂၈ **မတ် ၈**

မာဆေး - နိုက်စ် နံနက် ၂း၀၀

မာဆေး Vs နိုက်စ်

ပြင်သစ်လီဂူး ပွဲစဉ်(၂၇)အပြီးမှာ မာဆေးဟာ ရမှတ်၄၃မှတ်နဲ့ အဆင့်(၅)မှာရှိနေပြီး ဒီရာသီအိမ်ကွင်းခြောက်ပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ နိုက်စ် ရမှတ်၃၁မှတ်နဲ့ အဆင့် ၁၆ မှာရပ်တည်နေပြီး အဝေးကွင်း လေးပွဲမှာ သုံးပွဲရှုံး၊ တစ်ပွဲသရေ ရထားပါတယ်။ သူတို့နှစ်သင်းတွေ့ဆုံမှုတိုင်း မာဆေးက အနိုင်များပေမယ့် ဒီရာသီ ဇန်နဝါရီလ ပြင်သစ်ရှုံးထွက်ဖလား တွေ့ဆုံမှုမှာ နိုက်စ်က အဝေးကွင်းမှာ အနိုင်ရထားပါတယ်။ လက်ရှိခြေစွမ်းမှာတော့ မာဆေးကသာပြီး အိမ်ရှင်တို့ သုံးမှတ်အပြည့်ယူသွားနိုင်မှာဖြစ်ပေမယ့် ဂိုးပြတ်မပြတ်တော့ စောင့်ကြည့်ရမှာပါ။

အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု နောက်ဆုံးရှစ်ပွဲ

၁၈.၁၀.၂၀၁၃	နိုက်စ်	၁-၀	မာဆေး
၃၁.၃.၂၀၁၃	နိုက်စ်	၀-၁	မာဆေး
၁၁.၁၁.၂၀၁၂	မာဆေး	၂-၂	နိုက်စ်
၂၄.၃.၂၀၁၂	နိုက်စ်	၁-၁	မာဆေး
၆.၁၁.၂၀၁၁	မာဆေး	၂-၀	နိုက်စ်
၂၇.၄.၂၀၁၁	မာဆေး	၄-၂	နိုက်စ်
၅.၁၂.၂၀၁၀	နိုက်စ်	၁-၀	မာဆေး
၁၁.၄.၂၀၁၀	မာဆေး	၄-၁	နိုက်စ်

မာဆေး			နိုက်စ်		
နောက်ဆုံးအိမ်ကွင်းလေးပွဲရလဒ်			နောက်ဆုံးအဝေးကွင်းလေးပွဲရလဒ်		
မာဆေး	၁-၀	လော်ရီယန့်	ဂူအင်ဂမ့်	၁-၀	နိုက်စ်
မာဆေး	၃-၀	ဘတ်စ်တီယာ	ဗလင်စီနက်စ်	၂-၁	နိုက်စ်
မာဆေး	၂-၂	တူးလော့စ်	မောင့်ပယ်လီယာ	၃-၁	နိုက်စ်
မာဆေး	၂-၁	ဗလင်စီနက်စ်	ရန်းနက်စ်	၀-၀	နိုက်စ်

ကမ္ဘာ့ဖလားအကြို ချစ်ကြည်ရေးပွဲ စတာရစ်၏ နောက်ကျဂိုးဖြင့် အင်္ဂလန်နိုင်

ကမ္ဘာ့ဖလားအကြို ချစ်ကြည်ရေးပွဲအဖြစ် အင်္ဂလန်နှင့် ဒိန်းမတ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စတာရစ်၏ နောက်ကျဂိုးဖြင့် အင်္ဂလန်တို့ အနိုင်ရရှိသွားခဲ့သည်။

စတာရစ်သည် အင်္ဂလန်အသင်းအတွက် လီဗာပူးမှ ခေါ်ယူထားသော ကစားသမားငါးဦးအနက်မှ တစ်ဦးဖြစ်သည်။ အင်္ဂလန်အသင်း၏ ယင်းပွဲအနိုင်ရမှုသည် လွန်ခဲ့သော သုံးပွဲတွင် ပထမဆုံးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းသည် ဘရာဇီး၌ ကမ္ဘာ့ဖလားမကစားမီ ပီရူးနှင့် မေ ၃၀ ရက်တွင် ချစ်ကြည်ရေးကစားမည်ဖြစ်သည်။ ယင်းနောက် အီကွေဒေါ၊ ဟွန်ဒူးရပ်စ်တို့နှင့်လည်း ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဗီဒစ် အင်တာမီလန်သို့ ပြောင်းမည်

မန်ယူအသင်းခေါင်းဆောင် ဗီဒစ်သည် နွေရာသီတွင် အင်တာမီလန်သို့ အလွတ်ပြောင်းရွှေ့မည်ဖြစ်သည်။ စီးရီးအေထိပ်တန်းကလပ် အင်တာမီလန်က အသက် ၃၂ နှစ်ရှိ ဗဟိုခံစစ်မှူးအား စာချုပ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ဆားဘီးယားနိုင်ငံသား ဗီဒစ်က မန်ယူတွင် ရှစ်နှစ်ခဲ့ကြာ ကစားပြီးအဆုံးသတ်မည်ဖြစ်ကြောင်း လွန်ခဲ့သည့်လက ကြေညာခဲ့သည်။ ၄င်းသည် ၂၀၀၆ ခုနှစ်က မန်ယူသို့ ရောက်ရှိလာပြီး ပွဲပေါင်း ၂၀၀ ကျော် ပါဝင်ကစားပေးခဲ့ကာ ပရီမီယာလိဂ်ဖလားငါးလုံး ရယူပေးနိုင်ခဲ့သည်။

အသိပေးကြေညာခြင်း

မူလပုံ

ယခုပုံ

ထက်လင်းအစွမ်းထက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ မူလထုတ်လုပ်သည့် **ဖန်ပုလင်း**အစား အန္တရာယ်ကင်းစင်ပြီး မူလဆေးအာနိသင်နှင့် ပါဝင်သည့်ဆေးပမာဏအတိုင်း ခေတ်မီလှပခိုင်ခံ့သည့် (ပလတ်စတစ်)**ကော်ဘူး**သို့ ပြောင်းလဲထုတ်လုပ်သွားမည် ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ထက်လင်းအစွမ်းထက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး



B.Sc, R.L, D.B.L, Dip in French (Vichy)

Tel: 381443 HP: 09-51-50140

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6B /2473 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

မင်္ဂလာဦးကျေးဇူးတင်လွှာ

ပျဉ်းမနားမြို့နေ (ဦးဇော်မင်း)ခရိုင်မြေစာရင်းဦးစီးမှူး၊ ဒေါ်သိန်းသိန်းအေး လက်ထောက်ညွှန်ကြားရေးမှူး(စစ်ဆေးရေး) ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ရုံးခွဲ) ကျိုင်းတုံမြို့တို့၏သားငယ် ဗိုလ်ကြီးငြိမ်းချမ်း(ခ)သစ္စာညီညီ B.Sc (Chemistry), D.S.A, M.Tech (Chemical, MUCTR) Russia (လက်ထောက်ကထိက)နှင့် ရန်ကုန်မြို့နေ ဗိုလ်မှူးအောင်ဆွေ(ငြိမ်း)၊ ဒေါ်ချိုချိုတို့၏ တစ်ဦးတည်းသောသမီး မသီဂီအောင်(ခ) မသွန်းရွှေရည်ခြူး B.A (Eco) Carnival Cruise Line (U.S.A) တို့၏ ၂-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel, Grand Ball Room ၌ ကျင်းပခဲ့သောမင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပါယ်ပန်းကုံးများချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့်ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကျန်းမာရေးဝန်ကြီးဌာနတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော Max Myanmar Co.,Ltd. မှ Director ဦးကျော်ကျော်နှင့်ဇနီး ဒေါ်မြမြသစ် (လက်ထောက်ကထိက-ငြိမ်း၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် ဇနီးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်နှင့်ဇနီး၊ ဦးစောမော်ထွန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်တို့အားလည်းကောင်း၊ စင်ကာပူနိုင်ငံဆိုင်ရာ သံအမတ်ကြီး(ငြိမ်း)ဗိုလ်မှူးချုပ်ဝင်းမြင့်(ငြိမ်း)နှင့်ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်ခင်မောင်စိုး(ငြိမ်း)နှင့်ဇနီးတို့အားလည်းကောင်း၊ ဦးငွေးမြင့် ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း) MEPE နှင့် ဒေါ်စန်းရီ အင်ဂျင်နီယာမှူးကြီး (ငြိမ်း) MEPE နှင့် အစစအရာရာ ကူညီဆောင်ရွက်ပေးသော T&O (Construction Group) မှ Director ဦးရာဇာငွေးမြင့်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်းအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုတီးခတ်ပေးပါသော အဆိုတော် ဒေါ်ရီရီသန့်နှင့် မင်္ဂလာစောင်းအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မမေသူကြည်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဇင်ဇင်ဝင်းအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးနေဇော်လင်းနှင့် ဗိုလ်ကြီးကျော်ဇေယျအားလည်းကောင်း၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မချောစုသိန်းနှင့် မသီရိသိမ့်အားလည်းကောင်း၊ မိတ်ကပ်ဆံပင်နှင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဇော်ဇော်(ထီလာ)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)နှင့်လှသရဖူအပ်ချုပ်ဆိုင်၊ မင်္ဂလာပန်းအလှဆင်မြန်းပေးပါသော နီနီပွင့်အဖွဲ့နှင့် Floral Paradise မှ ကိုဝင်းမျိုးအောင်တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းရိုက်ကူးပေးပါသော Excellence Choice မှ ကိုနေသူရိန်နှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောဆွေမျိုးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ မိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပစ္စည်းများ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနားပြင်ဆင်ရေးနှင့်ကျွေးမွေးဧည့်ခံရေးဆောင်ရွက်ပေးကြပါသော Sedonal Hotel မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီး ငြိမ်းချမ်းနှင့်မသီဂီအောင်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း

ယမန်နေ့မှအဆက်

(ဃ) ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတို့ သီးခြားဖက်စပ်လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ ဖက်စပ်ကုမ္ပဏီတည်ထောင်ပြီး လုပ်ကိုင်နိုင်သည်။

(င) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတို့၏ အစုရှယ်ယာ ထည့်ဝင်ငွေများဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ အများနှင့်မသက်ဆိုင်သော ဆိပ်ကမ်းလုပ်ငန်းကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းကော်ပိုရေးရှင်း တည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(စ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ အများနှင့် သက်ဆိုင်သော ဆိပ်ကမ်းလုပ်ငန်းကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းကော်ပိုရေးရှင်း တည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၂၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ပေးအပ်သော သီးခြားတာဝန်များအပြင် အောက်ပါလုပ်ငန်းတာဝန်များကို တာဝန်ယူ၍ ဆောင်ရွက်ရမည်-

(က) ခန့်အပ်တာဝန်ပေးထားသော အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းအမျိုးအစားနှင့် တစ်ဦးချင်း၏ ကျွမ်းကျင်မှု အရည်အချင်းများအလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်းနှင့် လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ အလုပ်ချိန်များ၊ အလုပ်ခွင် စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ခ) ခန့်အပ်တာဝန်ပေးထားသော အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများအား ဌာနဆိုင်ရာ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်း၊ ခွင့်ပေးခြင်း၊ ပင်စင်ပေးခြင်း၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ရရှိစေခြင်းတို့နှင့် တာဝန်ကျေပွန်စွာထမ်းဆောင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဆုကြေးငွေ ချီးမြှင့်ခြင်းတို့နှင့် စပ်လျဉ်း၍ ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဆိပ်ကမ်းများသို့ ချဉ်းကပ်လာသော ရေယာဉ်များ၊ ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသော ရေယာဉ်များနှင့် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသော ရေယာဉ်များအတွက် ရေကြောင်း လမ်းညွှန်အမှတ်အသားများနှင့် အထောက်အကူပစ္စည်းကိရိယာများ စီမံထားရှိခြင်း၊

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေလမ်းကြောင်းတွင် ရေယာဉ်များ အဝင်အထွက်ပြုလုပ်ခြင်း၊ နေရာရွှေ့ပြောင်းခြင်းပြုလုပ်ရမည့်အချိန်နှင့် နာရီများနှင့် လိုအပ်သော စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထိုသို့ ပြုလုပ်သည့်အခါ ရေယာဉ်များ၏ အမြန်နှုန်းသတ်မှတ်ခြင်း၊

(င) ကုန်စည်များကိုလက်ခံခြင်း၊ အတင်အချပြုလုပ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် စက်များ၊ ဝန်ချီစက် ကရိန်းများ၊ ကုန်စည်မတင်မချ ကိရိယာများ၊ ဟိုက်ဒရောလစ်သုံး ပစ္စည်းများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားနိုင်သော စက်ခေါင်းများ၊ ကုန်တင်ကားနှင့်ရထားများ၊ ကုန်သိုလှောင်ရုံများ၊ အခြင်အတွယ် ကိရိယာများနှင့် အခြားအသုံးအဆောင်ကိရိယာများကို စီမံထားရှိခြင်း၊

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များအား ရေဖြည့်ဆည်းပေးဝေရေးအတွက် လိုအပ်သော ရေပိုက်လိုင်းများ၊ အဝီစိတွင်းများ၊ ရေသယ်ယာဉ်နှင့် ရေယာဉ်များ၊ တုံကင်များနှင့်ရေဖြန့်ဖြူးရေး ပစ္စည်းကိရိယာများ စီစဉ်ထားရှိပြီး လုံလောက်စွာ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊

(ဆ) ဆိပ်ကမ်းအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများအား စီစဉ်ထားရှိခြင်းနှင့်ဆိုက်ကပ်ရပ်နားသော ရေယာဉ်များတွင် လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဇ) လိုအပ်သော ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း မီးပြတိုက်များ၊ မီးပြသင်္ဘောများ၊ အချက်ပြမီးများ၊ ဗော်ယာများ၊ ရေကြောင်းပြသင်္ဘောများ၊ ဆိပ်ကမ်းသို့ဆိုက်ကပ်ရာတွင် ရေကြောင်းလုံခြုံရေးအတွက် လိုအပ်သော ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့်ဆိပ်ကမ်းလုပ်ငန်းအတွက် လွယ်ကူအဆင်ပြေချောမွေ့ရန် လိုအပ်သော အခြားအသုံးအဆောင်ပစ္စည်းကိရိယာများကို စီမံထားရှိခြင်း၊

(ဈ) ဆိပ်ကမ်းအား ထိခိုက်မှုမရှိစေရန် ကာကွယ်ရေးအတွက် လှိုင်းကာ၊ ရေကာတာများ တည်ဆောက်ထားရှိခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ရေလမ်းကြောင်းများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဋ) ဆိပ်ကမ်းတွင်ရှိစဉ် ရေယာဉ်များက အချက်ပြမီးများကို အသုံးပြုခြင်းကိစ္စနှင့် ရေယာဉ်ပေါ်တွင် အနည်းဆုံးထားရှိရမည့် ရေယာဉ်အမှုထမ်းဦးရေ ကိစ္စတို့နှင့် စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းများကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(ဌ) အကောက်ခွန်ရုံးများနှင့် အကောက်ခွန်အရာရှိများ နေထိုင်ရာ နေရာ၊ အဆောက်အအုံများ ဆောက်လုပ်စီမံထားရှိခြင်း။

အခန်း(၇)

အုပ်ချုပ်မှုအဖွဲ့ ဖွဲ့စည်းခြင်း

၂၆။ (က) ဝန်ကြီးဌာနသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား စီးပွားရေးဆန်ဆန် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန် ဦးဆောင်မှုပေးမည့် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် အုပ်ချုပ်မှုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(၁) ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ — ဥက္ကဋ္ဌ

(၂) ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်

(၃) ဆိပ်ကမ်းလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၄) သင်္ဘောလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၅) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်ဟု ယူဆသူတစ်ဦး — အဖွဲ့ဝင်

(၆) စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၇) စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(ခ) (၁) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သင့်လျော်သူတစ်ဦးကို အုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးရမည်။

(၂) အုပ်ချုပ်မှုအဖွဲ့ အတွင်းရေးမှူးသည် အုပ်ချုပ်မှုအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။ အုပ်ချုပ်မှုအဖွဲ့၏ အစည်းအဝေးများ၌ ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ။

(၃) အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးများသို့ အုပ်ချုပ်မှုအဖွဲ့ဝင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်ဟု မှတ်ယူရမည်။

(၄) မည်သည့်အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးတွင်မဆို မဲအများဆုံးဖြင့် ကိစ္စအားလုံးကို ဆုံးဖြတ်ရမည်။ အုပ်ချုပ်မှုအဖွဲ့ဝင်တိုင်းသည် ဆန္ဒမဲတစ်ချိန်ပေးပိုင်ခွင့်ရှိသည်။ ဆန္ဒ မဲတူညီနေလျှင် အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌသည် အနိုင်မဲပေးခွင့်ရှိသည်။

၂၇။ (က) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များခန့်အပ်ပြီးသည့်အချိန်အထိ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များသည် ရာထူး သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များအဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(င) အကြောင်းအရာတစ်ရပ်ရပ်ကြောင့် အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးနေရာလစ်လပ်သည့်အတွက် အစားထိုးခန့်အပ်ပါက ယင်းအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် မူလ ရာထူးသက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

၂၈။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌနှင့်အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လစာ၊ စရိတ်နှင့်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၂၉။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်တစ်ဦးဦးသည်-

(က) ရာထူးအလျောက်တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းမှအပ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မိမိဆန္ဒအလျောက်ရာထူးတာဝန်မှ နုတ်ထွက်နိုင်သည်။

(ခ) မြန်မာကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ ဖွဲ့စည်းထားသော ကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာဝင် သို့မဟုတ် ဒါရိုက်တာ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းဖြစ်သောကြောင့်ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ထုတ်ချေးသော ချေးငွေတစ်ခုခုတွင် အကျိုးစီးပွားသက်ဆိုင်သောအကြောင်းသက်သက်ကြောင့် ဖြစ်စေ ယင်း၏ရာထူးတာဝန်မှ နုတ်ထွက်ခြင်းမရှိစေရ။

(ဂ) အစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်သည့်မြေ သို့မဟုတ် ဥပစာဝယ်ယူမှု သို့မဟုတ် ငှားရမ်းမှုတွင် အကျိုးစီးပွားသက်ဆိုင်၍လည်းကောင်း၊ လွယ်ကူမှုအခွင့်အလမ်းများတည်ဆောက်ရန်ဖြစ်စေ၊ ပေးအပ်ရန်ဖြစ်စေ တာဝန်ယူသည့် အဖိုးစားနားအဖြစ် အုပ်ချုပ်မှုအဖွဲ့သို့ အာမခံသည့် သတ်မှတ်ထားသော ဝင်ငွေအတွက် အပြန်အလှန်အနေဖြင့် ကုန်စည်များ သင်္ဘောတင်ချရန်လွယ်ကူမှုအခွင့်အလမ်းများ ပေးအပ်သည့် သဘောတူညီချက်တစ်ခုခုတွင် အကျိုးသက်ဆိုင်နေ၍လည်းကောင်း မိမိ၏ရာထူးမှနုတ်ထွက်ခြင်းမရှိစေရ။

၃၀။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်ပါက ရာထူးမှရပ်စဲနိုင်သည်-

(က) ဝန်ကြီးဌာန၏ အမိန့်အရ ရာထူးတာဝန်မှ ရပ်စဲခံရခြင်း၊

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးသို့တက်ရောက်ရန် တစ်ဆက်တည်းသုံးလပျက်ကွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့၏ အကျိုးစီးပွားကို ထိခိုက်စေသော အခြားလုပ်ငန်းတာဝန်တစ်ခုခုကို လက်ခံဆောင်ရွက်ကြောင်း သို့မဟုတ် ပေါ်ပေါက်ချက်အရ အုပ်ချုပ်မှုအဖွဲ့က ဝန်ကြီးဌာနသို့ တင်ပြ၍ ရာထူးတာဝန်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(ဃ) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ် မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့တည်းမဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ရှိမည် မဟုတ်ဟု ဝန်ကြီးဌာနက ကျေနပ်ရမည့်သူဖြစ်ရမည်။

၃၁။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် ပုဒ်မ ၂၉ အရ ရာထူးတာဝန်မှ နုတ်ထွက်သောကြောင့် သော်လည်းကောင်း၊ ပုဒ်မ ၃၀ အရ ရာထူးတာဝန်မှ ရပ်စဲသောကြောင့်သော်လည်းကောင်း လစ်လပ်သည့် ရာထူးနေရာတို့၌ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အစားထိုးခန့်အပ်တာဝန်ပေးရမည်။

အခန်း(၈)

အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၂။ အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်၍ လမ်းညွှန်မှုပြုခြင်း၊

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနကြီးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)အရ ခန့်အပ်သော အရာထမ်းသည် အသက် ၆၀ နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ သော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက် တာဝန်ထမ်းဆောင်လိုသော အဆိုပါ အရာထမ်းအား အသက် ၆၅ နှစ်ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဃ) ကုန်စည် အတင်အချ ကိုင်တွယ်ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်ချောမွေ့စေရေး၊ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးအတွက်လည်းကောင်း၊ ကုန်သည်သင်္ဘောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဆိပ်ကမ်းပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်းကောင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများက လက်တွေ့ကျင့်သုံးဆောင်ရွက်သည့် ကောင်းသောအလေ့အကျင့်များနှင့် လိုက်လျောညီထွေရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(င) ဆိပ်ကမ်းလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ဆိပ်ကမ်းပတ်ဝန်းကျင် ကောင်းမွန်ထိန်းသိမ်းရေးတို့အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် အစီအစဉ်များချမှတ်၍ လိုအပ်သော လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) ဆိပ်ကမ်းလုံခြုံရေး၊ ကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းသည့်ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) အုပ်ချုပ်မှုအဖွဲ့၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဇ) ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆိပ်ကမ်းအတွင်း ကုန်စည်များလွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၉)

ဆိပ်ကမ်းဝန်ဆောင်ခများ ကောက်ခံခြင်း၊ ကြွေးကျန်များအတွက် သိမ်းယူခြင်းနှင့် ထိုကြွေးကျန်များကို အရကောက်ခံခြင်း

၃၃။ (က) သင်္ဘောပိုင်ရှင်နှင့် ရေယာဉ်မှူးတို့သည် ဆိပ်ကမ်းများတွင် ပင်လယ်ကူးသင်္ဘောများနှင့် ပြည်တွင်းရေယာဉ်များ သွားလာခြင်း၊ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း၊ အသုံးပြုခြင်း စသည်တို့နှင့်စပ်လျဉ်း၍ ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို ခိုင်လုံသောအကြောင်းမရှိဘဲ ပေးဆောင်ရန် တမင်ပျက်ကွက်ပါက ထိုဆိပ်ကမ်းဝန်ဆောင်ခများ၏ ငါးဆကို ဒဏ်ကြေးအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။ ထိုသို့ တောင်းခံသော်လည်း ပေးဆောင်ရန် ပျက်ကွက်ပါက ရေယာဉ်နှင့်ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာများကို အဆိုပါဒဏ်ကြေး အပြေအကျေ မရမီအထိ ထိန်းသိမ်းထားနိုင်သည်။

(ဂ) ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်တွင် တာဝန်ထမ်းဆောင်သူတစ်ဦးဦးသည် မိမိ၏လုပ်ဆောင်မှု သို့မဟုတ် ပေါ့လျော့မှုကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်ဆိုင်သော သို့မဟုတ် လက်ဝယ်ထားရှိအသုံးပြုသော ဆိပ်ကမ်းတံတားကိုဖြစ်စေ၊ ဆိပ်ကမ်းဆိုင်ရာ လွယ်ကူအဆင်ပြေရေးအတွက် အသုံးအဆောင် ပစ္စည်းကိရိယာတစ်ခုခုကို ဖြစ်စေ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားပါက ထိုသို့ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်သည့်အတိုင်း ပေးလျော်ရန်တာဝန်ရှိသည်။

၃၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်-

(က) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်း ဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ၊ ဒဏ်ကြေးများနှင့်လျော်ကြေးများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံရာတွင် သင့်လျော်သောအရာရှိအား ကော်လက်တာအရာရှိ၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

စာမျက်နှာ (၁၆)သို့

ဥပဒေကြော်ငြာ

စာမျက်နှာ (၁၅)မှ

(ဂ) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ သို့မဟုတ် လျော်ကြေးများကို ပေးဆောင်ရန် ပျက်ကွက်သည့် ကာလအတွင်းတွင်လည်းကောင်း၊ ထိုပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံနေသည့်ကာလအတွင်းတွင်လည်းကောင်း ထိုရေယာဉ်ကို ဆိပ်ကမ်းမှ ထွက်ခွာခွင့်လက်မှတ် ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာအရာရှိအား ညွှန်ကြားရမည်။

(ဃ) သက်ဆိုင်ရာ အရာရှိသည် ပုဒ်မခွဲ(ဂ)အရ ညွှန်ကြားသည့်အခါ ထိုရေယာဉ်အား ထွက်ခွာခွင့် လက်မှတ်ထုတ်ပေးခြင်းမပြုရ။

အခန်း(၁၀)
ဘဏ္ဍာရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပြည်တွင်းပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေချေးယူနိုင်သည်။

၃၆။ (က) မည်သည့်ဘဏ္ဍာရေးနှစ်တွင်မဆို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ဝင်ငွေမှ အောက်ဖော်ပြပါကုန်ကျစရိတ်များကျခံသုံးစွဲနိုင်သည်-

(၁) အုပ်ချုပ်မှုအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ အခကြေးငွေနှင့် ထောက်ပံ့စရိတ်များ၊

(၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အရာရှိများ၏လစာငွေများ၊ အခကြေးငွေများ၊ ချီးမြှင့်ငွေများ၊ အငြိမ်းစား လစာများ၊ နှစ်ပြည့်အငြိမ်းစား လစာခံစားခွင့်များနှင့်လုပ်သက်ဆုငွေများ။

(၃) ဝင်ငွေစာရင်းမှ ကျခံရမည်ဖြစ်သော လုပ်ငန်းလုပ်ဆောင်မှုစရိတ်များ၊ ပြုပြင်ထိန်းသိမ်းရေးစရိတ်များနှင့် တန်ဖိုးလျော့လျာထားအသုံးစရိတ်များ။

(၄) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ချေးယူထားငွေအပေါ် ပေးဆောင်ရမည့် အတိုးစရိတ်များ။

(၅) အစိုးရထံမှ ချေးယူထားသောငွေများအပေါ် ပြန်လည်ပေးဆပ်ရန် လိုအပ်မည့်ငွေရပ်များ။

(၆) ကာလရှည်အကြွေးများ ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ကုန်ခန်းတတ်သော ပိုင်ဆိုင်ပစ္စည်းများနှင့် တန်ဖိုးလျော့သော ပိုင်ဆိုင်ပစ္စည်းများကို ပြန်လည်အစားထိုးရန်အတွက် သီးသန့်ဖယ်ထားသော ရန်ပုံငွေစာရင်းသို့ ပြောင်းရွှေ့ရန်လိုအပ်သော ငွေရပ်များ။

(၇) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပိုင်ဆိုင်ပစ္စည်းများအား အသစ်အစားထိုးလဲလှယ်နိုင်ခြင်း သို့မဟုတ် တန်ဖိုးလျော့ကျခြင်းတို့အတွက် သီးသန့်ဖယ်ထားရန်သင့်လျော်သည်ဟု ယူဆသော ငွေရပ်များ။

(၈) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ခွင့်ပြုသော ဝင်ငွေစာရင်းမှ ကျခံသုံးစွဲခွင့်ရှိသည့်လုပ်ငန်းသစ်အတွက် ကုန်ကျစရိတ်များ၊ စက်ကိရိယာများ၊ ရေယာဉ်များ၊ ယာဉ်များ၊ ယန္တရားများ၊ တပ်ဆင်စက်ကိရိယာများအတွက် ကုန်ကျစရိတ်များ။

(၉) ဝင်ငွေစာရင်းမှ ကျခံသုံးစွဲသင့်သည်ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆုံးဖြတ်ထားသည့်အခြားအသုံးစရိတ်များ။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမြတ်လက်ကျန်ငွေကိုသင့်လျော်သည့်ရာခိုင်နှုန်းသတ်မှတ်၍ အထွေထွေရန်ပုံငွေနှင့်သင့်လျော်သည့် သီးသန့်ရန်ပုံငွေစာရင်းများ ဖွင့်လှစ်ထားရှိနိုင်သည်။

၃၇။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဘဏ္ဍာရေးနှစ်တိုင်းအတွက် အရအသုံးခန့်မှန်းခြေစာရင်းများကို ယခင်ဘဏ္ဍာရေးနှစ်များ၏ အမှန်ဝင်ငွေနှင့်အသုံးစရိတ်များအပေါ်အခြေခံ၍ ပြင်ဆင်ရေးဆွဲရမည်။

(ခ) နောက်ဆက်တွဲ ခန့်မှန်းခြေငွေစာရင်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးတွင် လက်ခံအတည်ပြုနိုင်သည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အတည်ပြုထားသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းနှင့်နောက်ဆက်တွဲ ရသုံးမှန်းခြေငွေစာရင်း မိတ္တူတစ်စုံကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ခံအတည်ပြုထားသော ရသုံးမှန်းခြေငွေစာရင်းနှင့်နောက်ဆက်တွဲ ရသုံးမှန်းခြေ ငွေစာရင်းများ၏ အကျဉ်းချုပ်တို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၃၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် သင့်လျော်သည်ဟု ယူဆသောဘဏ် သို့မဟုတ် ဘဏ်များတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အမည်ဖြင့် ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်းဖွင့်လှစ်ထားပိုင်ခွင့်ရှိသည်။ ဘဏ်စာရင်းတစ်ခုချင်းစီမှ ငွေထုတ်ယူသုံးစွဲမှုကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ကိုယ်စား တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များမှ လက်မှတ်ရေးထိုးသော ချက်လက်မှတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ဝင်ငွေ၊ ထွက်ငွေအခြေအနေများပေါ်လွင်စေရန် သီးခြားငွေစာရင်းများဖွင့်လှစ်ထားရှိရမည်။

၄၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိရရှိသော နိုင်ငံခြားဝင်ငွေကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိရမည်။

၄၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ထိရောက်သည့်စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၄၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါစာရင်းများကို ဝန်ကြီးဌာနမှ ညွှန်ကြားသည့်အတိုင်း တင်ပြရမည်-

(က) ငွေသားအခြေအနေ၊

(ခ) လက်ကျန်ရှင်းတမ်း၊

(ဂ) အရှုံး၊ အမြတ်စာရင်း၊

(ဃ) ဝန်ထမ်းအင်အားစာရင်း၊

(င) ကုန်စည်ထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း။

၄၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းများအား ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၄၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏ငွေကြေးအရင်းအနှီးများကို ရင်းနှီးမြှုပ်နှံနိုင်သည်။

၄၅။ ဇယားတွင် ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့်ပတ်သက်၍အကျိုးသက်ရောက်စေရမည်။

၄၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် မည်သည့်နေရာတွင်မဆို တာဝန်ထမ်းဆောင်နေကြသော မည်သည့်ဝန်ထမ်းကိုမဆို ယင်းတို့၏ ကွယ်လွန်ခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ ရပ်စဲခြင်း၊ ပင်စင်ပေးခြင်းတို့ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ထမ်းဆောင်ခဲ့မှုအပေါ်မူတည်၍ သင့်လျော်သော ကရုဏာကြေးကို ခွင့်ပြုပေးနိုင်သည်။

အခန်း(၁၁)
ရေကြောင်းပြမှူးကြီးလုပ်ငန်းလိုင်စင်နှင့် ရေကြောင်းပြတာဝန်ပေးခြင်း

၄၇။ (က) ရေကြောင်းပြမှူးကြီးအဖြစ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူအား အရည်အချင်းပြည့်မီခြင်း ရှိ မရှိ စာတွေ့လက်တွေ့စစ်ဆေး အကဲဖြတ်၍ အရည်အချင်းပြည့်မီသူအား ရွေးချယ်ပြီး ရေကြောင်းပြမှူးကြီးအဖြစ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီးများကို ကျွမ်းကျင်မှုအလိုက် အဆင့်သတ်မှတ်၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၄၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သောလုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီးအား စီမံခန့်ခွဲရေးနည်းလမ်းအရ သင့်လျော်သော ပြစ်ဒဏ်ချမှတ်ခြင်း၊ လုပ်ငန်းလိုင်စင်ကိုရပ်စဲခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်-

(က) ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဤဥပဒေအရထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်း၊

(ဂ) တာဝန်ထမ်းဆောင်ရာ၌ ပေါ့ဆခြင်း သို့မဟုတ် အကျင့်စာရိတ္တ ပျက်ပြားခြင်း၊

(ဃ) အခြားခိုင်လုံသော အကြောင်းတစ်ရပ်ရပ်အရ ရေကြောင်းပြမှူးကြီးအဖြစ် တာဝန်ပေးရန်အသင့်ဟု ယူဆခြင်း။

၄၉။ ရေယာဉ်နှင့်ကုန်ပါ လုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်များကဆိပ်ကမ်းသို့ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှထွက်ခွာသော ရေယာဉ်အသီးသီး၏ ရေယာဉ်မှူးသည်-

(က) ရေကြောင်းဌာနမှ သတ်မှတ်ထားသော ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်ထွက်ခွင့်တောင်းခံရယူနိုင်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီမှ တစ်ပါး လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီး၏ အကူအညီကို မဖြစ်မနေ တောင်းခံရယူပြီး ဆိပ်ကမ်းသို့ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း၊ သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာရွှေ့ပြောင်းခြင်းပြုရမည်။

(ခ) သတ်မှတ်ထားသော ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ် ရောက်ရှိဆိုက်ကပ်သည့်အခါ ထိုသို့ရေယာဉ်ရောက်ရှိဆိုက်ကပ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံသို့ သတင်းပို့ရမည်။ ထို့အပြင် အဆိုပါရေယာဉ်ပြန်ထွက်ခွာသည့်အချိန်တွင်လည်းသတ်မှတ်ချက်များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံသို့ သတင်းပို့ရမည်။

(ဂ) ရေယာဉ်နှင့်ကုန်ပါလုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ပြည်တွင်းကမ်းရိုးတန်းသွားကုန်သွယ်ရေယာဉ်များသည် ရေကြောင်းဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှသာ ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်ထွက်ခွင့်တောင်းခံရယူနိုင်သည်။

(ဃ) ရေကြောင်းပြမှူး မပါဘဲ ဝင်ထွက်ခွင့်ရရှိသည့်တိုင်အောင် သတ်မှတ်ထားသော ရေကြောင်းပြငှားရမ်းခကိုမူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

(င) ပုဒ်မခွဲ(က)၊(ခ)နှင့်(ဂ) တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမပြုဘဲ ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ခြင်း သို့မဟုတ် ထွက်ခွာခြင်းပြုပါက ဤဥပဒေအရ ပြစ်မှုဖြင့်အရေးယူခံရမည်။

(စ) ရေယာဉ်ကြောင့်ဖြစ်စေ၊ ရေယာဉ်ကိုရေလမ်းကြောင်းအတိုင်း မောင်းနှင်ရာ၌ချွတ်ချော်မှုကြောင့်ဖြစ်စေ၊ မတော်တဆရေယာဉ်ချင်းတိုက်မိမှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် တာဝန်ယူဖြေရှင်းပြီး ထိုက်သင့်သောလျော်ကြေးပေးရမည်။

၅၀။ ရေယာဉ်ကိုကြီးကြပ်လာသူ ရေကြောင်းပြမှူးကြီး၏ဥပဒေနှင့်အညီ အကြံပေးချက်ကို လက်ခံရန်ရေယာဉ်တစ်စီး၏ ရေယာဉ်မှူးက ငြင်းဆိုလျှင် ရေကြောင်းပြမှူးကြီးသည် ရေယာဉ်ကို ဘေးကင်းစွာကျောက်ချရပ်နားနိုင်သော ပထမဆုံးနေရာသို့ရောက်ရှိသည့်အခါ ရေယာဉ်ကိုကျောက်ချပြီး ရေကြောင်းပြလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ငြင်းဆိုနိုင်သည်။

အခန်း(၁၂)
ဆိပ်ကမ်း နယ်နိမိတ်အတွင်း ကျန်းမာရေး ဆောင်ရွက်ခြင်း

၅၁။ ဝန်ကြီးဌာနသည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များတွင် သယ်ဆောင်လာသည့် ခရီးသည်နှင့် ကုန်စည်များမှတစ်ဆင့် ကူးစက်သောရောဂါများဝင်ရောက်လာပြီး အများပြည်သူကျန်းမာရေးကို အန္တရာယ်ဖြစ်ခြင်းမှကာကွယ်ရန် အလို့ငှာ ပင်လယ်ကူးသင်္ဘော ဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းအသီးသီးတွင် ကျန်းမာရေးအရာရှိများအား ခန့်အပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၅၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကိုယ်တိုင်ဖြစ်စေ၊ ပုဒ်မ ၅၁ အရ ခန့်အပ်တာဝန်ပေးသော ကျန်းမာရေးအရာရှိကို လွှဲအပ်၍ဖြစ်စေ ပင်လယ်ကူးသင်္ဘောဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကူးစက်ရောဂါကာကွယ်ရေး၊ နာမကျန်းသူများ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များမှ ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများ ကာကွယ်တားဆီးရေး၊ စစ်ဆေးရေး၊ ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို စီမံဆောင်ရွက်ထားရှိခြင်း၊

(ခ) ရေယာဉ်ပေါ်တွင် ကူးစက်တတ်သောရောဂါ ဖြစ်ပွားနေသော သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိသော ရေယာဉ်များအတွက် လည်းကောင်း၊ ရေယာဉ်ထွက်ခွာလာချိန်တွင် ထွက်ခွာလာသည့် ဆိပ်ကမ်း၌ဖြစ်စေ၊ ယင်းဆိပ်ကမ်း၏ အနီးအနားပတ်ဝန်းကျင်၌ဖြစ်စေ၊ ကူးစက်တတ်သော ရောဂါဖြစ်ပွားသည်ဟု ယုံကြည်ရသော သို့မဟုတ် အမှန်တကယ်ဖြစ်ပွားခဲ့သော ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာရေယာဉ်များအတွက်လည်းကောင်း အချက်ပြအလံတင်ခြင်း၊ ကျောက်ချရန် နေရာသတ်မှတ်ပေးခြင်းနှင့် အများပြည်သူအား ထိုသို့ ကူးစက်ရောဂါဖြစ်ပွားကြောင်း အရေးပေါ် အသိပေးကြေညာခြင်း၊

(ဂ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ပေါ်တွင် ပါရှိသူများကို ကျန်းမာရေး စစ်ဆေးခြင်း၊

(ဃ) ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ပေါ်ရှိ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် အခြားပုဂ္ဂိုလ်များက ကူးစက်ရောဂါ ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားရမည့် မေးခွန်းများနှင့် ပေးပို့ရမည့် သတင်းအချက်အလက်များ သတ်မှတ်ခြင်း၊

(င) ကူးစက်တတ်သော ရောဂါမျိုး ဖြစ်ပွားသည့်အခါ ထိုရေယာဉ်များ၏ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် ရေယာဉ်ပေါ်ရှိ အခြားပုဂ္ဂိုလ်များက ဆောင်ရွက်ရမည့်တာဝန်များကို သတ်မှတ်ခြင်း၊

(စ) ကူးစက်ရောဂါ စွဲကပ်နေသည် သို့မဟုတ် စွဲကပ်နေကြောင်း သံသယရှိသည့် ရေယာဉ်ပေါ်ရှိ မည်သည့်ပုဂ္ဂိုလ်ကိုမဆို ကျန်းမာရေး အရာရှိက သဘောတူသောဆေးရုံ ဆေးခန်းတစ်ခုခုသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်းနှင့် အဆိုပါ ရေယာဉ် အား ထိန်းသိမ်းထားခြင်း၊

(ဆ) ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ကိုဖြစ်စေ၊ ရေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ကူးစက်တတ်သော ရောဂါပိုးများ ရှိနေနိုင်သည့် ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာတစ်စုံတစ်ရာကိုဖြစ်စေ သန့်စင်ခြင်း၊ လေကောင်းလေသန့်ရအောင်ဆောင်ရွက်ခြင်း၊ ပိုးသတ်ခြင်းနှင့်ဆိုခဲ့သော ရေယာဉ်ပေါ်ရှိ ကြွက်သို့မဟုတ် ကူးစက်တတ်သော အခြားပိုးမွှားများကိုသုတ်သင်ခြင်း၊

(ဇ) ရေယာဉ်ပေါ်၌ ကူးစက်ရောဂါကြောင့် သေဆုံးသူများအတွက် စီမံဆောင်ရွက်ခြင်း၊

(ဈ) ရေယာဉ်ပေါ်ရှိသူများနှင့် ကုန်စည်များမှ ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော ကြိုတင်ကာကွယ်မှုများနှင့် ကုသမှုများဆောင်ရွက်နိုင်ရန်နှင့် ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် လိုအပ်သည်များဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အကြောင်းကြားခြင်း။

၅၃။ ပြည်ပမှဝင်ရောက်လာသည့် ရေယာဉ်မှူးသည်-

(က) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ကပ်ခြင်းမပြုမီ သင်္ဘောပေါ်တွင် ကူးစက်ရောဂါကင်းရှင်းကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ကြိုတင်အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ကပ်သည့်အခါ မိမိကိုယ်တိုင်ဖြစ်စေ၊ ထိုသင်္ဘော၏ ကျန်းမာရေးအရာရှိ ပါရှိလာလျှင် ထိုအရာရှိက ထောက်ခံလက်မှတ်ရေးထိုး၍ဖြစ်စေ၊ ကျန်းမာရေးအန္တရာယ် ကင်းရှင်းကြောင်း ကြေညာချက်ကို သတ်မှတ်ထားသည့် ပုံစံဖြင့် ကျန်းမာရေးအရာရှိသို့ ပေးအပ်ရမည်။

၅၄။ ကျန်းမာရေးအရာရှိသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကြီးကြပ်မှုကိုခံယူ၍ မိမိအား တာဝန်ပေးထားသည့် ဆိပ်ကမ်း နယ်နိမိတ်အတွင်း၌ အောက်ပါလုပ်ပိုင်ခွင့်များ ရရှိစေရမည်-

(က) ရေယာဉ်ပေါ်တွင် ရေထောက်ပံ့ ဖြည့်ဆည်းမှုများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ၊ အစားအသောက်များနှင့် သင်္ဘောသားများ၏ နေရာထိုင်ခင်းများမှာ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးပိုင်ခွင့်၊

(ခ) မည်သည့် ရေယာဉ်ပေါ်သို့မဆို တက်ရောက်ပြီး သင်္ဘောပေါ်ရှိ သင်္ဘောသားများ၊ အလုပ်သင်များ အားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေ ကျန်းမာရေး စစ်ဆေးပိုင်ခွင့်၊

(ဂ) ရေယာဉ်ပေါ်ရှိ ပုဂ္ဂိုလ်များ၏ ကျန်းမာရေးနှင့် ဆေးဝါးကုသမှု အခြေအနေကို စစ်ဆေးကြည့်ရှုရန်အတွက် လိုအပ်သည့် သင်္ဘောနေ့စဉ် မှတ်တမ်းစာအုပ်နှင့် အခြားစာအုပ်များ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို ထုတ်ပြစေရန် တောင်းဆိုခွင့်နှင့် ငြင်းဆိုပါက အတင်းအကျပ် ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) အဆိုပါ ရည်ရွယ်ချက်တစ်ခုခုအတွက် ဆိုခဲ့သည့်ပုဂ္ဂိုလ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ မိမိရှေ့မှောက်သို့ ခေါ်ယူမေးမြန်းခွင့်နှင့် မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း မေးမြန်းသော မေးခွန်းများကို မှန်ကန်စွာဖြေဆိုစေရန် တောင်းဆိုခွင့်၊

(င) မေးမြန်းခံရသူက မှန်ကန်စွာဖြေဆိုကြောင်း ဝန်ခံချက်ရေးသားလက်မှတ်ထိုးရန် တောင်းဆိုခွင့်။

၅၅။ ကျန်းမာရေးအရာရှိသည် တာဝန်ကျ ဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ဆိုက်ကပ်သော ပင်လယ်ကူးသင်္ဘောများပေါ်တွင် ပုဒ်မ ၅၄ ပါ လုပ်ပိုင်ခွင့်များနှင့်အညီ တက်ရောက်စစ်ဆေးပြီး ထိုသင်္ဘောတွင်ကာကွယ်ဆေးထိုးပြီးကြောင်း၊ ကူးစက်ရောဂါကာကွယ်ပြီးကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာရေယာဉ်မှူးနှင့် တာဝန်ရှိသူများအား ထောက်ခံချက် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

၅၆။ ကျန်းမာရေးအရာရှိသည် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေးကင်းရှင်းကြောင်း ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေတောင်းဆိုခြင်းမပြုရ။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြန်မာ့အသံရေဒီယိုအစီအစဉ်များကို နေပြည်တော်နှင့် စစ်ကိုင်းမြို့တို့ အပါအဝင် မြို့ကြီးခြောက်မြို့၌ FM စနစ်ဖြင့် နားဆင်နိုင်ပြီ

နေပြည်တော် မတ် ၆

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များနှင့်အတူ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို လက်ရှိထုတ်လွှင့်နေသည့် Medium Wave၊ Short Wave စနစ်ထက် ပိုမိုအရည်အသွေးကောင်းမွန်သော FM စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စက်ရုံ ၁၈ ရုံအတွက် စက်ပစ္စည်းများ ဝယ်ယူခဲ့ပြီးမြို့ကြီး ၁၅ မြို့တွင် တပ်ဆင်ထုတ်လွှင့်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

လွှင့်အား 2 KW ရှိအဆိုပါ FM စနစ်စက်ပစ္စည်း ၁၈ စုံအနက် သုံးစုံကို သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် တပ်ဆင်ပေးရန်အရန်အဖြစ်ထားရှိမည်ဖြစ်ပြီး ကျန်၁၅ စုံကို လှိုင်ကော်၊ကနေဒီ၊ စစ်ကိုင်း၊ မြိတ်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ နေပြည်တော် ပျဉ်းမနား၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ လားရှိုး၊ ပုသိမ်၊ ပိန္နဲတောင်၊ မောင်တောမြို့တို့တွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ လက်ရှိတွင် အဆိုပါ ၁၅ မြို့အနက် အောက်ပါမြို့ကြီးခြောက်မြို့တွင် တပ်ဆင်ပြီးစီး၍ စတင်ထုတ်လွှင့်နေပြီဖြစ်သည်။

နေပြည်တော်ပျဉ်းမနားတွင် 94.9MHz ဖြင့် ၆-၂-၂၀၁၄ရက် မှစ၍ ထုတ်လွှင့်လျက်ရှိပြီး မြောက်ဘက် မိုင်၃၀အကွာရှိ နေပြည်တော် တပ်ကုန်းမြို့အထိလည်းကောင်း၊ အရှေ့ဘက် ၁၂မိုင် အကွာရှိ ရေဆင်း၊ သိုက်ချောင်း အထိလည်းကောင်း၊ တောင်ဘက် ၃၅မိုင်အကွာရှိ မြို့လှ၊ ရေနီ၊ သာဂရအထိ လည်းကောင်း၊အနောက်ဘက်၁၂မိုင်အကွာရှိ တောင်ညို၊ နေပြည်တော်လယ်ဝေး မြို့အထိလည်းကောင်း ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

စစ်ကိုင်းမြို့တွင် 94.6MHz ဖြင့် ၉-၂-၂၀၁၄ရက်မှစ၍ ထုတ်လွှင့်လျက်ရှိပြီး မြောက်ဘက် ၃၅မိုင်အကွာရှိပဒူ၊ ခက်ခ၊ မတ္တရာ၊ ပင်လယ်အင်း၊ ညောင်ဝန်းအထိလည်းကောင်း၊ အရှေ့ဘက် ၁၅ မိုင်အကွာရှိ ပုသိမ်ကြီး၊ ဆည်တော်၊ ကျောက်မီးကျေးရွာများအထိလည်းကောင်း၊တောင်ဘက် မိုင်၅၀ အကွာရှိ ကျောက်ဆည်၊ မြစ်သား၊ သဲတော၊ ဝမ်းတွင်းမြို့များအထိ လည်းကောင်း၊ အနောက်ဘက်မိုင် ၃၀ကျော်ရှိ မြင်းမူ၊ အာလကပ္ပအထိလည်းကောင်း ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

လားရှိုးမြို့တွင် 91.3MHz ဖြင့်၁၂-၂-၂၀၁၄ ရက်မှစ၍ ထုတ်လွှင့်လျက်ရှိပြီး လားရှိုးမြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်၊ ဟူးမွန်၊ မန်အိုင်၊ မယ်ဟန်၊ ကုန်းဆာ၊ ဟိုပိတ်၊ ဟိုနား၊ ဆွန်ကွယ်၊ မန်းစံ၊ လွယ်တောက် စသည့်ကျေးရွာများမှ ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

မော်လမြိုင်မြို့တွင် 91.3MHz ဖြင့်၁၆-၂-၂၀၁၄ ရက်မှစ၍ ထုတ်လွှင့်လျက်ရှိပြီး မြောက်ဘက်၁၅မိုင်အကွာရှိ ပေါင်မြို့၊ နတ်မော်၊ နောင်လုံမြို့နယ်များအထိလည်းကောင်း၊ အရှေ့ဘက် မိုင် ၃၀ အကွာရှိ ဇာသပြင်၊ ကော့ဘိမ်း၊ တနင်းတဒိုက် ကျေးရွာများအထိလည်းကောင်း၊ တောင်ဘက် မိုင်၂၀ အကွာရှိ မုဒုံ၊ တော်ကူး၊ ကမာဝက်၊ အုတ်ဖို အထိလည်းကောင်း အနောက်ဘက် ၁၈ မိုင်အကွာရှိ ဘီလူးကျွန်း၊ ချောင်းဆုံ၊ အဘစ်၊ ခင်တန်းကျေးရွာများအထိလည်းကောင်း ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ပုသိမ်မြို့တွင် 92.5MHz ဖြင့် ၂၅-၂-၂၀၁၄ ရက်မှစ၍ ထုတ်လွှင့်လျက်ရှိပြီး မြောက်ဘက် မိုင်၂၀ အကွာရှိ သာပေါင်းအထိလည်းကောင်း၊ အရှေ့ဘက် မိုင်၃၀အကွာရှိ အိမ်မဲအထိလည်းကောင်း၊ တောင်ဘက် မိုင် ၂၅မိုင်အကွာရှိ ငပုတောမြို့နယ် တောင်ကလေးကျေးရွာအထိလည်းကောင်း၊ အနောက်ဘက် ၁၅ မိုင်အကွာရှိ ကြာနီကန်၊ ကန်ရွာ၊ လွှစင်ကုန်းကျေးရွာအထိလည်းကောင်း ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

မင်းဘူးမြို့နယ်တွင် 92.5 MHz ဖြင့် ၂၇-၂-၂၀၁၄ ရက်မှစ၍ ထုတ်လွှင့်လျက်ရှိပြီး မြောက်ဘက်မိုင်၃၀ အကွာရှိ စလင်း၊ ပွင့်ဖြူ ရေနံချောင်းမြို့များအထိလည်းကောင်း၊ အရှေ့ဘက် မိုင်၃၀ အကွာရှိ နတ်မောက်မြို့ အထိလည်းကောင်း၊ တောင်ဘက် ၃၅မိုင် အကွာအထိ မင်းလှ၊ ဆင်ပေါင်ဝဲမြို့များအထိလည်းကောင်း၊ အနောက်ဘက် ၂၅မိုင်အကွာရှိ ခွန်သာ၊ ဆင်ခေါင်းနှင့် ပျော်ဘွယ်ကျေးရွာများအထိလည်းကောင်း ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ကျန်ရှိနေသည့် စက်ရုံကိုးရုံ၌ FM စနစ်တိုးချဲ့ထုတ်လွှင့်ဆောင်ရွက်မှုများကို မေလအတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ရာ လက်ရှိတွင် ပဲခူးနှင့်ပုပ္ပားတို့၌ ဆက်လက်တပ်ဆင်လျက်ရှိပြီး ဒုတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၂၅ ရုံ၌ FM စနစ်များ ထပ်မံတိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာကန်ရေဖြင့် နွေစပါးများစတင်ပျိုးထောင်

မိတ္ထီလာ မတ် ၆

မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာကန်(မြောက်ကန်)ဖြင့် နွေစပါးများကို ဇောင်းချမ်းကုန်း၊ ရှမ်းတဲ၊ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မကျီးချောက်၊ ပဖြူ ရွာသာအေး၊ ဝွေးတောက်ကုန်း၊ ညောင်ကုန်း၊ ဓမ္မပါလ၊ သဲကုန်းစသည့် ကျေးရွာများမှ မိတ္ထီလာကန် ရေဖြင့် မနောသုခ၊ ရက်ကိုးဆယ်ရက်တစ်ရာစသည့်စပါးမျိုးစေ့ သက်တမ်းတိုသည့်စပါးများကို စတင်ပျိုးထောင်လျက်ရှိကြောင်း သိရသည်။

“နွေစပါးကို မတ်လ ပထမပတ်မှာ စတင်ပျိုးထောင်ကြပြီး စတင်ပျိုးထောင်မယ်ဆိုရင် ပျိုးမထောင်ခင် စပါးမျိုးစေ့ကို ရေတွင်တစ်ညစိမ်၍ အညှောင့်ဖောက်ပြီး ပျိုးထောင်ကြသလို အညှောင့်မဖောက်ဘဲ ပျိုးထောင်သူများလည်းရှိတယ်။ တချို့က ရေမစိမ်ဘဲ တိုက်ရိုက်မြေကြီးချ ပျိုးထောင်ကြတယ်။ ပျိုးမထောင်ခင် ပျိုးထောင်မယ့်လယ်ကွက်ကို ထွန်ယက်ပြီးလျှင် မြေဩဇာများ၊ နွားချေးများထည့်၍ ပေါင်များဆွဲပြီး အညှောင့်ဖောက်ထားသည့် စပါးမျိုးစေ့များကို ပေါင်များပေါ်သို့ချ၍ ပျိုးထောင်ကြတယ်။ ပျိုးမထောင်ဘဲ လယ်ကွက်အတွင်းသို့ တိုက်ရိုက်စနစ်ဖြင့် စိုက်ပျိုးသူများရှိသော်လည်း စိုက်ပျိုးသူအနည်းငယ်သာရှိပြီး ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးသူများသာ ပိုများတယ်။ မနှစ်က နွေစပါး မစိုက်ပျိုးရဘူး၊ ဒီနှစ်တော့ မိုးဦးမိုးကောင်းတဲ့အတွက် ကန်ရေများပြည့်လျှံပြီး နွေစပါးများ စိုက်ပျိုးရတော့ လူအတွက် ဆန်စပါးများ ပိုလျှံသလို နွားစာအတွက်လည်း အဆင်ပြေမှာပါ”ဟု မကျီးချောက် ကျေးရွာတွင် နွေစပါး ပျိုးထောင်နေ သူတစ်ဦးက ပြောကြားသည်။

> မိုးဦးမိုးကောင်းတဲ့အတွက် ကန်ရေများ ပြည့်လျှံ . . .

သိန်းမြင့်ကျော်(မိတ္ထီလာ)

မုဒိမ်းမှုပပျောက်ရေး ဆန္ဒဖော်ထုတ်

ရန်ကုန် မတ် ၆

မြို့နယ်အတွင်း မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပေးပညာပေး ဟောပြောပွဲကို မတ် ၂ရက် ညနေ ၅နာရီက ကြည့်မြင်တိုင်မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်း၌ ကျင်းပခဲ့သည်။ မှုခင်းအသိပညာပေး ဟောပြောခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစိုးသင်က ဟောပြောခဲ့ပြီး မြို့နယ် မြို့မရဲစခန်းမှူး ဒုတိရဲမှူး တိုးရွှေ ဦးဆောင်သောဈေးကလေး၊ ဘောဂဈေးကြီး အရှေ့/အနောက်ရပ်ကွက်မှ ပြည်သူ ၂၀၀ ကျော်တို့က ကြွေးကြော်သံဆိုင်းဘုတ်များ ကိုင်ဆောင်၍ မုဒိမ်းမှု ကျူးလွန်သူတို့ကို ဆန္ဒထုတ်ဖော်ရှုတ်ချခဲ့ကြသည်။

(၀၄၂)

မွန်ပြည်နယ် (၁၀) မြို့နယ်တွင် လူကုန်ကူးမှုတားဆီးအသိပညာပေးဟောပြော

မော်လမြိုင် မတ် ၆

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကဦးဆောင်၍ မွန်ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် မွန်ပြည်နယ်တွင်ရှိသော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၉) မော်လမြိုင်မှ တပ်ဖွဲ့စုမှူး ရဲမှူးအေးသိန်းသည် မြို့နယ်အသီးသီးတွင် ကွင်းဆင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဟောပြောပွဲများ ကျင်းပလျက်ရှိသည်။

ယင်းစီမံချက်အရ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီ ရန်မြို့အောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒုရဲအုပ်ငွေလွင်ကလည်းကောင်း၊ ကျိုက်ထိုမြို့နယ် ကင်မွန်ချောင်ကျေးရွာ ဓမ္မာရုံတွင်ရဲမှူးအေးသိန်းကလည်းကောင်း၊ မော်လမြိုင်မြို့ မုရောင်ကျေးရွာတွင် ရဲအုပ်သန်းငွေဝင်းကလည်းကောင်း၊ ပေါင်မြို့နယ် မုတ္တမကျွဲခြံကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် နယ်မြေတာဝန်ခံ ရဲအုပ်မောင်မောင်ဟန်တို့က လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများနှင့်တားဆီးကာကွယ်ရေး ဥပဒေအကြောင်းကိုလည်းကောင်း၊ မုတ္တမနယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းလွင်က မှုခင်းကျဆင်းရေး အကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးဘုရားလမ်းဆုံနှင့် မပ္ပလင်လမ်းဆုံတို့တွင် “လူကုန်ကူးကျွန်ပြုခြင်း အမြစ်ဖြတ်အပြတ်ရှင်း” စာသားပါပညာပေးမြေစိုက်ပိုစတာနှစ်ခု တစ်ပြိုင်တည်း စိုက်ထူခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ ဒုရဲအုပ်နှင့်အထက်အရာရှိများအား လူကုန်ကူး တပ်ဖွဲ့စု(၉) မော်လမြိုင်မှ လူကုန်ကူးမှုဆိုင်ရာ အခြေခံသိသင့်သည့်အချက်အလက်နှင့် တွေ့ဆုံမေးမြန်း လုပ်ငန်းလမ်းညွှန်စာအုပ် ၃၀၀ ဖြန့်ဝေထားရှိကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၀၀၇/က၊ မြေကွက်တည်နေရာအမှတ် ၁၀၀၇/က၊ ရတနာပုံ ၁၁လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဦးလှမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးလှမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကျင်မြ ၁၂/သကတ(နိုင်)၀၂၅၂၃၈မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် ၁၀၈၊ မြေကွက်တည်နေရာအမှတ် ၁၀၈၊ ပီမိုးနင်းလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာ ဦးလှကြိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးလှကြိုင်ကွယ်လွန်သဖြင့် ဒေါ်တိုးရီ ၁၂/ရကန(နိုင်)၀၂၇၈၉၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ ရှမ်းစု ၂လမ်းနေ ဦးထွန်းကြည်၏သမီး မနုနုနိုင် ၁၂/တကန(နိုင်)၀၀၄၁၅၃နှင့် မတင်တင်ခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပဲခူးမြို့နယ်တရားမရုံးတော်၌

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၃၅ နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၄

မန်နေဂျာ **နှင့်** ၁။ ဦးသိန်းထွန်း

မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်အေးမြင့်

ပဲခူးမြို့။

တရားနိုင် **တရားရှုံးများ**

ပဲခူးမြို့၊ ရပ်ကွက်(၇)၊ ရပ်ကွက်ကြီး(၃)၊ အမှတ် ၃၂၂၊ ၅လမ်းနေ (၁) ဦးသိန်းထွန်း၊ (၂) ဒေါ်ခင်အေးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၃၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၂၄ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စိုး)

မြို့နယ်တရားသူကြီး

ပဲခူးမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပဲခူးမြို့နယ်တရားမရုံးတော်၌

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၆၉ နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၃

မန်နေဂျာ **နှင့်** ၁။ ဦးထွေးကြည်

မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်သန်းရွှေ

ပဲခူးမြို့။

တရားနိုင် **တရားရှုံးများ**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၁၇၁၇ နေ (၁) ဦးထွေးကြည်၊ (၂) ဒေါ်သန်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၆၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၂၅ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စိုး)

မြို့နယ်တရားသူကြီး

ပဲခူးမြို့နယ်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၇၀၊ ဦးပိုင်အမှတ် (ယခင်-၁၀)(ယခု-၃၈)၊ ၃၃×၃၄လမ်းကြား၊ ၈၇×၈၈ ကြား၊ မောင်စံညွန့်၊ မဇေသွယ်အမည်ပေါက် ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဖခင်ဦးစံညွန့်၊ မိခင်ဒေါ်ဇေသွယ်တို့ကွယ်လွန်၍ ဒေါ်မြင့်၊ ဦးစိုးမောင်၊ ဦးတိုးရွှေဟူ၍ သားသမီးသုံးဦး ကျန်ရစ်ခဲ့ပါသည်။ ဒေါ်မြင့်နှင့်ခင်ပွန်းဖြစ်သူ ဦးသန်းဖေ၊ဦးစိုးမောင်(လူပျိုကြီးဘဝ)၊ ဦးတိုးရွှေနှင့်ဇနီး ဒေါ်သိန်းရွှေတို့နှင့်အတူ ဒေါ်မြင့်၏သားများဖြစ်သော ဦးကျော်မင်း၊ ဦးသန်းဝင်း(လူပျိုကြီးဘဝ)၊ ဦးတိုးရွှေ၏ သားသမီးများဖြစ်သော ဦးအောင်ဒင်(လူပျိုကြီးဘဝ)၊ ဒေါ်အေးအေးနှင့် ခင်ပွန်းဖြစ်သူ ဦးမောင်မောင်တို့ အသီးသီးကွယ်လွန်သွားပါသဖြင့် ဒေါ်မြင့်၏ ကျန်သားများဖြစ်သော ဦးကြည်ဝင်း ၉/မနတ(နိုင်)၀၅၀၂၇၈၊ ဦးစိုးဝင်း ၉/မနတ(နိုင်)၀၅၀၂၈၀၊ ဦးသိန်းဝင်း ၉/မနတ(နိုင်)၀၅၀၂၈၂နှင့်ဦးတိုးရွှေ၏ ကျန်သားသမီးမြေးများဖြစ်သော ဦးခင်မောင် ၉/မနတ(နိုင်)၀၅၃၂၉၁၊ ဒေါ်ခင်ဝင်း ၉/မနတ(နိုင်)၀၅၃၂၈၇၊ ဒေါ်ခင်ငွေး ၉/မနတ(နိုင်)၀၅၃၂၈၃၊ ဒေါ်ထွေးထွေး ၉/မနတ(နိုင်)၀၅၃၂၈၈၊ ဦးမြင့်ခိုင် ၉/မနတ(နိုင်)၀၄၉၇၂၈၊ ဒေါ်မိမိခိုင် ၉/မနတ(နိုင်)၀၅၃၂၈၉၊ ဦးမြင့်နိုင် ၉/မနတ(နိုင်)၀၅၃၂၉၀၊ ဒေါ်ယဉ်အေးသွယ် ၉/မနတ(နိုင်)၀၀၀၅၃၅၊ ဒေါ်ခင်လေးနွယ် ၉/မနတ(နိုင်)၀၀၀၅၃၆၊ ဒေါ်ဝင်းဝင်းမော် ၉/မနတ(နိုင်)၀၉၆၇၀၄တို့မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဦးပိုင်(ယခင်-၁၀)(ယခု-၃၈)(ခဲစင်း)၏ (မြောက်ဘက်ခြမ်း)အား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်နှင့် (တောင်ဘက်ခြမ်း)အား စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့် ကျေးလက်နေပြည်သူများ လျှပ်စစ်စွမ်းအင်အသုံးပြုနိုင်ပြီ

သတင်း-ဇူလိုင်မိုး
ဓာတ်ပုံ-မေမိုးသဲ

နေပြည်တော် မတ် ၅

မတ် ၂ ရက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သစ်သီးဝလံပြပွဲများ၊ ပျားမွေးမြူရေးပြခန်းများ၊ ငါးမွေးမြူရေးပြခန်းများ၊ နွားအလှပြပွဲများ၊ ကြက်မွေးမြူရေးပြခန်းများစသည်ဖြင့် ခင်းကျင်းပြသလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြခန်း၌ ဆိုလာခေါ် နေစွမ်းအင်သုံးစနစ်ဖြင့် မီးလင်းရေးပြခန်းများကို ခင်းကျင်းပြသပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး လျှပ်စစ်မရှိသေးသော ကျေးလက်နေပြည်သူများအတွက်ရည်ရွယ်၍ ကျေးလက်နေပြည်သူများအသုံးဝင်မည့် နေစွမ်းအင်စနစ်ဖြင့် မီးလင်းစေရေးပြခန်းသို့ မြန်မာ့အလင်းမှ သွားရောက်မေးမြန်းခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ နေစွမ်းအင်မှထုတ်ယူရရှိသော လျှပ်စစ်စနစ်ဖြင့် လူတန်းစားမရွေး အသုံးပြုနိုင်ရန် အသက်သာဆုံးဈေးနှုန်းဖြင့် ဖြန့်ချိပေးထားပါတယ်။ ဆိုလာပြားအရွယ်အစားပေါ်မှာမူတည်ပြီး မီးလုံးရေကို သတ်မှတ်ထားပါတယ်။ ယခုအချိန်အထိ အိမ်ခြေ နှစ်သောင်းခွဲခန့်အထိ တပ်ဆင်ပေးထားနိုင်ခဲ့ပါတယ်။ သုံးစွဲသည့် ပြည်သူများထံမှလည်း သုံးစွဲရမှုအဆင်ပြေကြောင်း ပြန်လည်ကြားသိရပါတယ်"ဟု ပြခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က လျှပ်စစ်မီးမရနိုင်သည့် ကျေးရွာများတွင် မီးခွက်၊ ဖယောင်းတိုင်မီးများကို အဓိကသုံးစွဲခဲ့ရသဖြင့် မီးဘေးအန္တရာယ်ကို စိုးရိမ်ခဲ့ရပြီး ယခုအခါတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို အသုံးပြုခြင်းဖြင့် မီးလင်းအားပိုကောင်းကာ သုံးစွဲမှုအဆင်ပြေလျက်ရှိသည်။ ထို့အပြင် မီးဘေးအန္တရာယ်မှ ကာကွယ်ရာလည်း ရောက်သည်။

"ဆိုလာပြား၏အားသာချက်မှာ အလိုအလျောက် မီးအားချိန်ညှိပေးသော Program စနစ်ဖြင့် ဘက်ထရီသက်တမ်းကို တာရှည်စွာခံနိုင်ပြီး သက်သောင့်သက်သာ အသုံးပြုနိုင်ပါတယ်။ ဖုန်းအားသွင်းနိုင်သည့်စနစ်ကိုလည်း ထည့်သွင်းဖွဲ့စည်းထားပါတယ်။ ဆိုလာပြားရဲ့ သက်တမ်းက အနည်းဆုံး ၁၀ နှစ်အထိ အသုံးပြုနိုင်ပြီး ဘက်ထရီမှာ အခြောက်ခံစနစ်ဖြစ်၍ မိုးရေနှင့် အက်စစ်တို့ဖြည့်စရာမလိုသောကြောင့် စနစ်တကျသုံးစွဲမည်ဆိုပါက အနည်းဆုံး တစ်နှစ်ခန့်အထိ အသုံးပြုနိုင်ပါတယ်" ဟု ပြခန်းတာဝန်ခံက ဆက်လက်ရှင်းပြသည်။

နေရောင်ခြည်သုံး ဆိုလာပြားများကို အသုံးပြုခြင်းဖြင့် ကျေးလက်နေ ပြည်သူများသည် ရုပ်မြင်သံကြားမှ မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို အချိန်နှင့်တစ်ပြေးညီ ဖမ်းယူကြည့်ရှုနိုင်သောကြောင့် ကျေးလက်နေပြည်သူများဘဝ တိုးတက်လာမည်ဖြစ်သည်။ ယခင်က ဘက်ထရီအိုးများကို အသုံးပြုရာတွင် အားပြန်လည်သွင်းရပြီး သယ်ယူရခက်ခဲခဲ့သည်။ ယခုအခါ နေရောင်ခြည်မှ စွမ်းအင်ကိုယူပြီး ဆိုလာလျှပ်စစ် စွမ်းအင်သုံးစနစ်ကို အသုံးပြုခြင်းဖြင့် လိုအပ်သည့် စွမ်းအင်ကိုရရှိနိုင်သည်။ ရှော့ခ်ဖြစ်ခြင်းမရှိသည့်အပြင် မီးဘေးအန္တရာယ်ကိုလည်း လုံခြုံစိတ်ချရသည့်အတွက် ခေတ်မီဆိုလာပြားများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာနေပြီဖြစ်သည်။ ကျေးလက်နေပြည်သူများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် ငွေကုန်ကြေးကျသက်သာစွာဖြင့် မီးလင်းနိုင်ပြီဖြစ်ရာ ကျေးလက်နေပြည်သူများ လူမှုဘဝတိုးတက်လာမည်ဖြစ်သည်။

နေစွမ်းအင်သုံးဆိုလာပြားများကို အိမ်ထောင်စုတစ်စုစာ မီးလင်းရေးအတွက် အနည်းဆုံးငွေကျပ် ၁၆၇၀၀ မှ အများဆုံး ငွေကျပ် ၆၀၀၀၀ အထိ ကုန်ကျမည်ဖြစ်ပြီး တီဗွီ၊ DC ရေမော်တာများ အသုံးပြုမည်ဆိုပါက ငွေကျပ်သုံးသိန်းကျော်ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ အိမ်ထောင်စု ၆၀ စာ မီးတစ်ပွင့်သာ သုံးမည်ဆိုလျှင် ငွေကျပ်ခုနစ်သိန်းခွဲခန့်သာ ကုန်ကျမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် တစ်ချိန်က မီးရရှိရေး ခက်ခဲသော ကျေးလက်ဒေသများမှာ ယခုအခါ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ပေးနိုင်သည့် ဆိုလာပြားများကို အသုံးပြုခြင်းဖြင့် မီဒီယာများမှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများကို မြို့ကြီးပြကြီးနှင့်မခြား သိခွင့်၊ ကြည့်ခွင့်၊ လေ့လာခွင့်ရရှိနိုင်ပြီး ကျေးလက်နေပြည်သူများ၏ ဘဝစိုပြည်လှပ သာယာလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

သတင်းတို

ထင်းများအခမဲ့ ဖြန့်ဖြူး

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှဦးစီးအရာရှိနှင့် ဝန်ထမ်းများက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမွေတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသော ထင်း ၁ ဒသမ ၉၀ တန်ကို ငှေးအောင်ကျေးရွာမှ ဒေသခံပြည်သူများကို မတ် ၄ ရက်မှစ၍ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၁၃၅)

ကွန်ကရစ်လမ်း ဖောက်လုပ်

ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ၌ တံတား-ပုတ္တလုတ် ၃ မိုင် ၆ ဖာလုံ ကွန်ကရစ်လမ်းကို ယခုဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပြီးစီးသွားပါက တံတားမြို့နယ်ရှိကျေးရွာပေါင်း ၁၄ ရွာ အိမ်ခြေ ၃၄၈၇ မှ ပြည်သူ ၁၇၈၇၆တို့ သွားလမ်းသာ၍ လာလမ်းများ ဖြောင့်ဖြူးတော့မည်ဖြစ်ခြင်းကြောင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးကျော်လင်းသန်းနှင့်အဖွဲ့က မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ကိုကြီးတင်

အပူဒဏ်ကြောင့် ငါးသေဆုံးမှုနိုးဆော်ချက်

❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါကကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ လေမှုတ်ပေးခြင်းစသည့်နည်းလမ်းများ ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။

❖ ရေငွေ့ပြန်ခြင်းကြောင့် ကန်ထဲတွင် ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်း စားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်းမြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူမှုနှုန်းကိုလည်း လျှော့ချရန်။

❖ ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်။

❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။

❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။

❖ ကန်ရေအရောင်အသွေးသတ်မှတ်ချက်များဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင် ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။

❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေမည့် ကစော်ဖတ်၊ ဝါဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးရန်။

❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။

❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရန်။

❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။

❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

သတိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ညံတော ၁၄လမ်း၊ အိမ်အမှတ် ၈၁ နေ ဒုတိယဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ (ရပ်ကွက်ကြီး-၁၂)၊ ကွင်းအမည် ရေချမ်းအိုး(အရှေ့)၊ ကွင်းအမှတ်(၆၈၁/ဂ) ဦးပိုင်အမှတ်(N-15)၊ မြေဧရိယာ ၄ဒသမ ၇၁ဧက၊ အကျယ်အဝန်း (အရှေ့အနောက် ပေ ၄၀၀×၄၉၂ ပေ၊ တောင်နှင့် မြောက် ၃၂၅ပေ × ၅၈၇ ပေ)မြေအား ကျွန်ုပ်၏မိတ်ဆွေ ကြည်း/၉၆၆၄ ဒုတိယဗိုလ်မှူးကြီးဘမြင့်(ငြိမ်း) ၉/မမန(နိုင်)၀၁၃၉၄၅ သည် စစ်တက္ကသိုလ်(အင်္ဂလိပ်စာဌာန) ဌာနမှူး တာဝန်ထမ်းဆောင်နေစဉ် ၁၉၈၆ခုနှစ်ကတည်းက ပြင်ဦးလွင်မြို့ မြေစာရင်းရုံး၊ မြေပုံနှင့်မြေစာရင်းမှတ်ပုံတင် ၄၆တွင် တရားဝင်အမည်ပေါက်ကာ ယနေ့ထိတိုင်အောင် နှစ်ပေါင်း ၃၀ နီးပါး ဓားမဦးချလက်ငုပ်လက်ရင်း ပိုင်ဆိုင်လုပ်ကိုင်လာခဲ့ပြီး မြေခွန်ပြေစာများကိုလည်း ၁၉၈၆-၁၉၉၇ခုနှစ်မှ နှစ်စဉ်ပေးဆောင်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ယခုအခါ ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၃-၅-၂၀၁၃ရက်စွဲဖြင့် ရတနာပုံသတင်းစာပါကြေညာချက်ကို ဖောက်ဖျက်ဆန့်ကျင်ကာ အဆိုပါကျွန်ုပ်၏မိတ်ဆွေပိုင် မြေကွက်အတွင်းသို့ တရားမဝင်ကျူးကျော်ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ရန် စီစဉ်နေခြင်း၊ တရားမဝင်ကျူးကျော်ဝင်ရောက် ကျောက်တိုင်စိုက် ခြံစည်းရိုးခတ်ရန် အားထုတ်ခြင်း၊ တရားမဝင်ကျူးကျော်ဝင်ရောက် တဲဆောက်ကာ အိမ်နံပါတ် ၄၄၁ ဟု တပ်ဆင်ထားသည်ကို တွေ့ရှိပါသဖြင့် ပိုင်ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာမရှိဘဲ တရားမဝင် ကျူးကျော်ဝင်ရောက် တဲဆောက်ထားခြင်းအား အမြန်ဆုံးဖျက်ပေးပါရန်နှင့် တရားမဝင် ကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်ရန် အားထုတ်နေခြင်းမှ အမြန်ဆုံးရပ်ဆိုင်းပေးပါရန် သတိပေးကြေညာအပ်ပါသည်။ ဆက်လက်ကျူးလွန်နေမည်ဆိုပါက ကျွန်ုပ်မိတ်ဆွေ ဒုတိယဗိုလ်မှူးကြီးဘမြင့်မှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ်-၄၅၅၀
အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်
ဖုန်း-၀၈၅-၂၃၂၄၁၊ ၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆

မြို့လယ် မြေကွက် အမြန်ရောင်းမည်

၅၇ လမ်း၊ (ပေ ၅၀ × ပေ ၆၀)

(အရှေ့လှည့်)

ဖုန်း - ၀၉-၄၀၁၅၄၀၆၉၉

အမှတ် ၆၆၊ မြယမုံ ၂ လမ်း၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၆၆၊ ဧရိယာ စ/ပေ ၄၇၅၀ အကျယ်ရှိ ဦးစိုးအောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်လုံးချင်းအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဒေါ်စန်းစန်းရီ ၁၂/လသန(နိုင်)၀၀၁၆၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် (ယခင် ၁၅၊ ဋ-၁၊ ယခု-၄၄)၊ မြေကွက်တည်နေရာအမှတ် ၁၂၃/အေ၊ ရတနာမဏ္ဍူလမ်း၊ ဆ/က ရပ်ကွက်ရှိ မခွဲမစိတ်ရသေးသော အလျားပေ ၄၀× အနံပေ ၆၀ မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုဆက်စပ်စာချုပ်အရ ပိုင်ဆိုင်သူ ဒေါ်ပြုံး ၁/မကတ(နိုင်)၀၀၇၇၅၉ ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်စောမိ ၁၃/ကလန(ဧည့်)၀၀၀၂၈၄ သည် နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထား စာရွက်စာတမ်းအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စောမိ
၁၃/ကလန(ဧည့်)၀၀၀၂၈၄
ဖုန်း-၀၉-၅၅၀၀၄၄၅

မော်ကျွန်းမြို့တွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး လိုအပ်လာ

ရေပတ်လည်ဝိုင်းရံနေပြီး ကျွန်းသဖွယ်ဖြစ်နေသော မော်ကျွန်းမြို့တွင် ၂၀၀၈ ခုနှစ် နာဂစ်ဒဏ်ခံစားရပြီးနောက် နိုင်ငံတော်မှ ဖောက်လုပ်ပေးခဲ့သော လမ်းကွန်ရက် ၁၁ လမ်းမှ လမ်းအချို့နှင့် ရာဇူဒိုင်တံတား(၁)၊ (၂)တို့ကြောင့် ပြည်တွင်းရှိ အခြားမြို့ရွာများနှင့် ကားလမ်းခရီး ပေါက်ရောက်လာပါသည်။ ယခင်မော်တော်ဆိုင်ကယ်အများအပြားနှင့် အိမ်စီးယာဉ်ငယ် အနည်းငယ်သာရှိခဲ့သော်လည်း ယခုအခါ စက်တပ်ယာဉ်မျိုးစုံ (ကုန်ကားကြီးများမှလွဲ၍) ဝင်/ထွက်မှု ရှိလာပါသည်။

သို့သော် မြို့လယ်မှလွဲ၍ ကျန်လမ်းမနှင့် လမ်းသွယ်များပေါ်တွင် လူအသွားအလာနည်းသကဲ့သို့ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီယာဉ်များမှလွဲ၍ ကျန်စက်တပ်ယာဉ်များ သွားလာမှုနည်းပါးသည်။ မြို့တွင်း စည်းကမ်းမဲ့မောင်းနှင်သော မော်တော်ဆိုင်ကယ်များကြောင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားလေ့ရှိပြီး ယာဉ်တိမ်းမှောက်မှုကြောင့်သာ လူသေဆုံးမှုရှိခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီနောက်ဆုံးပတ်အတွင်း ကမ်းနားလမ်းမနှင့် ၅ လမ်းထိပ်နေရာတွင် မြို့တွင်းမှ ဈေးဝယ်အပြန် အသက် ၄၀ ဝန်းကျင် အမျိုးသမီးတစ်ဦးကို မြို့ပြင်သွားမည့် အိမ်စီးယာဉ်ငယ်တစ်စီးမှ အရှိန်ပြင်းပြင်းဖြင့်ဝင်တိုက်မိရာ ကားဖြင့်ချိတ်ပါသွားပြီး ၃ လမ်းထိပ်ထိ ကားနှင့်အတူပါသွားရာမှ ဆေးရုံပို့ကုသရာ သေဆုံးသွားကြောင်း၊ ယင်းသို့ ယာဉ်တိုက်မိ၍ လမ်းသွားလမ်းလာတစ်ဦးသေဆုံးမှုသည် မော်ကျွန်းမြို့ပေါ်တွင် မကြုံတွေ့ဖူးသဖြင့် လမ်းသွားလမ်းလာများ ဘေးအန္တရာယ်ကင်းရှင်းရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း မြို့သူမြို့သားများက ဆိုသည်။

ပလက်ဖောင်းရှိသည့် လမ်းအရေအတွက်မှာ နှစ်လမ်းသာရှိပြီး လမ်းသွားလမ်းလာများမှာ ကားလမ်းမပေါ်မှသာ သွားနေရကြောင်း၊ ယာဉ်နှင့် လူသွားလာမှုများပြားသော ရန်ကုန်မြို့တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးရမှုသည် ထူးဆန်းမှုမရှိသော်လည်း လမ်းသွားလမ်းလာနည်းပြီး မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီသာသွားလာမှုရှိသည့် အိမ်စီးယာဉ်၊ ခရီးသည်တင်ယာဉ်များ၊ ကုန်ကားငယ်များ သွားလာမှု မရှိသလောက်နည်းသော ကမ်းနားလမ်းမ မြို့ပြင်သို့ထွက်ရာ လမ်းပိုင်းတွင် လူသေဆုံးရသည်အထိ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအပေါ် ဒေသခံများအနေဖြင့် မော်ကျွန်းမြို့တွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိရောက်သော အကာအကွယ်ပေးမှုကို လိုအပ်လျက်ရှိသည်ဟု သိရသည်။

မော်ကျွန်းမြို့သည် ဘိုကလေး-မော်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်း၊ ပြင်စလူ-လှိုင်းဘုန်း-မော်ကျွန်းလမ်း၊ မအူပင်-ရေလဲ-ရွှေတော်မှော်-ကျိုက်ပိ-မော်ကျွန်းလမ်း သုံးလမ်းဆုံရာမြို့ဖြစ်သည့်အတွက် အဆိုပါလမ်းများအားလုံး တည်ဆောက်ပြီးစီးချိန်တွင် ယာဉ် အဝင်အထွက် ပိုမိုများပြားလာနိုင်သဖြင့် ယာဉ်စည်းကမ်းလိုက်နာရေး အထူးအလေးပေးဆောင်ရွက်ရန်လိုအပ်နေပြီဟု ဒေသခံများမှ ဆိုသည်။

ခင်ဆိုင်

> စည်းကမ်းမဲ့မောင်းနှင်သော ဆိုင်ကယ်များကြောင့် ထိခိုက်မှုများ ဖြစ်ပွားလေ့ရှိ . . .

မြေအောက်ရေသုံးစွဲရ၍ကံတော်သာ ဒေသခံများဝမ်းသာပျော်ရွှင်

ဆားလင်းကြီး မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် လူနှင့်တိရစ္ဆာန်တို့ အသက်ရှင်ရပ်တည်နိုင်ရန် မရှိမဖြစ်အရေးပါသည့် သောက်သုံးရေကိုရရှိရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြရာတွင် မြေအောက်ရေကိုထုတ်ယူသုံးစွဲနိုင်သည့် ကျေးရွာများရှိခဲ့သလို မြေအောက်ရေကို ထုတ်ယူမသုံးစွဲနိုင်သည့် ကျေးရွာများလည်း ရှိခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့ရေး၊ မြေအောက်ရေထုတ်ယူသုံးစွဲနိုင်ရေး စသည့် ရည်ရွယ်ချက်ကောင်းများကြောင့် ဆားလင်းကြီးမြို့နယ် နှော့ကူးတို့ကျေးရွာအုပ်စု ကံတော်သာကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လေးလက်မပီဗွီစီပိုက်တွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် အနက်ပေ ၃၀၀ မှ ပိုက်ချရေမှတ်တင်နေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးသောင်းမြင့်နှင့် ကောင်းမြတ်ဟိန်းကုမ္ပဏီမှ တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါမြေအောက်ရေတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခွင့်ပြုရန်ပုံငွေဖြင့် ရေစင်၊ ရေကန်၊ အင်ဂျင်စက်၊ ပန့် နှစ်လက်မ၊ ပေ ၄၀၀၀ သွယ်တန်းခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်၍ ဒေသခံကျေးရွာသူ ကျေးရွာသားတို့မှာလည်း ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

> မြေအောက်ရေကို ထုတ်ယူသုံးစွဲနိုင်သည့် ကျေးရွာများရှိခဲ့သလို မြေအောက်ရေကို ထုတ်ယူသုံးစွဲနိုင်ခွင့် မရရှိသည့် ကျေးရွာများလည်းရှိနေ . . .

ပုဏ္ဏားကျွန်း IP Star ဂြိုဟ်တုဆက်သွယ်ရေး ပြုပြင်ရန်လိုအပ်

ပုဏ္ဏားကျွန်း မတ် ၆

ဖွံ့ဖြိုးမှုနောက်ကျပြီး တယ်လီဖုန်းဆက်သွယ်ရေးခက်ခဲသော ရခိုင်ဒေသတချို့၏ တယ်လီဖုန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်နှင့်ဒေသဖွံ့ဖြိုးမှုကို များစွာအထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် IP Star ဂြိုဟ်တုဆက်သွယ်ရေးဖုန်းများကို တပ်ဆင်ပေးခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် ဆက်သွယ်ရေး အကျိုးကျေးဇူးများအား ကိုယ်တွေ့ခံစားခဲ့ကြရပြီးဖြစ်ရာ နိုင်ငံတော်အစိုးရပေါ် များစွာကျေးဇူးတင်ဝမ်းမြောက်လျက်ရှိခဲ့ကြသည်။

သို့ရာတွင် အကျိုးရလဒ်များက ထင်သလောက် ခရီးမပေါက်ဘဲ IP Star ဂြိုဟ်တုဆက်သွယ်ရေးဖုန်းများမှာ နည်းမျိုးစုံဖြင့် ပျက်စီးပြီး ဆက်သွယ်မှုများ ပြတ်တောက်ခဲ့သည်။

IP Star Fax ဖုန်းများ အဆင်မပြေမှုများကြောင့် ဆက်သွယ်ရေးကို အခြေခံသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိခိုက်စေသည်။ အစိုးရနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများမှာလည်း မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများနှင့် ပြဿနာများကို မမျှော်လင့်ဘဲ ရင်ဆိုင်ကြုံတွေ့နေကြရသည်။

၂၀၁၃ ခုနှစ် ဇွန်လကတည်းက ပျက်စီးနေသော ပုဏ္ဏားကျွန်းမှ IP Star ဂြိုဟ်တုဆက်သွယ်ရေးနှစ်ခု အပါအဝင် ရခိုင်ပြည်နယ်အတွင်း ပျက်စီးနေသော IP Star ဂြိုဟ်တုဆက်သွယ်ရေးများအား အမြန်ဆုံး ပြန်လည်ပြုပြင်သင့်ပါကြောင်းရေးသားအပ်ပါသည်။

ညသူ

ကျေးလက်ဒေသ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်

လပွတ္တာ မတ် ၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးကြီးကြပ်ဦးဆောင်မှုဖြင့် လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို မတ် ၃ ရက်အထိ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာစောလွင်၊ ပါရဂူများ၊ ဒေါက်တာများက အထွေထွေရောဂါဝေဒနာရှင် ၁၃၅ ဦး၊ အရိုးအကြောဝေဒနာရှင် ၆၇ ဦး၊ ကလေးဝေဒနာရှင် ၃၆ ဦး၊ မျက်စိ ဝေဒနာရှင် ၁၅၉ ဦးအား စမ်းသပ်ပြီး လိုအပ်ပါက မျက်မှန်ပါ တစ်ပါတည်း တပ်ဆင်ပေးခြင်းနှင့် သွားဝေဒနာရှင် ၃၅ ဦး၊ သားဖွားမီးယပ် ဝေဒနာရှင် ၄၀ စုစုပေါင်းဝေဒနာရှင် ၄၇၂ ဦးတို့ကို ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စားသုံးသူအကာအကွယ်ပေးရေး ဟောပြော

မြင်းခြံ မတ် ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို မြင်းခြံမြို့ရှိ ကုန်စည်ဒိုင်တွင် မတ် ၄ ရက်က ကျင်းပရာ ဟောပြောပွဲတွင် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းအောင်က အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးထိုက်က စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်ပစ္စည်းများ သုံးစွဲရေးအကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးခင်ဇော်က စားသုံးသူများအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးခြင်းအကြောင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက စားသုံးသူများ၏ အခွင့်အရေးနှင့် စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

(၄၃၄)

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့တာဘိုင်ဓာတ်အားပေးစက်ရုံ နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့တာဘိုင်ဓာတ်အားပေးစက်ရုံကို နှစ်ရှည်ငှားရမ်းလိုပါသဖြင့် ဆောင်ရွက်လိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ် မေလ ၈ရက် ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၁၅၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နေပြည်တော်
Network လိုင်းချိတ်ဆက်ခြင်းနှင့် Fibre များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အောက်ပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Network လိုင်းချိတ်ဆက်ခြင်းလုပ်ငန်း

(ခ) Fibre

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၃-၂၀၁၄ရက် ၁၄:၀၀နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆

ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် NATIONAL MANAGEMENT COLLEGE
ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Winner Computer Group တို့ပူးပေါင်း၍ အောက်ပါဒီပလိုမာသင်တန်း **အမှတ်စဉ်(၂၈)**ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - (က) Diploma in Information and Communication Technology (DICT)
(ခ) Diploma in Software Engineering (DSE)
(ဂ) Diploma in Hardware Engineering(DHE)
(ဃ) Diploma in Network Engineering (DNE)

၂။ **အနိမ့်ဆုံးပညာအရည်အချင်း** - တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆို/အောင်မြင်ပြီးသူများဖြစ်ရမည်။

၃။ **သင်တန်းကာလ** - (၁)နှစ် (Project အပါအဝင်)

၄။ **စတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၄ ခုနှစ် မတ် ၂၈ရက်

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ (Winner Computer Group) လေးထပ်ဆောင်၊ ကုန်သည်လမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ်ဆိုင်ခန်းများနှင့် လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်နယ်မြေနှင့် လှိုင်နယ်မြေရှိ ဆိုင်ခန်းများအား တစ်နှစ်ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါမည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင်ရယူပြီး ၇-၄-၂၀၁၄ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း-၅၃၇၃၅၉၊ ၅၂၇၀၇၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ
ရန်ကုန်ပညာရေးတက္ကသိုလ်

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (LTO)ရှိ အရာရှိစားပွဲများ ကြိတ်သားနံရံ (Divider) ကာရန်ခြင်းကိစ္စအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံအခမဲ့ထုတ်ယူရမည့်ရက် - ၇-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂း၀၀ နာရီတိတိ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၌ အများပြည်သူတို့သက်ဆိုင်သော သုတဘောဂ စာကြည့်တိုက်ဖွင့်ပွဲနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၄ ရက်က တော်ဝင်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အဆိုပါစာကြည့်တိုက်သစ်အား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဌေးစုလှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ကိုကြီးတင်

စစ်တွေမြို့၌ အခြေခံသတင်းစာပညာ ရက်တိုသင်တန်းဖွင့်

စစ်တွေ မတ် ၆

မြန်မာနိုင်ငံ သတင်းမီဒီယာ ဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆွီဒင်နိုင်ငံ သတင်းစာပညာသင်ကြားရေး တက္ကသိုလ်ဌာန Fujo Media Institute တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံသတင်းစာပညာရက်တိုသင်တန်းကို မတ် ၄ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ကမ်းနားလမ်းရှိ River Valley စားသောက်ဆိုင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း (ရခိုင်ပြည်နယ်) ဥက္ကဋ္ဌဦးကောင်းစံရှီ (ကျွန်းသားငမန်း)၊ Fujo Media Institute မှ သင်တန်းဆရာမ Ms.Fiana Barton နှင့် သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူ သတင်းထောက်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသတင်းစာဆရာများအသင်း(ရခိုင်ပြည်နယ်) ဥက္ကဋ္ဌ ဦးကောင်းစံရှီ (ကျွန်းသားငမန်း)က အမှာစကားပြောကြား၍ သင်တန်းဆရာမ Ms.Fiana Barton က မိတ်ဆက်စကား ပြောကြားသည်။ ပြည်တွင်းထုတ်သတင်းစာဂျာနယ်များ၊ ပြည်ပမီဒီယာများမှ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြပြီး သတင်းရေးသားနည်း၊ သတင်းလိုက်နည်း၊ အင်တာဗျူး၊ သတင်းစာဥပဒေနှင့်ကျင့်ဝတ်၊ သတင်းအတွက် မေးခွန်းများကြိုတင်ပြုစုခြင်း၊ ပြည်သူကို ပြန်လည်တင်ပြမှုများနှင့် ပတ်သက်၍ သင်တန်းကာလသုံးရက်ကြာ သင်ကြားပေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

သတင်းတိုများ

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ် မူဆယ်ခရိုင်၊ မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာနှင့် နောင်ဟင်ကျေးရွာ ဆက်သွယ်သည့် လမ်းပေါ်၌ သစ်သား တံတားတည်ဆောက်နေမှုကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ တံတားတည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များအား မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) ဦးခင်ဇော်က ရှင်းလင်းတင်ပြသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တင်ဒါအောင်မြင်ခဲ့သော ချယ်ရီအင်အားစုကြီးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။ တံတားအမျိုးအစားမှာ သစ်သားတံတားဖြစ်ပြီး အရှည်ပေ ၄၀၊ အကျယ် ၂၄ ပေဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(Iprd)

ပြည်မြို့၌ ရပ်ကွက်ပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

ပြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မတ် ၁ ရက်မှ ၃ ရက်အထိ ရွှေတံခါး၊ ရွာဘဲ၊ ရွှေကူ၊ အောင်ဆန်း၊ ပြည်သာယာ စသည့် ရပ်ကွက်ကြီးများ အပါအဝင် မြို့ပေါ်ရပ်ကွက် (၁၀)ရပ်ကွက်ရှိ ပြည်သူများအား လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သက်မွေးဝမ်းကျောင်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

ကွမ်းခြံကုန်း မတ် ၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးမှုပညာရပ်များ တတ်မြောက်စေရန်အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မတ် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကမာကလွန်းကျေးရွာတွင် လက်သမား၊ ပန်းရန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာပညာရပ်များ သင်ကြားပေးသည့် သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးဇော်ဇော်နောင် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ တောင်ပိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်း၊ ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ မတ် ၃ ရက်အထိဖြစ်ကြောင်း သိရသည်။ **စိန်တိုး(ကွမ်းခြံကုန်း)**

မြေကျင်းတူးရာမှ စစ်ကျန်ဗုံးသီးဟောင်းတွေ့ရှိ

မိတ္ထီလာ မတ် ၆

မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဆောင်အနီး အဆောက်အအုံသစ် တည်ဆောက်ရန် ဧရာဝတီဆောက်လုပ်ရေးလုပ်ကွက်အတွင်း မတ် ၄ ရက် နံနက် ၁၀ နာရီက မြေကျင်းတူးဖော်စဉ် စစ်ကျန်ဗုံးသီးဟောင်းကြီး တစ်ခုကို တွေ့ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဗုံးသီးဟောင်းတွေ့ရှိရာနေရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူး၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်သားများ၊ ဆေးရုံအုပ်ကြီးနှင့် လက်ထောက်ဆေးရုံအုပ်ကြီးတို့ လာရောက်ကြည့်ရှုစစ်ဆေးသည်။

သိမ်းဆည်းထားရှိ

၄င်းနောက် စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့မှ လာရောက်တူးဖော်ပြီး ဗုံးသီးဟောင်းကြီးကို တူးဖော်တိုင်းတာရာ အလျား သုံးပေ၊ လုံးပတ် ၂၇ လက်မရှိကြောင်း သိရှိရပြီး ဗုံးသီးဟောင်းကြီးအား သက်ဆိုင်ရာ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း တာဝန်ရှိသူများ သိမ်းဆည်းထားရှိကြောင်း သိရသည်။

(၄၃၅)

Invitation for Prequalification

(For Procurement of Cargo Handling Equipment)

1. The Government of Republic of the Union of Myanmar has received a Loan from Japan International Cooperation Agency toward the cost of the Sub-Project for Expansion of Yangon Port in Thilawa Area (Phase-I) under Infrastructure Development in Thilawa Area(Phase-I). It is intended that part of the proceeds of this Loan will be applied to eligible payments under the contract resulting from the bidding for which this prequalification is conducted.
2. The Myanma Port Authority intends to prequalify contractors and/or firms for procurement of the following plants:
   - STS (Ship-to-Shore) Gantry Crane: 2 units
   - RTG (Rubber Tyre Gantry): 6 units
   - Reach Stacker: 3 units
   - Tractor & Chassis: 6 units
   - Forklift (3.5 ton-lift): 2 units
3. It is expected that Invitation for Bids will be made in May.
4. Prequalification will be conducted through procedures in accordance with the applicable Guidelines for Procurement under Japanese ODA Loans, and is open to all Applicants from eligible source countries, as defined in the Loan Agreement.
5. Interested eligible Applicants may obtain further information from and inspect the Prequalification Documents at the office of Myanma Port Authority, No.10, Pansodan St.Kyauktada Township, Yangon, Myanmar from on March 10-13, 2014 during Office Hour from 9:30 to 16:30.
6. A complete set of the Prequalification Documents may be purchased by interested Applicant(s) on the submission of a written Application to the address above and upon payment of a nonrefundable fee of USD 500.00.
7. Applications for prequalification should be submitted in sealed envelopes, delivered to the address above by April 23, 2014 and be clearly marked "Application to Prequalify for the Package 2:Procurement of Cargo Handling Equipment, Sub-Project for Expansion of Yangon Port in Thilawa Area (Phase-I) under Infrastructure Development in Thilawa Area (Phase-I)"

U Kyaw Myint
Managing Director, Myanmar Port Authority
No.10, Pansodan St. Kyauktada Township, Yangon, Myanmar
Facsimile number:95-1-246781, 391355



ပဲခူးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပဲခူးတက္ကသိုလ် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီက ၂၀၁၄ ဧပြီ ၅၊ ၆ရက်တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမ(အတွင်း+အပြင်) ဓာတ်ပုံမှတ်တမ်းရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းတင်သွင်းရန် လျှောက်လွှာပုံစံများကို ၇-၃-၂၀၁၄ရက်မှစတင်၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း တစ်စောင်လျှင် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ဖြင့် ဌာနခွဲမှူး (ဘဏ္ဍာ)ရုံးခန်းတွင် မိမိတို့လုပ်ကိုင်လျက်ရှိသည့် ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး ၁၂-၃-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀ နာရီနောက်ဆုံးထား၍ ဈေးနှုန်းလွှာတစ်စောင်စီကို လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် ပဲခူးတက္ကသိုလ် ဓာတ်ပုံတင်ဒါခေါ်ယူစိစစ်ရေးကော်မတီသို့ လာရောက်တင်သွင်းရမည်။ ၁၂-၃-၂၀၁၄ ရက် မွန်းလွဲ ၂း၀၀ နာရီတွင် စိစစ်ရွေးချယ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၅၂-၃၀၀၀၂၊ ၀၅၂-၃၀၁၆၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့
ပဲခူးတက္ကသိုလ်



မိဘအမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ ပဥ္စမတန်းမှ မနာလောဘို၏ မိဘအမည်မှန်မှာ ဦးဇော်ထက် ၅/ဆကန(နိုင်)၀၅၈၃၃၀ နှင့် မဒီးစိန် ၁၃/ကတန(နိုင်)၀၆၇၆၅၈ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

မောင်တောမြို့၊ မင်းခမောင်းကျေးရွာနေ မောင်စောနု ၁၁/မတန(နိုင်)၀၂၃၈၈၆ ၏ ဖခင်ဦးညိုလှမောင်နှင့် ဦးညိုမောင်မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးညိုလှမောင်(ခ)ဦးညိုမောင်

နေပြည်တော်မှာ ဦးလှိုင်ဘွား

Former Gazetted Officer

J.H.A ရာထူးဝင်သင်တန်းများ

ရှိတယ်။

ယောက်သွားအင်း

နေပြည်တော်-ပျဉ်းမနားလမ်းမကြီးဘေး

ဖုန်း-၀၉-၄၉၂၀၁၉၈၈

ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင်(ပထမ)နှစ် ပန်တျာနှင့် ပန်းချီပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း (သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း)စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဌာနခွဲများတွင် စုံစမ်းမေးမြန်း၍ ၃၀-၄-၂၀၁၄ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

၁။ အနုပညာဦးစီးဌာန	ဖုန်း-၀၆၇-၄၀၈၀၃၇
ရုံးအမှတ် ၃၅၊ နေပြည်တော်	
၂။ လေ့ကျင့်ရေးသုတေသနနှင့်ပြည်ပဆက်ဆံရေးဌာနခွဲ	ဖုန်း-၀၆၇-၄၀၈၁၆၅
ရုံးအမှတ် ၃၅၊ နေပြည်တော်	ဖုန်း-၀၆၇-၄၀၈၄၄၃
၃။ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)	ဖုန်း-၀၁-၅၅၅၆၄၂
အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့	ဖုန်း-၀၁-၅၅၄၆၉၅
၄။ အနုပညာအထက်တန်းကျောင်း(မန္တလေး)	ဖုန်း-၀၂-၆၁၁၆၉
၂၀×၂၁ လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့	ဖုန်း-၀၂-၆၁၁၇၀

မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း
လုပ်ကိုင်ခွင့် လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ် (၁၇)ခုနှင့် တံတားအသုံးပြုခ ကောက်ခံရေးဂိတ် (၁၂)ခုတို့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၁-၄-၂၀၁၄ရက်မှ ၃၁-၃-၂၀၁၅ရက်အထိ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လိုင်စင်(၁)နှစ် လုပ်ကိုင်ခွင့်ကို အောက်ဖော်ပြပါအတိုင်း လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်လမ်းဂိတ်များ**

စဉ်	ခရိုင်	မြို့နယ်	လမ်းဂိတ်အမည်
၁။	မကွေး	မကွေး	မြို့သစ်-ကံပြား (၇၉/၄)ဂိတ် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း
၂။	မကွေး	မကွေး	နတ်မောက်-ကံပြား (၉၁/၄)ဂိတ် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကံပြား-မကွေးလမ်း
၃။	မကွေး	မြို့သစ်	မြို့လုလင်(၄၅/၃)ဂိတ် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း
၄။	မကွေး	တောင်တွင်းကြီး	ချောင်းနက်ဂိတ်၊ တောင်တွင်းကြီး-တောင်ညို-ပျဉ်းမနားလမ်း
၅။	မင်းဘူး	မင်းဘူး	မင်းဘူး(၁)ဂိတ်၊ မင်းဘူး-ပဒါန်း-အမ်း-တပ်တောင်လမ်း
၆။	မင်းဘူး	ငဖဲ	ပဒါန်း (၁)ဂိတ်၊ မင်းဘူး-ပဒါန်း-အမ်း-တပ်တောင်လမ်း
၇။	မင်းဘူး	ငဖဲ	ပဒါန်း(၂)ဂိတ်၊ ပုသိမ်-မုံရွာလမ်း
၈။	မင်းဘူး	စလင်း	စလင်း-ကန်ပြားဂိတ်၊ ပုသိမ်-မုံရွာလမ်း
၉။	မင်းဘူး	စလင်း	တညောင်ဂိတ်၊ မင်းလှ-ကနီ-မင်းဘူး-တညောင်-ဆိပ်ဖြူလမ်း
၁၀။	ပခုက္ကူ	ဆိပ်ဖြူ	ကဖွန်းမဂိတ်၊ ပုသိမ်-မုံရွာလမ်း
၁၁။	ပခုက္ကူ	ပေါက်	ရေပြာဂိတ်၊ ပုသိမ်-မုံရွာလမ်း
၁၂။	ပခုက္ကူ	မြိုင်	မြိုင် (၁)ဂိတ်၊ ပုသိမ်-မုံရွာလမ်း
၁၃။	ပခုက္ကူ	မြိုင်	မြိုင် (၂)ဂိတ်၊ ပခုက္ကူ-မြိုင်လမ်း
၁၄။	သရက်	ဆင်ပေါင်ဝဲ	ကိုးပင်လမ်းဂိတ်၊ ကိုးပင်-သာဂရလမ်း
၁၅။	ဂန့်ဂေါ	ဂန့်ဂေါ	ဂန့်ဂေါဂိတ်၊ မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း
၁၆။	မကွေး	နတ်မောက်	မြို့သစ်-နတ်မောက် (၂၅/၇)ဂိတ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း
၁၇။	ပခုက္ကူ	ပခုက္ကူ	ပခုက္ကူ-မြစ်ခြေဂိတ်၊ ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း

(ခ) **လေလံတင်ရောင်းချမည့်တံတားဂိတ်များ**

စဉ်	ခရိုင်	မြို့နယ်	တံတားဂိတ်အမည်
၁။	မကွေး	နတ်မောက်	ကျားထူးချောင်းတံတား(သာမန်)၊ နတ်မောက်-ပျော်ဘွယ်လမ်း
၂။	မကွေး	မြို့သစ်	ယင်းချောင်း(မြို့သစ်)(သာမန်) နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း
၃။	မကွေး	မကွေး	ဧရာဝတီတံတား(မလွန်)(စီမံကိန်း) သစ်ရာကောက်-မလွန်-မင်းလှ-မင်းဘူးလမ်း
၄။	မင်းဘူး	မင်းဘူး	မန်းချောင်း(ဥယျာဉ်)တံတား(သာမန်)၊ ပုသိမ်-မုံရွာလမ်း
၅။	မင်းဘူး	ပွင့်ဖြူ	မဲဇလီတံတား(သာမန်)၊ ပုသိမ်-မုံရွာလမ်း
၆။	မင်းဘူး	စလင်း	နွယ်တမယ်တံတား(စီမံကိန်း) မင်းလှ-ကနီ-မင်းဘူး-တညောင်-ဆိပ်ဖြူလမ်း
၇။	သရက်	မင်းတုန်း	ကန်လည်တံတား(စီမံကိန်း)၊ ပုသိမ်-မုံရွာလမ်း
၈။	သရက်	မင်းလှ	ရွှေချောင်းတံတား(သာမန်)၊ ပုသိမ်-မုံရွာလမ်း
၉။	ဂန့်ဂေါ	ဂန့်ဂေါ	မြစ်သာမြစ်ကူး(စိုင်ဒူး)(သာမန်)၊ မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း
၁၀။	သရက်	မင်းလှ	ချောင်းကောက်တံတား(သာမန်)၊ သရက်-မင်းလှလမ်း
၁၁။	သရက်	ကံမ	မင်းတုန်းချောင်းတံတား(သာမန်)၊ သရက်-ကံမလမ်း
၁၂။	မကွေး	နတ်မောက်	ယင်းချောင်း(နတ်မောက်)တံတား(သာမန်) တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း

(ဂ) **မဲစနစ်လေလံရောင်းချမည့် ရက်/အချိန်** - ၁၉-၃-၂၀၁၄ရက်
နံနက် ၀၉း၀၀နာရီ

(ဃ) **မဲစနစ်လေလံရောင်းချမည့်နေရာ** - မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမ၊ မကွေးမြို့

၂။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက်အသေးစိတ်အား မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ကြည့်ရှုနိုင်ကြောင်းနှင့် လျှောက်လွှာတင်သွင်းလွှာများကို ၁၇-၃-၂၀၁၄ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ အင်ဂျင်နီယာမှူးကြီးရုံးတွင် တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

လေလံကြီးကြပ်ရေးကော်မတီ
မကွေးတိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ မြေကွက်၊ ဦးပိုင်အမှတ် ဒ-၃၀၃၅၇၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးဇော်ထက်ဦးအမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးဇော်ထက်ဦး ၁၂/ဗဟန(နိုင်)၀၁၀၆၀၇ (ဘ) ဦးခင်မောင်မြမှ မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ် ပျောက်ဆုံး၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် ၁၇၀၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိ အစိုးရမြေမျိုးမြေကွက်အား ဦးစိုးတင့် ၉/တကန(နိုင်)၀၆၇၂၄၃ (ဘ)ဦးစံခင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကျင်းပမည့် သတ္တမအကြိမ်(EPS-TOPIK) ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသောလုပ်သားများအားလုံးသည် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာန၏ သတ်မှတ်ချက်အရ ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ စီစဉ်ကျင်းပသော ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ရမည်ဖြစ်ပြီး ထိုစာမေးပွဲအောင်မြင်သူသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲနေ့ရက်နှင့်အချိန်**

(က) ၁၀-၅-၂၀၁၄ ရက် (စနေနေ့) နှင့် ၁၁-၅-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

(ခ) ၁၀း၃၀ နာရီမှ ၁၁း၃၀နာရီအထိ (ပထမပိုင်း)နှင့် ၁၅း၀၀နာရီမှ ၁၆း၁၀ နာရီ အထိ (ဒုတိယပိုင်း)နှစ်ကြိမ်ခွဲ၍ စစ်ဆေးမည်။

- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၀၉း၀၀နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၄း၃၀နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **လုပ်ငန်းအမျိုးအစားအလိုက် ခေါ်ဆိုမည့်ဦးရေ (ခန့်မှန်း)**

လုပ်ငန်းအမျိုးအစား	အောင်မြင်သူဦးရေ(ခန့်မှန်း)	အောင်စာရင်းသတ်မှတ်ချက်
ကုန်ထုတ်လုပ်ငန်း	၃၇၀၀	အမှတ်ပြည့် ၂၀၀ရှိသည့်အနက် အမှတ် ၈၀နှင့်အထက်ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့်(ခန့်မှန်းဦးရေ)

- လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်ခွင့်(ခန့်မှန်းဦးရေ)ကို လုပ်သားလိုအပ်ချက်များအပေါ်မူတည်ပြီး အတိုး/အလျှော့ရှိနိုင်ပါသည်။
- စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင် အမျိုးအစားအား **ကုန်ထုတ်လုပ်ငန်း** ဟု ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြုဖြည့်စွက်ရပါမည်။

၃။ စာမေးပွဲအောင်မြင်သူများအား (Skill Test) ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း

ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများထဲမှ ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းစာမေးပွဲဖြေဆိုရန် ဆန္ဒရှိသူများအတွက် ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းအား ပြုလုပ်သွားရန်ရှိပါမည်။အသေးစိတ်အချက်အလက်များကို စာမေးပွဲအောင်စာရင်းကြေညာမည့်ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း (၁၉၇၄ ခုနှစ် ၅ လပိုင်း ၁၂ ရက်မှ ၁၉၉၆ ခုနှစ် ၅ လပိုင်း ၁၁ ရက်အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်။)

(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်။)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) **လျှောက်လွှာထုတ်ပေး/ လက်ခံမည့်ရက်** : ၁၇-၃-၂၀၁၄ ရက်မှ ၂၀-၃-၂၀၁၄ ရက်အတွင်း (နေ့စဉ် ၀၉း၀၀နာရီမှ ၁၈း၀၀နာရီအထိ)

(ခ) **လျှောက်လွှာထုတ်ပေး/လက်ခံဌာန** : အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ **ပင်လုံခန်းမ** (၄၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

(ဂ) **လျှောက်လွှာတင်ရမည့်နည်းလမ်း** : လျှောက်ထားသူကိုယ်တိုင်လာရောက်တင်ရမည်။

(ဃ) **လိုအပ်သည့်စာရွက်စာတမ်းများ-**

(၁) စာမေးပွဲလျှောက်လွှာ(စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာထုတ်ပေးမည်။)

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင်စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ (ခြောက်လအတွင်းရိုက်ကူးထားသောဓာတ်ပုံ)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့် ငွေရပြေစာ

(င) စာမေးပွဲဖြေဆိုခ - အမေရိကန်ဒေါ်လာ ၂၄

- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

(စ) လျှောက်ထားလိုသူအားလုံးအတွက် လျှောက်လွှာများအလုံအလောက်ထုတ်ပေးပါမည်။

၆။ **စာစစ်ဌာနနှင့် နေ့ရက်၊ အချိန် ကြေညာချက်**

- အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးမှ ၂၃-၄-၂၀၁၄ ရက်တွင် ထုတ်ပြန်ကြေညာမည်။

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာခြင်း**

(က) ကြေညာမည့်ရက် ၁၁-၆-၂၀၁၄ ရက်

(ခ) ကြေညာမည့်နည်းလမ်း

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး

(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ(EPS-TOPIK)နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http;//www.eps.go.kr), Homepage (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)

(၃) စာမေးပွဲသက်တမ်း ၁၁-၆-၂၀၁၄ရက်မှ ၁၀-၆-၂၀၁၆ ရက် အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ (၂)နှစ်တာ

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

မေးခွန်းပုံစံ	မေးခွန်းအရေအတွက်	အမှတ်ပေါင်း	ဖြေဆိုချိန်	မှတ်ချက်
အဖတ်စွမ်းရည် (Reading)	၂၅ ပုဒ်	၁၀၀	၄၀ မိနစ်	အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲအား နားချိန်မထားဘဲ ဆက်တိုက်ဖြေဆိုရမည်
အကြားစွမ်းရည် (Listening)	၂၅ ပုဒ်	၁၀၀	၃၀ မိနစ်	
စုစုပေါင်း	၅၀ ပုဒ်	၂၀၀	၇၀ မိနစ်	

မေးခွန်းပုံစံ : a Multiple-Choice question

လေ့လာကိုးကားရန် : The standard textbook for EPS-TOPIK စာမေးပွဲလမ်းညွှန်စာအုပ်ကို လေ့လာကိုးကားထားရပါမည်။

၉။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရန်**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ်(က)၊ (ခ)၊ (ဂ) ပါ အထောက်အထားများယူဆောင်လာခြင်းမရှိပါက စာမေးပွဲအားဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

(ဃ) အဖြေလွှာအတွက် အနက်ရောင်ကွန်ပျူတာသုံးဆော့ပင်(Felt tip pen) (သို့မဟုတ်) အနက်ရောင်ဘောလ်ပင်သာ အသုံးပြုရမည်။

(၁) အပြာရောင်ဘောလ်ပင်၊ ခဲတံစသည်တို့အား အသုံးပြုပါက မှားယွင်းသောအဖြေအဖြစ်သာ သတ်မှတ်သွားမည်။

(၂) အဖြေလွှာများတွင် ပြင်ဆင်ခြင်းနှင့် လဲလှယ်ခြင်းများပြုလုပ်ပါက မှားယွင်းသောအဖြေအဖြစ်သာ သတ်မှတ်သွားမည်။

၁၀။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့်စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။

(ခ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။

(ဂ) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့်တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အမည်စာရင်းထည့်သွင်းခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။

(ဃ) နိုင်ငံခြားသားလုပ်သားများ၏ ကိုရီးယားဘာသာစကားကျွမ်းကျင်မှု တိုးတက်မြင့်မားရန်ရည်ရွယ်၍ (The Standard Textbooks for EPS-TOPIK) စာမေးပွဲလမ်းညွှန်စာအုပ်ကို ကိုးကားပြီး လမ်းညွှန်စာအုပ်လေ့ကျင့်ခန်းပါ မေးခွန်းများမဟုတ်ဘဲ မေးခွန်းသစ်များ ထုတ်ပြန်မေးသွားမည်ဖြစ်ပါသည်။

(င) မိမိရွေးချယ်လျှောက်ထားခဲ့သည့် လုပ်ငန်းအမျိုးအစားမှလွဲ၍ အခြားလုပ်ငန်းအမျိုးအစားတစ်ခုခုသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(စ) အလုပ်ရှင်နှင့်ချုပ်ဆိုရသော အလုပ်အကိုင်စာချုပ်ပါ နှစ်ကာလအတိုင်း လုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။

(ဆ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စ တိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့်အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် OA-010254 သို့ ပေးသွင်း၍ ကျပ်သိန်း ၃၀ တန်စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက် ခဲ့လျှင် ကြိုတင်အာမခံကြေးငွေဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန် ကျပ် ၁၅သိန်းကို အာမခံထားသူနှစ်ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေ သွားရောက်အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။

* ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်းအစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်းအသိပေးအပ်ပါသည်။

* ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန(MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (MOLES)တို့မှ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။

* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲမှတစ်ဆင့် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်လွှာလက်ခံသူများကိုသာ အလုပ်ရှင်မှ ခေါ်ယူသွားမည်ဖြစ်ပါသည်။

* EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

* နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေး အမေရိကန်ဒေါ်လာ ၂၄ နှင့် စာမေးပွဲအောင်မြင်ပြီးနောက် ကိုရီးယားနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းများမှဖြစ်စေ လိမ်လည်တောင်းဆိုမှုများတွင် ဆုံးရှုံးနစ်နာမှုများမခံရစေရန် အထူးသတိပြုစေလိုပါသည်။

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လက်ရှိအသုံးပြုနေသော Nissan Condor, 2004, 6920 CC, Price-230 lakhs

ဖုန်း-၀၉-၅၁၂၄၇၆၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လက်ရှိအသုံးပြုနေသော Mitsubishi Lancer EVO 10, 2009, 2000 CC, Price-400 lakhs

ဖုန်း-၀၉-၅၁၂၄၇၆၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပုသိမ်ခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၁

ဒေါ်သန်းရီ **နှင့်** ဦးသိန်းဦး
တရားလို **တရားပြိုင်**

လှည်းကူးမြို့၊ ရိပ်သာကျောင်းလမ်း၊ တိုးချဲ့ ၁ လမ်းနေ ဒေါ်လှမြင့်(ဗေဒင်ဆရာမ) နေအိမ်တွင် နေထိုင်သော ဦးသိန်းဦး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၇။ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူများကို ၂၄-၄-၂၀၁၄ ရက်တွင် ကျန်းမာရေး ဦးစီးဌာနရုံးချုပ်၊ နေပြည်တော်၌ နံနက် ၉ နာရီမှစ၍ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း (သို့မဟုတ်)ဘွဲ့ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင် လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၈။ အသေးစိတ်သိရှိလိုသည်များကို ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၃၉၃ နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဖုန်း-၀၁-၃၇၁၉၅၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၉။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့် မကိုက်ညီ၊ မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၆၈၄၊ မြေကွက်တည်နေရာ အမှတ် ၆၈၄၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးစောဖေ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစောဖေ(ဖခင်)နှင့် ဒေါ်သိန်းကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများ ဖြစ်သော (၁)ဒေါ်သန်းဌွေး ၁၂/သကတ(နိုင်)၀၁၀၉၈၆၊ (၂) ဦးသန်းကို ၁၂/သကတ(နိုင်)၀၃၆၇၈၁၊ (၃)ဒေါ်ဝင်းမာ ၁၂/သကတ(နိုင်)၀၇၇၅၅၅၊(၄)ဒေါ်သန်းသန်းရီ ၁၂/သကတ(နိုင်)၀၁၁၃၂၈၊(၅)ဦးခင်မောင်စိုး ၁၂/သကတ(နိုင်)၀၀၉၅၆၉တို့အား မွေးဖွားခဲ့ပြီး အမှတ်စဉ်(၂)မှ (၅)အထိသည် အမှတ်စဉ်(၁) အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၉၈၃/၂၀၁၃ ပေးအပ်၍ ၄င်းမှသေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့် အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မြိတ်ခရိုင်တရားမရုံးတော်၌
(၂၀၀၃ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးတရားရုံး၊ မြိတ်မြို့၊ တရားမကြီးမှုအမှတ်-၁၂ နှင့်ဆက်သွယ်သည့်)
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃

၁။ ဒေါ်စွီးစွီးမြတ်	နှင့်	၁။ ဦးဝင်းလွင်
၂။ ဒေါ်အေးအေးမြတ်		၂။ ဦးတင်အုန်း
		၃။ ဒေါ်ပုလဲဆွေ
		၄။ ဦးရှိန်လွင်
		၅။ ဦးသက်လွင်
		၆။ ဦးရဲလွင်
တရားနိုင်များ		**တရားရှုံးများ**

မြိတ်မြို့၊ တလိုင်းစုရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၈)နေ ၅။ တရားရှုံးဦးသက်လွင်နှင့် ၆။ တရားရှုံးဦးရဲလွင်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၁၂ အမိန့်ချမှတ်သည့်အတိုင်း အမွေပုံပစ္စည်း နေအိမ်နှင့် မြေကွက်တို့တွင် တရားနိုင်တစ်ဦးလျှင်ခုနစ်ပုံတစ်ပုံစီရပိုင်ခွင့်ရှိသည့် အနိုင်ဒီကရီ အတည်ပြုလုပ်ရန် တရားနိုင်တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် တစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၇ ရက် (၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် မတ် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းအောင်)
ခရိုင်တရားသူကြီး
မြိတ်ခရိုင်တရားရုံး

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း (၁/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ထမံသီစီမံကိန်းစခန်း (ဟင်နော်စခန်းခွဲနှင့် ပဒေါင်စခန်းခွဲ)ရှိ ဒီဇယ်ဆီ ၃၄၄၈၃ ဂါလန်ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့် တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ် ပါသည်။

၂။	**တင်ဒါပုံစံရောင်းချမည့်ရက်**	-	၁၀-၃-၂၀၁၄ ရက်မှ ၁၇-၃-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)
၃။	**တင်ဒါပုံစံရောင်းချမည့်နေရာ**	-	စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်
		-	ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ဓနိတော၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့)၊ ထမံသီစခန်း
၄။	**တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်နှင့်နေရာ**	-	၁၉-၃-၂၀၁၄ ရက်၊ ၁၁း၀၀ နာရီ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်
၅။	**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်**	-	၁၉-၃-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

မြန်မာ့မီးရထားပိုင်မြေများအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် အထောက် အကူဖြစ်စေရေး အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင်မြေနေရာများတွင် လုပ်ငန်းလုပ်ကိုင် လိုသည့် ပြည်တွင်း(ပုဂ္ဂိုလ်)၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ တင်ဒါအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်မြေနေရာ

မြန်အောင်ဘူတာ၊ အလျား ၃၂၆၇ ပေ× အနံ ပေ၄၀= ၁၃၀၆၈၀ စတုရန်းပေ၊ ခန့်မှန်း (၃ ဒသမ ၀၀၁ ဧက)

မြန်အောင်ဘူတာ အလျား ၁၀၈၉ပေ× အနံ ပေ ၂၀= ၂၁၇၈၀ စတုရန်းပေ၊ ခန့်မှန်း(၀ ဒသမ ၅၀၀ ဧက)၊ ခမောက်စုဘူတာ၊ အလျားပေ ၈၀× အနံပေ၆၀ = ၄၈၀၀ စတုရန်းပေ၊ ခန့်မှန်း (၀ ဒသမ ၁၁၀ ဧက)

ခမောက်စုဘူတာ၊ အလျားပေ ၄၀×အနံ ပေ ၆၀= စတုရန်းပေ ၂၄၀၀၊ ခန့်မှန်း (၀ ဒသမ ၀၅၅ ဧက)၊ ခမောက်စုဘူတာ၊ အလျား ပေ ၃၀၀ ×အနံ ပေ ၂၀ = စတုရန်းပေ ၆၀၀၀၊ ခန့်မှန်း (၀ ဒသမ ၁၃၇ ဧက)

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်
၁၈-၃-၂၀၁၄ရက် (အင်္ဂါနေ့) ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ

(ခ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
ဧရာရွှေဝါခန်းမ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

(ဂ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်
၁၈-၃-၂၀၁၄ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီ

(ဃ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
ဧရာရွှေဝါခန်းမ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-ဖြင့် ၁၀-၃-၂၀၁၄ ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းအမှတ် ၉၊ ဟင်္သာတတို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၄၄-၂၁၀၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက်
၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ် မည်ဖြစ်ပါ၍ အစုရှယ်ယာဝင်များ မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပပြုလုပ်မည့်ရက်	-	၂၂- ၃-၂၀၁၄ ရက် (စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန်	-	၉း၀၀ နာရီ (နံနက်)
ကျင်းပပြုလုပ်မည့်နေရာ	-	MICT Park တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်မြို့

အစုရှယ်ယာမှတ်ပုံတင်ခြင်းကိစ္စများကို ၂၂-၂-၂၀၁၄ ရက်မှစ၍ ၂၂-၃-၂၀၁၄ ရက် ညနေပိုင်းအထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ ဖိတ်စာများပေးပို့ထားပါသည်။

ဒါရိုက်တာအဖွဲ့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ လှိုင်ဈေးလမ်း၊ သာယာအေးရပ်၊ အမှတ် ၈၄၆ နှင့် ရွှေမြိုင်သီရိနယ်မြေ၊ ရေကန်သာရပ်၊ အမှတ် ၉ နေ ဦးအောင်ရွှေ-ဒေါ်မြိုင်ကြည် တို့၏သမီး မနွယ်နွယ်အေး ၁၀/မလမ (နိုင်)၀၁၆၅၉၄ သည် မိဘဆိုဆုံးမမှုကို မနာခံ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်သည်။

ဖခင်-ဦးအောင်ရွှေ
၁၀/မလမ(နိုင်)၀၁၆၅၉၅

---

(၄၆)ကြိမ်မြောက် အလောင်းတော်ကဿပ ဖူးမြော်ရန် (သကြ်န်အထူးခရီးစဉ်)

အလောင်းတော်ကဿပ အရှင်မြတ်ကြီးအား (၄၆)ကြိမ်မြောက် ဖူးမြော်ရန်နှင့် ရာသီပိတ်-သကြ်န်အထူးခရီးစဉ် (၁၂-၄-၂၀၁၄)သို့ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ လိုက်ပါဖူးမြော်လိုသူများသည် အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေး အမှတ် ၈၂၁၊ မဟာဗန္ဓုလလမ်းနှင့် ၁၀ လမ်းထိပ်၊ ၄ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၀၀၀၇၄၊ ၀၁-၂၂၆၀၂၄၊ ၀၉-၂၅၄၁၁၂၃၁၇၊ ၀၉-၇၃၀၀၂၄၇၃ တို့သို့ ဆက်သွယ်နိုင်ပါသည်။

မဟာနေဘုရင်ဘုရား ပလ္လင်တော်ပင့်ဆောင်ပူဇော မင်္ဂလာဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ မအူကုန်းကျေးရွာသစ္စာကုန်းမြေ၌ တည်ထား ပူဇော်မည့် ဉာဏ်တော်(၁၈)ပေရှိ စကျင်ကျောက်ရုပ်ပွားတော်ကြီးအား ပလ္လင်တော်ပင့်ဆောင် ခြင်း မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပူဇော်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပူဇော်ကုသိုလ်ယူနိုင်ကြပါရန် ဝေးရပ်ကမိတ်ဆွေအပေါင်းအသင်းတို့အား လေးမြတ် စွာ ဖိတ်ကြားခြင်းပြုအပ်ပါသည်။

မဟာနေဘုရင်ဘုရား စေတနာရှင်အကျိုးဆောင်များ

အလှူတော်မင်္ဂလာအစီအစဉ်
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၉-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ ပင့်ဆောင်ပူဇော်မှု အခမ်းအနား စတင်ပါမည်။

တရားနာချိန် - မွန်းလွဲ ၁၂း၃၀နာရီ

အလှူတော်မင်္ဂလာနေရာ - မဟာနေဘုရင်ဘုရား ပရဝဏ်အတွင်း၊ မအူကုန်းကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် ၈၊ ပတ္တမြားလမ်းနေ ဦးရွှေသောင်-ဒေါ်ရောက်ချင်တို့၏ သား၊ မောင်ရတနာထက်(ခ)မောင်ဘုန်းပြည့်မော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ရတနာထက်(ခ)မောင်ဘုန်းပြည့်မော်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်လွင် ၁၀/ခဆန(နိုင်)၀၈၀၄၁၄ ၏ နိုင်ငံကူးလက်မှတ်ပတ်စ်ပို့ No.A-005342သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၂၅၅၉၃၅၈၀၉သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

အမည်ပြောင်း

မိုင်းဆတ်မြို့ အထက နဝမတန်း(က)မှ မရွှေရေချမ်း ၈/အလန(နိုင်)၁၈၅၂၀၅ အား ယနေ့မှစ၍ မရွှေရည်စံအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မရွှေရည်စံအောင်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေလင်းအောင် MME-၆၅၀၀၆၀ ၏ ပတ်စ်ပို့ No.A-047603 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၃၀၀၄၉၉၂ သို့ ဆက်သွယ်အကြောင်း ကြားပေးပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၅၆၇၊ MITSUBISHI PAJERO, S/W ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းညီ ၆/လလန(နိုင်)၀၄၉၆၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၉၉၈၆၊ Dagon Jeep(4x2) ယာဉ်လက်ဝယ်ရှိသူ (2 Squire International Co.,Ltd.) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊
အင်းစိန်မြို့နယ်

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ကျန်စစ်သား ရပ်ကွက်၊ ခတ္တာလမ်း၊ အကွက်အမှတ်(၉)၊ သမုဒ္ဒရာဇ်နေ ဦးခင်မြင့်၏သား ဦးဝင်းကိုကို ၉/ညဥန(နိုင်)၀၃၆၅၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါ သည်။

ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ခတ္တာလမ်း၊ အကွက်အမှတ် ၉၊ သမုဒ္ဒရာဇ်၊ ဦးပိုင်အမှတ် ၆၈၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးဟံဝင်းအောင် အမည်ပေါက် မြေကွက်အား ဦးခင်မြင့်၊ ဒေါ်ကျင်ဥတို့က ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားခဲ့ပါသည်။ ဦးခင်မြင့်နှင့် ဒေါ်ကျင်ဥတို့ သည် သားသမီး ခုနစ်ဦးထွန်းကားခဲ့ပါသည်။

ယခုအခါ မိဘများ ကွယ်လွန်သဖြင့် သားသမီး ခုနစ်ဦးသာ ကျန်ရှိနေပါသည်။ အဆိုပါ ဝိုင်းမြေတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းကိုကို နေထိုင်လျက်ရှိပါသည်။ မိဘများ ကျန်ရှိခဲ့သည့် အမွေပုံအတွက် သားသမီးခုနစ်ဦး အညီအမျှခွဲဝေယူကြစေရန် မောင်နှမ အားလုံးက ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းကိုကို ဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက အမွေပုံအတွက် အဆိုပါမြေကွက်အား ရောင်းချပြီး ကုန်ကျ စရိတ် နုတ်ပယ်ကာ ကျန်သည်ကို သာတူညီမျှခွဲဝေပေးရန်အတွက် သက်ဆိုင်ရာရုံး၊ ဌာန အသီးသီးသို့ လိုအပ်သည်များ ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း အကျိုးခံစားခွင့်ရှိသူဆိုသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးဝင်းကိုကိုထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ တစ်စုံတစ်ရာ မပေါ်ပေါက်ပါက ဆောင်ရွက် ရန်ရှိသည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

ဦးဝင်းကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-

နီနီဝင်း
တရားလွှတ်တော်ရှေ့နေ
လိုင်စင်-၅၇၂၆
တိုက် (၂)၊ အခန်း (၆)၊ တပ်/ချည် အိမ်ရာ(သမိုင်း)၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၂၂၇၃၆၊ ၀၉-၇၃၁၅၈၁၂၅

ကြော်ငြာကဏ္ဍ

ဖြူးမဟာစည်ရိပ်သာ(ဖြူးမြို့) နွေရာသီတရားစခန်းဖွင့်မည်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၉ ရက် (တနင်္လာနေ့)မှ ၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (တနင်္လာနေ့)အထိ (၇-၄-၂၀၁၄ ရက်မှ ၂၁-၄-၂၀၁၄ ရက်အထိ) ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D. INDIA ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိကသံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်လှူဒါန်းလိုသူများသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၅၄- ၄၀၇၇၁၊ ၀၅၄- ၄၀၀၁၂၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကြော်ငြာကဏ္ဍ

မွန်ပြည်နယ်နေ့ အခမ်းအနားကျင်းပမည့်ရက်ပြင်ဆင်ခြင်း

၂၀၁၄ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် နှစ် (၄၀)ပြည့် မွန်ပြည်နယ်နေ့ အခမ်းအနားကျင်းပမည့်ရက်ကို ယခင်ကြေညာထားသည့် မတ် ၁၈/၁၉/၂၀ ရက်အစား ၂၀၁၄ ခုနှစ် မတ် ၁၉/၂၀/၂၁ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း (ပြင်ဆင်)ကြေညာအပ်ပါသည်။

ပြခန်းခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ

ကြော်ငြာကဏ္ဍ

ဖခင်အမည်မှန်

ရွှေဘိုမြို့ TWS ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဥ္စမတန်း(A)မှ မောင်ကောင်းခန့်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်သန့်ဖြစ်ပါသည်။

ဦးတင်မောင်သန့်

မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်)အင်ဒတ်စထရီရယ်ပတ်ဘလစ်ကော်ပိုရေးရှင်း (အမ်အီးအိုင်စီအို)လီမိတက်

Myanmar Edible Oil Industrial Public Corporation (MEICO)Ltd.

ပထမအကြိမ် အစုရှင်များ၏ သာမန်အထွေထွေ အစည်းအဝေး ဖိတ်ကြားလွှာ

Myanmar Edible Oil Industrial Public Corporation (MEICO) Ltd. ၏ ပထမအကြိမ် အစုရှင်များ၏ သာမန်အထွေထွေ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၄ ခုနှစ် မတ် ၂၅ ရက် (အင်္ဂါနေ့)

ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ (၉ နာရီတွင် နေရာယူပါရန်)

ကျင်းပမည့်နေရာ - ဘုရင့်နောင်ကုန်စည်ဒိုင် အစည်းအဝေးခန်းမ
အမှတ် ခ/၈၁-၈၂၊ ကံ့ကော်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ မှတ်ပုံတင်စာအုပ် Members' Register ကို ၁၇-၃-၂၀၁၄ ရက်မှ ၂၅-၃-၂၀၁၄ ရက်အထိ ၉ ရက်တိတိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၃၇ အရ ကြေညာအပ်ပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်သိလိုသည်များရှိပါကလည်း ဖုန်း-၀၁-၅၂၈၅၈၂ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

Myanmar Edible Oil Industrial Public Corporation (MEICO) Ltd.

"ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနိယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝေန ဦးစီး၍ "မလ္လာရာမဝိဟာရမြန်မာကျောင်း" ဆောက်လုပ်မည်ဖြစ်ပါသည်။

စေတနာရှင်များအနေဖြင့် ကျောင်းဒါယကာ ၊ ဒါယိကာမအဖြစ် ဝင်ပူနိုင်ရေးအတွက် မြေကွက်(၁)စတုရန်းပေလျှင် (၁၀,၀၀၀)ကျပ်၊ ကျောင်းဆောင်(၁)စတုရန်းပေလျှင် (၂၀,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

[illegible]

Moe & More Co.,Ltd.

[illegible]

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ မြတ္တဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၃၂၀၄၁၇၂

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၉ဃ/၂၃၅၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

အမည်ပြောင်း

ဦးကျော်စိန်အောင်၏သား ပုဏ္ဏားကျွန်းမြို့၊ အထက(၁) အဋ္ဌမတန်းမှ ထွန်းထွန်းကျော်အား ဌေးအောင်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဌေးအောင်ကျော်

Full Auto

09420035862, 73199257

CreativeWaves

Shwe Yin Mar Co., Ltd. [illegible]

[illegible]

Shwe Yin Mar Co., Ltd. [illegible]

Sale & Marketing Representative [illegible]

Shwe Yin Mar Co., Ltd. [illegible] Customer [illegible]

[illegible]

ကြော်ငြာကဏ္ဍ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၅၀၅၉၊ Nissan AD VAY 12, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၂/သကတ(နိုင်)၁၀၆၆၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကြော်ငြာကဏ္ဍ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၈၀၉၈၊ Hino-Fs.3FK Dump Truck(6x4)ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီသွယ် ၁၃/မဘန(နိုင်)၀၁၄၃၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ကြော်ငြာကဏ္ဍ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၆၆၇၇၊ Audi,Station Wagon(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းသန့် ၁၂/လမတ(နိုင်)၀၀၂၂၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)



အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ်(၂၀/၂၂)တွင် တည်ရှိသော မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)ဌာနချုပ်အဖွဲ့အစည်းအား ၁၈၆၀ ခုနှစ်၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဥပဒေအရ ၂၆-၂-၁၉၁၀ ရက်တွင် မှတ်ပုံတင်အမှတ်-၂၆/၁၉၀၉-၁၉၁၀ ဖြင့် တည်ထောင်ခဲ့သောအဖွဲ့အစည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီကို တည်ထောင်ခဲ့သော Founder တစ်ဦးလည်းဖြစ်ပါသည်။ ၁၈၆၀ခုနှစ် အသင်းအဖွဲ့များ၊ မှတ်ပုံတင်သည့်ဥပဒေအား ရုပ်သိမ်းခြင်းမပြုမီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ်-၆/၈၈အရ ဆက်လက်ရပ်တည်ခွင့်ရရှိသော အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါသည်။ ၁၉၆၄ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေအရ နိုင်ငံရေးအဖွဲ့အစည်းများမှ အပ ကျန်အဖွဲ့အစည်းများ မှတ်ပုံတင်ခဲ့ရာတွင်လည်း မှတ်ပုံတင်အမှတ်-၁၂ ဖြင့် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

ယခင် ရန်ကုန်မြို့ တရားရုံးချုပ်စုံညီခုံရုံး၏ တရားမအထူးအယူခံမှုအမှတ်-၄/၂၀၀၄၏ စီရင်ချက်စာမျက်နှာ (၅)တွင်လည်း-

"မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ရှိသော မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ဌာနချုပ်သည် ၁၈၆၀ခုနှစ်၊ အသင်းအဖွဲ့များ မှတ်ပုံတင်အက်ဥပဒေ(The Societies Registration Act 1860အရ ၁၉၁၀ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်ကပင် မှတ်ပုံတင်အမှတ်- ၂၆/(၁၉၀၉-၁၉၁၀)အရ ဖွဲ့စည်းတည်ထောင်ထားသည့် အသင်း ဖြစ်ပြီး ယင်းအသင်းတော်တွင် ဘာသာအယူဝါဒနှင့်စည်းမျဉ်းဥပဒေများ၊ မြန်မာပြည် မက်သဒစ်အသင်းတော် အဖွဲ့ချုပ် ဘဏ္ဍာတော်ထိန်းအဖွဲ့၏ သင်းဖွဲ့မှတ်တမ်းများထားရှိသည်။ မက်သဒစ်အသင်းတော်၏ဂိုဏ်းအုပ်ကြီး ရာထူးနှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့တို့၏ သက်တမ်းမှာ(၂)နှစ်ဖြစ်ပြီး အသင်း၏ အစည်းအဝေးကြီးက သက်ဆိုင်ရာ စည်းမျဉ်းဥပဒေ၊ သင်းဖွဲ့မှတ်တမ်းတို့ပါ ပြဋ္ဌာန်းချက်များနှင့် ရွေးချယ်တင်မြှောက်ရသည်။ ဂိုဏ်းအုပ်ကြီးသည် ရာထူးအလျောက် ဘဏ္ဍာတော်ထိန်း(ဂေါပက)အဖွဲ့၏ သဘာပတိအဖြစ် ဆောင်ရွက်ရသည်။"ဟု သုံးသပ် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

ယခုအခါတွင် ဌာနချုပ်အဖွဲ့အစည်းအောက်ရှိ အသင်းသားအများစုမှာ လွန်ခဲ့သည့် ၁၉၉၄ ခုနှစ်မှစ၍ ယနေ့ထိ တိုင် အသင်းသားကြေးများကို ပေးဆောင်ခြင်းမရှိသည့်အတွက် ၂၂-၃-၂၀၁၄ ရက်တွင် မက်သဒစ်အသင်းတော် ဌာနချုပ်၌ ကျင်းပပြုလုပ်မည့် အထူးစည်းဝေးကြီးတွင် မပျက်မကွက် လာရောက်ဆက်သွယ်ပေးသွင်းကြရန် အသိပေး ကြေညာမှုပြုအပ်ပါသည်။ အသင်းသားကြေးများ ပေးသွင်းခြင်းမပြုတော့သည့် အသင်းသားများအား မက်သဒစ် အသင်းတော်က ကျင့်သုံးသည့် အသင်းဝင်အဖြစ်မှ ရုပ်စဲခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေအပိုဒ်-၁၂၇(၁)(၂)(၃)ပါ ပြဋ္ဌာန်း ချက်နှင့်အညီ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) အသင်းသားများအဖြစ်မှ ပယ်ဖျက်တော့မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)ဌာနချုပ်
အမှတ်(၂၀/၂၂)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။



ဖခင်အမည်မှန်

မကွေးမြို့၊ အထက(၁) နဝမတန်း (H) မှ မောင်အောင်ခန့်ကျော်နှင့် အမက(၁၃) ချောင်းဖြူကျောင်း၊ တတိယတန်းမှ မဟေမာလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၈/မဘန(နိုင်)၁၀၁၅၀၉ ဖြစ်ပါကြောင်း။

ဦးကျော်လင်း

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၆က/၈၀၃၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၈ငြ/၃၀၈၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် BB/2076၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၁က/၇၃၃၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၈ဇ/၅၃၅၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

• နိုင်ငံတကာအသိအမှတ်ပြု GIA, Certificate ပါသော D-L Colour ရတနာစိန်များလည်း ရောင်းချပါသည်။

• ကြိုက်နှစ်သက်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူ ကြည့်ရှု ရွေးချယ်နိုင်ပါသည်။

စိန်ရွှေရတနာဆိုင်

စိန်ရောင်းချင်လို့ပါ

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆)နာရီ အထိ

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသန့်အမှန်အကန်ပဲလိုချင်တယ်။ ရွေးဖို့ရှာဖို့လဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် . . .
အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသန့်အကြီးအသေးဆိုဒ်စုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

• Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (အယ်လ်ကျိုးယမ် Cutting) ဖြစ်ရမည်။ Cutting မိုးသွားတာတောမပါစေရ။
• Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရည် (D,E,F Colour) ဖြစ်ရမည်။ အရည်မဖြူသော မညီသော နံ့နံလေးပါ ညီတာမပါစေရ။
• Same Purity အပွင့်တိုင်းသန့်စင်မှု မကွာစေရ (IF, VVS, Quality ရှိရမည်။) VS Quality များဖြစ်သော အစွန်းအ Spot အပြစ်အနာများမပါစေရ။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၇၄၊ ၅၁၂၆၉၆

အထူးလိုက်လံရှာ ဂုဏ်ယူဝမ်းမြောက်ခြင်း

အမေရိကန်အစိုးရ စိုက်ပျိုးရေးဌာန (USDA : United States Department of Agriculture) နှင့် သြစတြေးလျ အော်ဂဲနစ်အသိအမှတ်ပြုအဖွဲ့ (ACO : Australian Certified Organic) က ပြင်ဦးလွင် အနီးစခန်းရှိ FAME Organic Farm သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်စစ်ဆေး၍ အသိအမှတ်ပြု ပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု အော်ဂဲနစ်လက်မှတ် (Organic Farm Certificate) နှင့်အတူ အော်ဂဲနစ်ဆေးဝါးစက်ရုံလက်မှတ် (Organic Factory Certificate) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့၌ FAME Pharmaceuticals ကုမ္ပဏီက မြန်မာနိုင်ငံတွင် ပထမဦးဆုံး လက်ခံရရှိကြောင်း သိရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဒေါက်တာခင်မောင်လွင်နှင့် ဇနီး ဒေါက်တာခင်ခင်ဌေး တို့ ဦးဆောင်သော FAME ဆေးဝါးမိသားစုတို့သည် ယခုထက်ပိုမို၍ သဘာဝအော်ဂဲနစ်ဆေးဝါးများ (Natural & Organic Medicines) ကို များစွာထုတ်လုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကျော်မင်း + ဒေါ်သီသီလွင်
ရွှေပြည်နန်းကုမ္ပဏီလီမိတက်
ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက်နှင့်
Healthy Shop/ Health Plus Member ဝင်များ

မွေးသက္ကရာဇ်အမှန်

အခြေခံပညာ အထက်တန်းကျောင်း တပ်ကြီးကုန်း၊ မှော်ဘီမြို့၊ တက္ကသိုလ်ဝင်တန်း(B)မှ ဦးထွန်းထွန်းဝင်း၏သမီး မညိမ်းသန္တာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၇-၉၈ ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၃၇၆၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ A⁹၊ မြေကွက်အမှတ် V̄- ၂၂၁၊ မြေကွက်တည်နေရာအမှတ် ၂၃၊ ၁၅၁ လမ်း၊ ဗျိုင်း/ရွာမရပ်ကွက် ဒေါ်သန်းသန်းအေး(ခ)စပ်သီရိစံ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းအေး(ခ) စပ်သီရိစံ ၁၂/တမန(နိုင်)၀၇၄၇၅၁ ကိုယ်တိုင်က မြေတိုင်းမြေပုံနှင့် အဆောက်အအုံဆောက်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၂၊ မြေကွက်အမှတ် ၄၇၈ ၁/၂(က)၊ မြေကွက်တည်နေရာအမှတ် ၄၇၈ ၁/၂(က)၊ အာသာဝတီလမ်း၊ ၂ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအေးဝင်း အေဒီ-၀၁၇၉၄၇၊ ဒေါ်ခင်ညို အေဒီ-၀၅၇၁၄၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးအေးဝင်း ကွယ်လွန်သဖြင့် ဒေါ်ခင်ညို (အေဒီ-၀၅၇၁၄၆) က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၈၃၈၄/၂၈-၅-၂၀၁၃ အရ ရရှိသူ ဦးအောင်ကျော်စိုး ၁၂/စခန(နိုင်)၀၂၃၀၂၃က ပါ၀ါမရုပ်သိမ်းကြောင်းနှင့် ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၉၀၊ မြေကွက်တည်နေရာ အမှတ် ၉၀၊ ဗိုလ်လရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံ ဦးခင်မောင်လတ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်သူ ဦးခင်မောင်လတ် S/OKA-၀၁၇၈၄၆ ကိုယ်တိုင်က ပါမစ်မူရင်း တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/A၊ မြေကွက်အမှတ် ၇၀၊ မြေကွက်တည်နေရာအမှတ်-၁၁၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်သန်းသန်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်သန်းသန်းထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်-၃၉၁၀/၂၀၀၇ (၁၃-၉-၂၀၀၇)ဖြင့် ပိုင်ဆိုင်လာသူ (၁) ဒေါ်တင်မိုးသိန်း ၁၂/အခန(နိုင်)၀၂၈၈၁၀၊(၂)ဒေါ်တင့်ထွေးသိန်း၁၂/အစန(နိုင်)၀၂၈၈၆၆ တို့က ဇေရိယာ ဝဒသမ၃၄၃၈က၏ တစ်စိတ်တစ်ဒေသကို အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ် ၁၈၇/ခ၊ မြေကွက်တည်နေရာအမှတ်-၁၈၇/ခ၊ သမိန်ဗရမ်းလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးခင်ကြိုင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်ကြိုင် ၁၂/မဂတ(နိုင်)၀၆၀၀၈၆က နှစ် ၆၀ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

မြန်မာ့အလင်း
ဂျေမှုစီးပွားအားကစား
၂၀၁၄ခုနှစ်၊ မတ် ၇ ရက်၊ သောကြာနေ့။

SUPER
စူပါကြွေကာ

ပြည်တွင်းရေးရာ

ပခုက္ကူ ကမ္ဘ-မြစ်ခြေ သရက်တော ကျေးရွာအုပ်စုရှိ ဓာတ်အားလိုင်းများအဆင့်မြှင့်တင်

စာ - ၄

လူမှုစီးပွား

မိတ္ထီလာနတ်စင်ချောင်းတံတားသစ် တည်ဆောက်ပြီးစီး

စာ - ၅

CHELSEA
VS
TOTTENHAM

DATE	-	9 MARCH 2014
KICK-OFF	-	00:00
VENUE	-	STAMFORD BRIDGE

စာ - ၃

လီဗာပူးရဲ့ လားရာနဲ့ ဆွာရက်ဇ်ရဲ့ ဦးဆောင်နိုင်မှု

စာ - ၂

မြန်မာ့အလင်း
ကြေးမုံ
၇-၃-၂၀၁၄ (သောကြာနေ့)

လီဗာပူးရဲ့လားရာနဲ့ ဆွာရက်ဇ်ရဲ့ဦးဆောင်နိုင်မှု

ဘောလုံးသမားတစ်ယောက်နဲ့ အသင်းတစ်သင်းကို ဦးဆောင်နိုင်မှု အခန်းကဏ္ဍ။ ဒါကို ဘောလုံးသံသရာမှာကျင်လည်နေတဲ့အသင်းတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်အဖြစ် တိတိပပကို ရှုမြင်ယူဆကြတယ်။ ဘောလုံးကစားနည်းဆိုတာက အစုအဖွဲ့ကစားနည်း။ ဒီလိုအစုအဖွဲ့ကစားနည်းဖြစ်တာနဲ့အညီ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းအရည်အသွေးထက် စုဖွဲ့မှုကနေဖြာထွက်လာတဲ့အသင်းလိုက် စွမ်းဆောင်နိုင်အားက ပိုအရေးကြီးတယ်ဆိုတာမှန်ပေမယ့် ဘောလုံးအသင်းတစ်သင်းမှာ အသင်းကိုဦးဆောင် ဆွဲမြှင့်နိုင်တဲ့ ဘောလုံးသမားမရှိလို့တော့မရဘူး တကယ်လို့ညီညွတ်မျှတတဲ့ စုဖွဲ့မှုရှိတဲ့တိုင် ဦးဆောင်ဘောလုံးသမားဆိုတာမရှိရင် အဲဒီအသင်းဟာအကွပ်မဲ့တောင်းသဖွယ်ဆန်တယ်လို့ယူဆပြောကြပါတယ်။

ဆွာရက်ဇ်	အကြောင်းအရာ	တောရက်စ်
၁၀၀	ပွဲ	၁၀၀
၉၇	ပွဲထွက်လူစာရင်းတွင်ပါဝင်ခွင့်ရမှု	၇၉
၈၆၇၇	ကစားသည့်မိနစ်	၇၇၀၆
၆၂	သွင်းဂိုး	၆၃
၁၃၉.၉	တစ်ဂိုးရရန်ကြာမြင့်ချိန်	၁၂၂.၃
၄၀၅	စုစုပေါင်းဂိုးကန်သွင်းမှု	၂၇၇
၁၅.၂ %	ကန်သွင်းချက်တိကျမှု	၂၂.၇ %
၂၁	ဖန်တီးပေးမှု	၁၂
၂၄၆	အခွင့်အရေးဖန်တီးပေးနိုင်မှု	၁၀၅

ဆွာရက်ဇ်

အထူးသဖြင့် ချန်ပီယံဆုမှန်းတဲ့ အသင်းတစ်သင်း။ ဒါမှမဟုတ် အဆင့်မြင့်မြင့်ရပ်တည်လိုတဲ့ အသင်းတစ်သင်းအတွက် ထက်မြက်ညီညွတ်တဲ့ စုဖွဲ့မှုအားရှိရုံနဲ့ မလုံလောက်ဘဲ အသင်းကို ကျားကန်ဆွဲမြှင့်နိုင်ပြီး ပွဲအဖြေကို ပြောင်းလဲပေးနိုင်သူတစ်ယောက်ကို လိုအပ်ပါတယ်လို့လည်း ထောက်ပြကြပါတယ်။ ဒါမှသာ အသင်းဟာ အခက်အခဲအကျပ်အတည်းကြားကရုန်းထွက်နိုင်ပြီး ပွဲကြီး၊ ပွဲကျပ်တွေကိုပါကျော်လွှားနိုင်ကာ အောင်ပွဲဆီလျှောက်လှမ်းနိုင်ပါလိမ့်မယ်လို့ သုံးသပ်ကြပါတယ်။ ရီးရဲက ရော်နယ်ဒို၊ ဘာစီလိုနာက မက်ဆီ၊ ပီအက်စ်ဂျီက အီဗရာမိုဗစ်၊ မန်ယူက ဗန်ပါစီ၊ မန်စီးတီးက ယာယာတိုရေး၊ ဘိုင်ယန်က ရစ်ဘာရီတို့ကို ပိုင်ဆိုင်ထားမှုက သက်သေဖြစ်သလို ဒီကစားသမားတွေရဲ့အားကိုယူကာ ဒီအသင်းတွေလည်း အောင်မြင်မှုတွေနဲ့ ဝေ့သီခဲ့ကြတာလို့လည်း ထောက်ပြကြပါတယ်။ ပြီးတော့ ဒီလိုစံချိန်စံညွှန်းနဲ့ ကိုက်ညီအောင် ဆွာရက်ဇ်လိုကစားသမားမျိုးကိုပိုင်ဆိုင်ထားတဲ့ လီဗာပူးကိုလည်း ဒီနှစ်ဒီရာသီမှာ မေ့မထားကြဖို့၊ လျှော့မတွက်ကြဖို့ကိုပါ တစ်ဆက်တည်းသတိပေးကြပါတယ်။

တကယ်တော့ ဒီနှစ်ဘောလုံးရာသီမှာ လီဗာပူးကိုဘယ်သူမှအခုလောက်အထိ တိုးတက်လာမယ်လို့ မယူဆခဲ့ကြဘူး။ ပြောရရင် ဒီရာသီမှာ လီဗာပူးရဲ့ အမြင့်ဆုံးမျှော်လင့်ချက်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရုံလို့သာယူဆခဲ့ကြပေမယ့် အခုတော့ ဘယ်သူမှမထင်တဲ့ကြားက ချယ်လ်ဆီးထက် လေးမှတ်သာလျော့ပြီး ဒုတိယနေရာရောက်လာပြီဆိုတော့ လီဗာပူးကိုမမေ့ဖို့ အဆိုပြုမှုကို လွန်တယ်လို့ပြောကြမလား။ အထူးသဖြင့် လီဗာပူးမှာ ပြောခဲ့ပြီးသလို ဆွာရက်ဇ်ရှိတယ်။ စုစည်းညီညွတ်တဲ့ စုဖွဲ့မှုအားမှာ ဆွာရက်ဇ်က အကောင်းဆုံး အနားကွပ်ပေးနိုင်တော့ ဒီနှစ် လီဗာပူးရဲ့ ထိုးခွဲတိုးဝင်နိုင်စွမ်းကလည်း မြင့်သထက်မြင့်လာတယ်။ မျှော်လင့်ခဲ့ကြတာထက် ပိုပြီး အမြင့်ကိုရောက်လာတယ်။ တခြား မကြည့်နဲ့။ ပြီးခဲ့တဲ့ဆောက်သမ်တန်ကို သုံးဂိုးပြတ်နဲ့နိုင်တဲ့ပွဲကို ပြန်ကြည့်။ လီဗာပူးရတဲ့ သုံးဂိုးစလုံးက ဆွာရက်ဇ်ကြောင့်ရတာ။ ပထမဂိုးကို ကိုယ်တိုင်သွင်းသလိုစတားလင်းဒုတိယဂိုးသွင်းနိုင်အောင်လည်း ဖန်တီးပေးခဲ့တဲ့အပြင် သူ့ရဲ့ထိုးစစ်ဆင်မှုကနေ ပယ်နယ်တီရပြီး တတိယဂိုးရတာဆိုတော့ ဆွာရက်ဇ်ကို ဒီနှစ်ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးတိုက်စစ်မှူးလို့ပြောရင် ဘယ်သူငြင်းမလဲ။

အထူးသဖြင့် ဒီနှစ်ပရီမီယာလိဂ်မှာ ဆွာရက်ဇ်ရဲ့ ဂိုးသွင်းနှုန်းကိုမီတဲ့ ကစားသမားတစ်ဦးမှမရှိဘူး။ ဒါဟာ သွင်းဂိုးအရေအတွက်တစ်ခုတည်းအပေါ်မှာကြည့်ပြီး ပြောတာမဟုတ်သလို ပြောလို့လည်းမရဘူး။ ပြောရရင် ကစားသမားတစ်ယောက်နဲ့တစ်ယောက်ဟာ အသင်းတစ်သင်းမှာ အခွင့်အရေးရပုံချင်း မတူဘူး။ နေရာရမှု၊ ဒဏ်ရာပြဿနာတွေအရ ကစားရတဲ့ပွဲအရေအတွက်လည်း ကွာတော့ သူတို့ရတဲ့အခွင့်အရေးနဲ့ သူတို့ရတဲ့ ဂိုးအရေအတွက်ကို အချိုးချကြည့်မှသင့်တော်နိုင်သလို ဒီနည်းနဲ့သုံးသပ်ရင်တောင် ဆွာရက်ဇ်ကိုမီတဲ့ တိုက်စစ်မှူး ပရီမီယာလိဂ်မှာမရှိဘူး။

တခြားမကြည့်နဲ့။ လက်ရှိပရီမီယာလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင် ရှစ်ဦးထဲမှာ တိုက်စစ်မှူး ခြောက်ယောက်ပါတယ်။ အဲဒီခြောက်ယောက်ရဲ့ ဂိုးသွင်းနှုန်းကိုပဲကြည့်။ စတားရစ်က ၁၉ ပွဲမှာ ၁၈ ဂိုး။ တစ်ပွဲပျမ်းမျှ ၀ ဒသမ ၉ ဂိုးပဲရှိတယ်။ အဂူရိုက ၁၇ ပွဲမှာ ၁၅ ဂိုးဆိုတော့ တစ်ပွဲပျမ်းမျှ ၀ ဒသမ ၈ ဂိုး။ ဗန်ပါစီက ၁၅ ပွဲမှာ ၁၁ ဂိုးဆိုတော့ တစ်ပွဲပျမ်းမျှ ၀ ဒသမ ၇ ဂိုး။ ရီမီက ၂၃ ပွဲမှာ ၁၃ ဂိုးနဲ့ တစ်ပွဲပျမ်းမျှ ၀ ဒသမ ၅ ဂိုးနဲ့ ဂျီရောက်ဒ်က ၂၅ ပွဲမှာ ၁၂ ဂိုးနဲ့ တစ်ပွဲပျမ်းမျှ ၀ ဒသမ ၄ ဂိုးဆိုတော့ ၂၃ ပွဲကစားပြီး ၂၄ ဂိုးသွင်းကာ တစ်ပွဲပျမ်းမျှ တစ်ဂိုးနှုန်းမကတဲ့ ဆွာရက်ဇ်ရဲ့ အဆုံးသတ်နိုင်အားကို ဘယ်သူမီသလဲ။ ပြီးတော့ ဆွာရက်ဇ်ဟာ သူကစားခဲ့တဲ့ ပရီမီယာလိဂ် ၂၃ ပွဲမှာ ၁၀ ပွဲ ဂိုးမသွင်းနိုင်တာမှန်တယ်။ ဒါပေမယ့် အဲဒီ ၁၉ ပွဲမှာ ဆွာရက်ဇ်ကြောင့် ဂိုးရတဲ့ပွဲက ၄ ပွဲတိတိထပ်ပါတယ်ဆိုတော့ ဆွာရက်ဇ်ဟာ လီဗာပူးကို ဘယ်လောက်အထိ တင်းခံဆွဲမြှင့်နေသလဲ။ လီဗာပူးမှာ ဆွာရက်ဇ်ရှိနေခြင်းဟာ ဘာစီလိုနာမှာ မက်ဆီ၊ ရီးရဲမှာ ရော်နယ်ဒို၊ ဘိုင်ယန်မှာ ရစ်ဘာရီတို့ရှိနေခြင်းနဲ့ တစ်တန်းတည်း ပြောလို့ရပြီလား။ လက်သင့်ခံနိုင်ကြပါဦးမလား။

တကယ်တော့ ဒီလိုဖြစ်တည်လာဖို့အတွက် လီဗာပူးဟာ အကြီးမားဆုံး အရဲစွန့်မှုတစ်ခုကို လုပ်ခဲ့ရတယ်လို့ပြောရင်လည်းရတယ်။ အထူးသဖြင့် ၂၀၁၀-၁၁ ဘောလုံးရာသီရဲ့ ဇန်နဝါရီဈေးကွက် တိုက်စစ်ပိုင်းကို အကြီးမားဆုံး အပြောင်းအလဲ လုပ်တယ်။ အဓိကတိုက်စစ်မှူး တောရက်စ်ကို ချယ်လ်ဆီးသို့ ပေါင်သန်း ၅၀ နဲ့ ထုတ်ရောင်းပြီး ဆွာရက်ဇ်ကို ပေါင် ၂၂ ဒသမ ၇ သန်းနဲ့ အိုင်းယက်စ်ကနေခေါ်တယ်။ အဲဒီတုန်းက တောရက်စ်ဟာ လီဗာပူးရဲ့ မရှိမဖြစ် တိုက်စစ်မှူးဆိုတော့ လီဗာပူးရဲ့ အဲဒီလုပ်ရပ်အပေါ် တချို့က အမြင်မရှင်းဘူး။ ဆွာရက်ဇ်ဟာ အကောင်းဆုံး အစားထိုးမှုဖြစ်ပါရဲ့လားဆိုတဲ့အပေါ် သံသယရှိကြတယ်။ မယုံချင်ကြဘူး။ အရှင်းဆုံးပြောရရင် အခုအချိန်အထိလည်း ဆွာရက်ဇ်ဟာ တောရက်စ်ကို မမီသေးဘူးလို့ တချို့က ထောက်ပြဝေဖန်ကြတယ်။ ဒီအတွက်လည်း အချက်အလက်တွေ ခိုင်ခိုင်မာမာ ချပြတယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ဆောက်သမ်တန်နဲ့ပွဲမှာ ဆွာရက်ဇ်ဟာ လီဗာပူးအတွက် ပရီမီယာလိဂ်ပွဲ ၁၀၀ ပြည့်တယ်။ ဆွာရက်ဇ်ရဲ့အဆိုပါ လီဗာပူးအတွက် ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲ ၁၀၀ ကို လီဗာပူးအတွက် တောရက်စ် ကစားပေးခဲ့တဲ့ ပရီမီယာလိဂ်ပွဲ ၁၀၀ နဲ့ချိန်ထိုးကြတယ်။ ပြောရရင် တောရက်စ်ဟာ လီဗာပူးကစားသမားဘဝမှာ ပရီမီယာလိဂ်ပွဲ ၁၀၂ ပွဲ ပါဝင်ကစားခဲ့ပေမယ့် နောက်ဆုံးနှစ်ပွဲကို ထည့်မတွက်ဘဲ ဆွာရက်ဇ်နဲ့ နှိုင်းယှဉ်ချိန်ထိုးကြတာ။ အဲဒီလို နှိုင်းယှဉ်မှုအရ ဆွာရက်ဇ်ဟာ တောရက်စ်ကို မမီသေးဘူးလို့တောင်ပြောကြတာ။ ပြောရရင် ဆွာရက်ဇ်နဲ့ တောရက်စ်ကပွဲ ၁၀၀ ချင်းတူပေမယ့် ကစားခွင့်ရတဲ့ မိနစ်အပိုင်းအခြားချင်းမတူဘူး။ ဆွာရက်ဇ်က တောရက်စ်ထက် ၉၇၁ မိနစ်ပိုကစားခွင့်ရတယ်။ ဒါ့အပြင် ဂိုးပေါက်ကန်သွင်းမှုမှာလည်း ဆွာရက်ဇ်က တောရက်စ်ထက် ၁၂၈ ကြိမ် ပိုများတယ်။ ဒီကြားကမှ ဆွာရက်ဇ်က ၆၂ ဂိုးရပြီး တောရက်စ်က ၆၃ ဂိုးရတာဆိုတော့ ဂိုးကန်သွင်းမှုတိကျခြင်း တစ်ဂိုးရဖို့ကြာချိန်တွေမှာပါ ဆွာရက်ဇ်ဟာ တောရက်စ်ကို မမီဘူးလို့ ဒီလိုထောက်ပြတယ်။

ပြောရရင် ဒါဟာတိကျခိုင်မာတဲ့ စစ်တမ်းတစ်ခုဆိုတာမှန်ပေမယ့် အဲ့ဒီစစ်တမ်းထဲမှာတင် သူ့အားသာချက်နဲ့ သူရှိတယ်။ အထူးသဖြင့် ဆွာရက်ဇ်ဟာ အဆုံးသတ်ပိုင်းမှာ တောရက်စ်ကို မမီဘူးလို့ စစ်တမ်းကပြနေပေမယ့် ဂိုးသွင်းနိုင်ဖို့ အခွင့်အရေးရအောင် ဖန်တီးပေးနိုင်မှုနဲ့ ဂိုးသွင်းနိုင်အောင် တိုက်ရိုက်ဖန်တီးပေးနိုင်မှုတွေမှာကျတော့ တောရက်စ်ထက် သိသိသာသာကို အားသာတယ်။ ပြီးတော့အဆုံးသတ်နိုင်အားမှာ တောရက်စ်ကို မမီဘူးဆိုတာတောင် ကွာဟမှုက ကျဉ်းကျဉ်းလေး။ သွင်းဂိုးမှာကိုက တောရက်စ်ထက်တစ်ဂိုးပဲနိမ့်တယ်။ ဒါ့အပြင် ဂိုးကန်သွင်းမှုများပြားခြင်းဟာ ပြိုင်ဘက်ခံစစ်ကို ပိုမိုခြိမ်းခြောက်နိုင်မှုလို့ပြောရင်မရဘူးလား။ ဒီတော့ တောရက်စ်ဟာ သူရှိစဉ်က လီဗာပူးကို လက်ရှိဆွာရက်ဇ်ထက် ပိုအကျိုးပြုနိုင်တယ်လို့ပြောမလား။ အရှင်းဆုံးပြောရရင် လက်ရှိဆွာရက်ဇ်ဟာ ဖန်တီးပေးနိုင်မှုရော အဆုံးသတ်အားမှာပါ ထက်မြက်တဲ့အတွက် ကစားဖော်တွေကို တောရက်စ်ထက်တောင် ပိုအကျိုးပြုတယ်လို့ ပြောရင်ရမလား။ ပြီးတော့ ဆွာရက်ဇ်လို ကစားသမားမျိုးကို ပိုင်ဆိုင်ထားတဲ့ လီဗာပူးရဲ့လားရာကိုရော လျှော့တွက်လို့ရပါ့မလား။

ဒီတော့ ဘောလုံးသမားတစ်ယောက်နဲ့ အသင်းတစ်သင်းကို ဦးဆောင်နိုင်မှု အခန်းကဏ္ဍ။ ဒါကိုဘောလုံးသံသရာမှာ ကျင်လည်နေတဲ့ အသင်းတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက် တစ်ရပ်အဖြစ် တိတိပပကို ရှုမြင်ယူဆနေကြတယ်လို့ဆိုရင်. . . ။

ဝေမိုးဆက်

မာတီနိုရဲ့ အနာဂတ်စီမံကိန်းနဲ့အတူရှိနေတဲ့

ဖာဘရီဂက်စ်

ပြီးခဲ့တဲ့အပတ် စပိန်လာလီဂါပွဲစဉ် (၂၅) မှာ ဘာစီလိုနာအသင်းဟာ ဆိုစီဒက် အသင်းကို ၃-၁နဲ့ အရှုံးကြီးရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ ဂိုးရနိုင်ဖို့အတွက် အပြင်းအထန် ကြိုးစားခဲ့ပေမယ့် အောင်မြင်နိုင်ခြင်း မရှိဘဲ ရှုံးနိမ့်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ အဲဒါဟာ ဘာစီလိုနာအသင်းမှာ ဇာဗီမပါဝင်ခြင်းရဲ့ အကျိုးဆက်တွေလို့တောင်ပြောရမှာပါ။ သူ့ရဲ့နေရာမှာ အစားထိုးပါဝင်ကစားခဲ့တဲ့ တစ်နိုင်ငံတည်းသား ဘက်စကွက်ကလည်း ခြေစွမ်းပြကစားနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် ဇာဗီရဲ့အခန်းကဏ္ဍဟာ ဘာစီလိုနာအသင်းအတွက် ကြီး မားနေသေးတယ်ဆိုတာကို ဖော်ပြနေခြင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဇာဗီရဲ့အသက်ဟာ လာမည့်နှစ်မှာ ၃၅ နှစ် ပြည့်ဖြစ်တာကြောင့် ဇရာဟာသူ့ရဲ့ခြေစွမ်းပိုင်းကို တော့ ထိခိုက်မှုရှိလာမှာအမှန်ပါပဲ။

ဒါကြောင့်လည်း လက်ရှိ ဘာစီလိုနာအသင်းမှာတော့ သူ့ရဲ့နေရာကို အကောင်းဆုံး အစားထိုးဝင်ရောက်ကစားနိုင်တဲ့ ကစားသမားကို စဉ်းစားကြည့်တဲ့အခါ ဖာဘရီဂက်စ်၊ ဒါမှမဟုတ် ဆာဂျီရော်ဘတ်တိုတို့ပဲရှိပါတယ်။နည်းပြသစ် မာတီနိုကလည်း ဒီနှစ်ရာသီမှာ သူတို့ နှစ်ဦးစလုံးကို စမ်းသပ်အသုံးပြုနေတာကို တွေ့ရပါတယ်။ မန်စီးတီးအသင်းနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရှုံးထွက် ပထမအကျော့ပွဲစဉ်မှာ ဖာဘရီဂက်စ်ကစားခဲ့ပုံကို ကြည့်မယ်ဆိုရင် သူဟာ အသင်းရဲ့ကွင်းလယ်ပိုင်းမှာ အကောင်းဆုံးကစားနိုင်နေတာကိုတွေ့ရပါတယ်။ ဒါ့အပြင် ဇာဗီနဲ့အတူတူ အပေးအယူမျှတစွာ ကစားနိုင်သလို အင်နီယေစတာနဲ့လည်း အကောင်းဆုံးတွဲဖက်ကစားပြီး အခွင့်အရေးတွေ ပိုမိုဖန်တီးနိုင်တာကိုလည်းတွေ့ရပါတယ်။ အသင်းရဲ့နည်းပြ မာတီနိုကတော့ သူ့ကိုအာဆင်နယ်အသင်းမှာ ကစားခဲ့စဉ်တုန်းကလို ကစားနိုင်ဖို့ကို မျှော်လင့်မိတယ်လို့လည်းဆိုပါတယ်။ ဒါ့အပြင် မာတီနိုဟာ သူ့ကို ဇာဗီရဲ့နေရာမှာ အစားထိုးနိုင်ဖို့ကိုလည်း မျှော်လင့်ထားတယ်လို့လည်း ဆိုပါတယ်။ ဒါ့အပြင် သူ့ရဲ့ဘောလုံးနည်းစနစ် ကောင်းမွန်မှု၊ ရှေ့တန်းတိုက်စစ်မှူးတွေနဲ့ အချိတ်အဆက်မိမိ ကစားနိုင်မှုတွေနဲ့ ဂိုးရရှိအောင် ဖန်တီးပေးနိုင်မှုတွေဟာ ဇာဗီရဲ့နေရာအတွက်တော့ အသင့်တော်ဆုံးသူလို့ပြောနိုင်ပါတယ်။

ဒါ့အပြင် သူ့လိုပဲဇာဗီရဲ့နေရာကို အစားထိုးဝင်ရောက် ကစားနိုင်တယ်လို့ တစ်ပေးခြင်းခံရတဲ့ ကစားသမားကတော့ ဆာဂျီရော်ဘတ်တိုပါပဲ။


ဖာဘရီဂက်စ်

သူဟာ အရန်ခုံမှာ ထိုင်နေရတာများပေမယ့် သူဟာဘောလုံးအလိမ်အခေါက် ကျွမ်းကျင်မှုနဲ့ ဘောလုံးပေးပို့ရာမှာ တိကျသေချာမှုရှိတာတွေကြောင့် ရှေ့တန်းတိုက်စစ်မှူးတွေနဲ့ အချိတ်အဆက်မိမိ ကစားနိုင်တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် နည်းပြမာတီနိုကတော့သူ့ကို ဖာဘရီဂက်စ်လောက် သဘောကျခြင်းမရှိတာကိုတော့ တွေ့ရပါတယ်။ ဖာဘရီဂက်စ်ဟာ ဘာစီလိုနာအသင်းကို ၂၀၁၁ ခုနှစ်ကတည်းက အာဆင်နယ်အသင်းကနေ ပြောင်းရွှေ့လာခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ရောက်ရှိလာခဲ့တဲ့နှစ်မှာပဲ အသင်းမှာ အသားကျအောင် ကစားနိုင်ခြင်းမရှိသလို ပွဲထွက်ခွင့်ရရှိဖို့ကိုတောင် အနိုင်နိုင်ကြိုးစားနေခဲ့ရပါတယ်။ ဒါကြောင့်လည်း ပရီမီယာလိဂ်ကို တစ်ကျော့ပြန်ဖို့ရှိနေတယ်လို့တောင် ပြောဆိုသံတွေထွက်နေခဲ့ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့နွေရာသီကဆိုရင် ပေါလ်စခိုးလ်ရဲ့နေရာမှာ အစားထိုးနိုင်ဖို့အတွက် မန်ယူအသင်းကတောင် သူ့ကိုပြန်ခေါ်ယူဖို့ အပြင်းအထန်ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် အဲ့ဒါတွေနဲ့ပတ်သက်ပြီးသူက "ကျွန်တော့်အနေနဲ့ နောက်ပြန်သွားဖို့ကို ဆန္ဒမရှိပါဘူး။ ကျွန်တော့်စိတ်မှာဆုံးဖြတ်ထားတာက ဘာစီလိုနာအသင်းနဲ့အတူ အောင်မြင်မှုတွေရယူသွားဖို့ပါ။ ကျွန်တော်ဟာအသင်းအတွက် အကောင်းဆုံးပေးဆပ်သွားမှာပါ" လို့လည်း ပြောဆိုခဲ့ပါတယ်။ သူ့အနေနဲ့ ဒီရာသီမှာ အသင်းနဲ့အတူ စပိန်လာလီဂါ(၂၅) ပွဲမှာ ရှစ်ဂိုးသွင်းယူပြီး ဂိုးရရှိဖို့အတွက်၁၂ ကြိမ်တိုင် ကူညီပေးထားတာကို တွေ့ရပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ရာသီတွေနဲ့ယှဉ်ရင်တော့ ပုံမှန်ခြေစွမ်းတွေ ပြန်လည်ရရှိနေတယ်လို့လည်း ပြောနိုင်ပါတယ်။ ဒါကြောင့်လည်း မန်နေဂျာ မာတီနိုအနေနဲ့ နောက်ပိုင်းပွဲတွေမှာ သူ့ကို အသင်းရဲ့ ပွဲထွက်ကစားသမားအဖြစ် ပုံမှန်အသုံးပြုနေတာကိုလည်း တွေ့ရပါတယ်။ အဲ့ဒါဟာ သူ့ရဲ့ခြေစွမ်းကို နည်းပြမာတီနိုအနေဖြင့် လက်ခံယုံကြည်မှုရှိနေတယ်လို့လည်းပြောနိုင်ပါတယ်။

အဲဒါတွေကြောင့်လည်း ဘာစီလိုနာအသင်းနည်းပြမာတီနိုဟာ အသင်းရဲ့ရေရှည်အနာဂတ်စီမံကိန်းအတွက် အသင်းမှာ အားကိုးနေရတဲ့ ဇာဗီရဲ့နေရာမှာ ဖာဘရီဂက်စ်ကို အစားထိုးဖို့ ကြိုးစားနေခြင်းလည်းဖြစ်ပါတယ်။ ဖာဘရီဂက်စ်ကလည်း မာတီနို အားကိုးယုံကြည်နေသလို ဇာဗီလိုပဲအသင်းအတွက် အကောင်းဆုံး အားထားရမလားဆိုတာကတော့. . . . ။

နယူးယောက်မာရသွန်ပြိုင်ပွဲတွင် မိုဖာရက် ပါဝင်ယှဉ်ပြိုင်မည်

ဗြိတိန်တာဝေးအပြေးသမား မိုဖာရက်က ၂၀၁၄ ခုနှစ် လန်ဒန်မာရသွန်အပြေးပြိုင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လာမည့် မတ်လ ၁၆ ရက်တွင် ကျင်းပပြုလုပ်မည့် နယူးယောက် မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

နယူးယောက်မာရသွန်ပြိုင်ပွဲသည် ခရီးအကွာအဝေး ၁၃ ဒသမ ၁ မိုင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လန်ဒန်မာရသွန်ပြိုင်ပွဲ ခရီးအကွာအဝေး၏ တစ်ဝက်ဖြစ်သည်။

အသက် ၃၀ အရွယ်ရှိ ဆိုမာလီနိုင်ငံဖွား မိုဖာရက်သည် ၂၀၁၁ ခုနှစ် နယူးယောက်မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲ၌ ၁ နာရီ ၂၃ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။

"မတ်လ ၁၆ ရက်မှာ ကျင်းပမယ့် နယူးယောက် မာရသွန်ပြိုင်ပွဲမှာ ကျွန်တော် ပါဝင်ယှဉ်ပြိုင်မှာပါ။ နယူးယောက်မာရသွန်ပြိုင်ပွဲမှာ ကျွန်တော် ဒုတိယအကြိမ် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပြီး လန်ဒန်မာရသွန်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ယှဉ်ပြိုင်တာလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကင်ညာနိုင်ငံမှာ လေ့ကျင့်မှုတွေ ပြင်းပြင်းထန်ထန် ပြုလုပ်ထားပါတယ်"ဟု မိုဖာရက်က ပြောသွားသည်။

ခရီးအကွာအဝေး ၂၆ ဒသမ ၂ မိုင် ယှဉ်ပြိုင်ရမည့် လန်ဒန်မာရသွန်ပြိုင်ပွဲကို လာမည့် ဧပြီ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ထက်အောင်

» စာမျက်နှာ ၈ မှ

ပိုမိုကစားဖြစ်ဖွယ်မရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် တင်းနစ်ပြိုင်ပွဲများမှ အနားယူခဲ့ပြီးဖြစ်သည့် အမျိုးသားကစားသမားများ၏ တစ်ဦးချင်းပြိုင်ပွဲစသည်ဖြင့် ပြိုင်ပွဲအမျိုးအစား ငါးမျိုးယှဉ်ပြိုင်မည်ဖြစ်သည်။

စင်ကာပူအသင်းတွင် ပါဝင်မည့်တင်းနစ်ကစားသမားများ

အမည်	အသက်	နိုင်ငံ	ကမ္ဘာ့အဆင့်
အက်ဂါစီ	၄၃ နှစ်	အမေရိကန်	အနားယူ
ဟယူးဝစ်	၃၃ နှစ်	ဩစတြေးလျ	၄၂
ကိုင်ယာဂီရော့	၁၈ နှစ်	ဩစတြေးလျ	၁၇၁
ရာဖ်တာ	၄၁ နှစ်	ဩစတြေးလျ	အနားယူ
ဘာဒိုက်ချ်	၂၈ နှစ်	ချက်	၅
ဘရူနိဆိုရာစ်	၃၂ နှစ်	ဘရာဇီး	၂၂၁
ဆီရီနာဝီလျံ	၃၂ နှစ်	အမေရိကန်	၁
ဟန်တူချိုဗာ	၃၀ နှစ်	ဆလိုဗားကီးယား	၃၀

ဖန်ကောက်အသင်းတွင် ပါဝင်မည့်တင်းနစ်ကစားသမားများ

အမည်	အသက်	နိုင်ငံ	ကမ္ဘာ့အဆင့်
အင်ဒီမာရေး	၂၆ နှစ်	စကော့တလန်	၇
ဝီဖရက်ဆွန်ဂါ	၂၈ နှစ်	ပြင်သစ်	၁၀
ကားလော့စ်မိုရာ	၃၇ နှစ်	စပိန်	အနားယူ
ဒန်နီနီစထရိ	၄၁ နှစ်	ကနေဒါ	အနားယူ
အဇာရန်ကာ	၂၄ နှစ်	ဘီလာရုစ်	၄
ဖလစ်ကန်	၂၈ နှစ်	ဘယ်လ်ဂျီယံ	၁၉

မွမ်ဘိုင်းအသင်းတွင် ပါဝင်မည့်တင်းနစ်ကစားသမားများ

အမည်	အသက်	နိုင်ငံ	ကမ္ဘာ့အဆင့်
ရာဖေးလ်နာဒယ်လ်	၂၇ နှစ်	စပိန်	၁
မွန်ဖီလ်စ်	၂၇ နှစ်	ပြင်သစ်	၂၃
ပီဆမ်းပရက်စ်	၄၂ နှစ်	အမေရိကန်	အနားယူ
ဘိုပန်နာ	၃၃ နှစ်	အိန္ဒိယ	၁၁၄
ဆန်တိုရီ	၄၁ နှစ်	ပြင်သစ်	အနားယူ
ဆာနီယာမာဇာ	၂၇ နှစ်	အိန္ဒိယ	အနားယူ
အိုင်ဗန်နိုဗစ်	၂၆ နှစ်	ဆားဘီးယား	၁၂

ဒူဘိုင်းအသင်းတွင် ပါဝင်မည့်ကစားသမားများ

အမည်	အသက်	နိုင်ငံ	ကမ္ဘာ့အဆင့်
နိုဗက်ဂျိုကိုဗစ်	၂၆ နှစ်	ဆားဘီးယား	၂
ဇီမွန်ဂျီ	၃၇ နှစ်	ဆားဘီးယား	အနားယူ
တစ်ဆာရီဗီ	၂၉ နှစ်	ဆားဘီးယား	၇၀
အိုဗာနီဆီဗစ်	၄၂ နှစ်	ခရိုအေးရှား	အနားယူ
ဂျာဇီရီ	၃၀ နှစ်	တူနီးရှား	၁၁၈
ဝေါ့ဇ်နီယာစကီး	၂၃ နှစ်	ဒိန်းမတ်	၁၂
မာတီနာဟင်းဂစ်	၃၃ နှစ်	ဆွစ်ဇာလန်	အနားယူ

Tshwane Open ဂေါက်သီးပြိုင်ပွဲတွင် အင်္ဂလန်နိုင်ငံသား ဖစ်ရှာ အနိုင်ရဗိုလ်စွဲ

၂၀၁၄ ခုနှစ် European Tour ဂေါက်သီးပြိုင်ပွဲများအနက်မှ ပြိုင်ပွဲတစ်ခုဖြစ်သည့် Tshwane Open ပြိုင်ပွဲတွင် အင်္ဂလန်နိုင်ငံသား ရို့စ်ဖစ်ရှာက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ Tshwane Open ပြိုင်ပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၂ ရက်အထိ တောင်အာဖရိကနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ဖစ်ရှာသည် အဆိုပါပြိုင်ပွဲ၌ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့၊ ရိုက်ချက် ၂၆၈ ချက်ဖြင့် ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်ပြီး ဆုကြေးငွေအဖြစ် ယူရို ၂၃၇၇၅၀ ရရှိခဲ့သည်။ မြောက်အိုင်ယာလန်နိုင်ငံသား မိုက်ခဲလ် ဟိုယေးနှင့် တောင်အာဖရိကနိုင်ငံသား ဗန်တွန်ဒါတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၇ ချက်လျော့ဖြင့် ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။ Tshwane Open ပြိုင်ပွဲချန်ပီယံဆုသည် European Tour ဂေါက်သီးပြိုင်ပွဲများတွင် ဖစ်ရှာရယူနိုင်ခဲ့သည့် ငါးခုမြောက် ချန်ပီယံဆုဖြစ်သည်။ ဖစ်ရှာသည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် European Tour ပြိုင်ပွဲ တစ်ပွဲဖြစ်သော Irish Open ဂေါက်သီးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက်ပိုင်း European Tour ပြိုင်ပွဲများတွင် ချန်ပီယံဆု ရရှိခဲ့ခြင်းမရှိဘဲ ယခုပြိုင်ပွဲတွင်မှ ပထမဆုံးအကြိမ် ချန်ပီယံဆု ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်ဥပဒေကြမ်း

လျှပ်စစ်ဥပဒေကြမ်း

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(-)

၁၃၇၅ ခုနှစ်၊ ---လ ---ရက်

(၂၀၁၃ခုနှစ်၊ ---လ ---ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ယခင်အပတ်မှအဆက်)

အခန်း(၇)

လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများစစ်ဆေးခြင်း

၂၄။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာ စစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၂၅။ သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စစ်ဆေးရေးမှူးချုပ်တစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်။

၂၆။ စစ်ဆေးရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်းနှင့် ညီမညီ စစ်ဆေးခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသော စာချုပ်များတွင်ပါရှိသည့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာစေရန်ဆောင်ရွက်ခြင်း။

(ဂ) မည်သည့်နယ်မြေတွင်မဆို လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် စစ်ဆေးရေးမှူးအဖွဲ့များအား တာဝန်ပေးအပ်ခြင်း။

(ဃ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

(င) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(စ) လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လိုအပ်သောသက်သေများကို စစ်ဆေးခြင်း။

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ကြီးကြပ်မှုကော်မရှင်တို့ကပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၂၇။ စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများသည် ယင်းတို့၏ တာဝန်များဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်ခွင့်ရှိသည်။

အခန်း (၈)

ဓာတ်အားစနစ်ဖွံ့ဖြိုးမှု စီမံရေးနှင့်ထိန်းညှိကွပ်ကဲရေး

၂၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုစီမံခြင်းနှင့် လျှပ်စစ်ဓာတ်အားစနစ်ကို စနစ်တကျစီမံဆောင်ရွက်နိုင်ရန် သင့်လျော်သည့်နေရာများတွင် လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများက လိုက်နာဆောင်ရွက်ရမည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်ရမည်။

(ဂ) ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းရမည်။

၂၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် လိုအပ်သော သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ယင်းလုပ်ငန်းများကို အခြားမည်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို ဆောင်ရွက်ရန်လည်း ခွင့်ပြုနိုင်သည်။

အခန်း (၉)

လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များ

၃၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ရမည်။

၃၁။ လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများ စစ်ဆေးချက်ရလဒ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

၃၂။ လျှပ်စစ်ဓာတ်အားစနစ်သို့ ဆက်သွယ်မည့် အခြားဌာန၊ အဖွဲ့အစည်းများ၏ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

၃၃။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်သူများသည် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် လိုအပ်သော စစ်ဆေးမှုကိုလည်း ခံယူရမည်။

အခန်း (၁၀)

လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၃၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် မိမိဒေသအတွင်း မိမိအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များနှင့် စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲ သတ်မှတ်နိုင်သည်။

အခန်း(၁၁)

စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၃၆။ ပုဒ်မ ၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၉ ပုဒ်မခွဲ (ခ)နှင့် (ဂ) တို့အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးခွင့်ရှိသူများသည် မိမိတို့ထုတ်ပေးခဲ့သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါစည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

အခန်း(၁၂)

တားမြစ်ချက်များ

၃၇။ မည်သူမျှ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသော လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၃၈။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူမျှ ခွင့်ပြုမိန့်ပါ လုပ်ငန်းတွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ခြင်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိစေရ။

၃၉။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

၄၀။ မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်း မပြုရ။

၄၁။ မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၄၂။ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့်အဖွဲ့အစည်းနှင့်မဆို လုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုရ။

၄၃။ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကိုဖြစ်စေ၊ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ပါလုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၄၄။ မည်သူမျှ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

၄၅။ မည်သူမျှ မရိုးမဖြောင့်သောသဘောဖြင့် လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြုန်းတီးမှုပြုလုပ်ခြင်း၊ အသုံးပြုခြင်းတစ်ခုခုကို မပြုရ။

၄၆။ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း မပြုရ။

အခန်း (၁၃)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၇။ မည်သူမဆို ပုဒ်မ၃၇ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၈။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၉။ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သိန်းသုံးဆယ် ချမှတ်ရမည်။ ပြစ်မှုနှင့် သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ ဖျက်ဆီးရမည်။

၅၂။ မည်သည့်လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကိုဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၃။ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၆။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံးငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၃၇ မှ ၄၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ရန် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းများ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ယင်းပြစ်မှုများပါ ပြစ်ဒဏ်များအတိုင်း ချမှတ်ရမည်။

အခန်း(၁၄)

နစ်နာကြေး၊ လျော်ကြေး

၅၈။ ပုဒ်မ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅ နှင့် ၅၆ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် မိမိ၏ ကျူးလွန်မှုကြောင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူအား နစ်နာပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်စေပါက ယင်းဆုံးရှုံးသည့်တန်ဖိုးကို သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း နစ်နာကြေးအဖြစ်ပေးလျော်ရမည်။

၅၉။ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို ပြတ်တောက်မှုဖြစ်ပွားအောင် ပြုလုပ်ခဲ့ပါက နစ်နာဆုံးရှုံးသည့်ဓာတ်အားပမာဏနှင့် ညီမျှသောတန်ဖိုးကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ သတ်မှတ်သည့်အတိုင်း ပေးဆောင်စေရမည်။

၆၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ဓာတ်လိုက်မှု၊ မီးလောင်မှုများ ဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကိုယ်လက်အင်္ဂါမသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်လျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဆိုင်ရာလုပ်ကိုင်ခွင့်ရှိသူ၊ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည်-

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး။

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသော လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ပေးသောလျော်ကြေး။

အခန်း (၁၅)

အယူခံခြင်း

၆၁။ ပုဒ်မ ၅၈ နှင့် ၅၉ တို့အရ ချမှတ်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေး ပေးဆောင်ရန် အမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် -

(က) အမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ယင်းကဲ့သို့အယူခံခြင်းသည် သတ်မှတ်ထားသော နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ပေးဆောင်ပြီးမှသာ အယူခံနိုင်ခွင့်ရှိသည်။

၆၂။ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (က)အရ အယူခံမှုတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသည် လျော်ကြေးအမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ ပြုနိုင်သည်။

၆၃။ ပုဒ်မ ၆၂ အရ ချမှတ်သော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၆၄။ နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန် အမိန့်ချမှတ်ခြင်းခံရသူသည် အယူခံမှုတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက နစ်နာကြေး သို့မဟုတ် လျော်ကြေးကို အချို့အဝက်ကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပြန်ပေးစေရန် အမိန့်ချမှတ်လျှင် ယင်းဆုံးဖြတ်ချက်နှင့်အညီ ပြန်လည်ရထိုက်ခွင့်ရှိသည်။

အခန်း (၁၆)

အထွေထွေ

၆၅။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၇။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည်။

၆၈။ ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၆၉။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေအရ ပြုလုပ်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး

ပခုက္ကူ ကမ္မ – မြစ်ခြေ သရက်တောကျေးရွာအုပ်စုရှိ ဓာတ်အားလိုင်းများအဆင့်မြှင့်တင်

ကျေးရွာများတွင် ဓာတ်အားသုံးစွဲမှုကွာခြားယူနစ် ပေးဆောင်နေရမှုနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ် ကမ္မ- မြစ်ခြေ သရက်တောကျေးရွာအုပ်စု တိုးချဲ့ (၃)နှင့် ထန်းတောချောက်ကျေးရွာများရှိ ဓာတ်အားသုံးစွဲသူ အချို့သည် ၁၀ ရာခိုင်နှုန်းထက်ကျော်သော ပျောက်ဆုံးယူနစ် (ကွာခြားယူနစ်) ပေးဆောင်လိုခြင်းမရှိ၍ဆန္ဒထုတ်ဖော်မှုကို ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြပါသည်။

ဓာတ်အားစနစ်မှ ဓာတ်အားရရှိသော ကျေးရွာများသည် မြို့နယ်လျှပ်စစ်ရုံးနှင့် အလှမ်းကွာဝေးခြင်းကြောင့် ဓာတ်အားခကောက်ခံရာတွင် ထရန်စဖော်မာအထွက်မှ ကျေးရွာအတွင်း ပို့လွှတ်မီတာယူနစ်၏ ပျောက်ဆုံးမှု ၁၀ ရာခိုင်နှုန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျခံပေးလျက်ရှိပါသည်။ ဓာတ်အားပျောက်ဆုံးမှု ၁၀ ရာခိုင်နှုန်းထက်ကျော်သော ပျောက်ဆုံးယူနစ် (ကွာခြားယူနစ်)ကို ကျေးရွာမီးလင်းရေးကော်မတီများက ကျခံပေးလျက်ရှိသည်။ ရွာအတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း စနစ်တကျ တည်ဆောက်ထားသော ကျေးရွာများ၏ ဓာတ်အားပျောက်ဆုံးမှုသည် ခုနစ်ရာခိုင်နှုန်းအတွင်းသာရှိ၍ ကွာခြားယူနစ်ပေးဆောင်ရမှုမရှိကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ကျေးရွာတွင် တပ်ဆင်ထားသော ထရန်စဖော်မာ၏ ၄၀၀ဗို့ ဓာတ်အားလိုင်းမှ ကျေးရွာအတွင်းသို့ တစ်လအတွက် မီတာယူနစ် ၁၀၀၀၀(တစ်သောင်း)ပို့ လွှတ်ရာတွင် ကျေးရွာမီးသုံးစွဲသူများ၏ အိမ်များရှိမီတာအားလုံးမှ ဖတ်ယူရရှိသော ယူနစ်သည် ၉၀၀၀(ကိုးထောင်) ယူနစ်ရှိပါက ကွာခြားယူနစ် ၁၀၀၀ ရှိပါသည်။ တစ်နည်းအားဖြင့်ကွာခြားယူနစ် ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ၎င်းကျေးရွာတွင် ဓာတ်အားပျောက်ဆုံးမှု ၁၀ရာခိုင်နှုန်းရှိခြင်းဖြစ်သည်။ ကျေးရွာအတွင်း ဓာတ်အားပျောက်ဆုံးမှု ၁၀ ရာခိုင်နှုန်းအထိကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျခံပေးခြင်းဖြစ်ပါသည်။ ကျေးရွာအတွင်း ဓာတ်အားပျောက်ဆုံးမှု ၂၀၀၀ ယူနစ်ဖြစ်ခဲ့ပါက ၁၀ ရာခိုင်နှုန်းဖြစ်သော ၁၀၀၀ ယူနစ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျခံပေးပြီး ကျန် ၁၀၀၀ ယူနစ်အတွက်ကို ကျေးရွာမီးသုံးစွဲသူများက မိမိသုံးစွဲသောယူနစ်များအလိုက် အချိုးကျ ကျခံပေးရခြင်းဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားရရှိရေး စုပေါင်းလုပ်အားဖြင့် ဓာတ်တိုင်စိုက်ထူနေစဉ်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် မြို့ရော ကျေးရွာများပါ နေ့စဉ်တိုးတက်များပြားနေသော်လည်း လျှပ်စစ်ရုံးများ၏ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဘဏ္ဍာငွေသုံးစွဲနိုင်မှုကို အချိုးကျ တိုးမြှင့်လာနိုင်ခြင်းမရှိသည့်အတွက် မြို့နယ်စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိကျေးရွာများ၏ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးလုပ်ငန်းများဖြစ်သည့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ တရားမဝင် ဓာတ်အားချိတ်ဆက်သုံးစွဲမှုများ စိစစ်ထိန်းသိမ်းပေးနိုင်ရန်အတွက် ကျေးရွာမီးလင်းရေးကော်မတီများက ကူညီဆောင်ရွက်စေခြင်းဖြစ်သည်။ ကမ္မ-မြစ်ခြေရှိ ကျေးရွာအချို့သည် ၁၉၇၉ ခုနှစ်က ဓာတ်အားရရှိပြီးသော ရွာများဖြစ်ခြင်းကြောင့် ထရန်စဖော်မာများ၊ ဓာတ်အားလိုင်း ကြိုးများသည် မီးသုံးစွဲသူအင်အားနှင့် မျှတမှုမရှိခြင်း၊ ဓာတ်အားလိုင်းတစ်လျှောက် သစ်ပင် သစ်ကိုင်းများနှင့် ထိနေခြင်း၊ မြို့နယ်လျှပ်စစ်ရုံးနှင့်ဝေးကွာသဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ ကွင်းဆင်းစစ်ဆေးနိုင်မှု မရှိခြင်းများကြောင့် ဓာတ်အားပျောက်ဆုံးမှုသည် ၃၀ ရာခိုင်နှုန်းကျော် ရှိနေခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှု ကွာခြားယူနစ်များသော သရက်တောကျေးရွာအုပ်စုမှ သရက်တော ရွာမ၊ အိုင်ရှည်ကျေးရွာများသည် ဓာတ်အားလိုင်းနှင့် ထိနေသော သစ်ပင်သစ်ကိုင်းများခုတ်ခြင်း၊ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုဆောင်ရွက်ခြင်း၊ မီတာများ စစ်ဆေးလဲလှယ်ပေးခြင်းများကို ဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ယခင်က ဓာတ်အားပျောက်ဆုံးမှု ၃၀ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ၁၀ ရာခိုင်နှုန်းခန့်သို့ ရောက်ရှိလာကြောင်း တွေ့ရှိရသည်။

ဆန္ဒပြရာတွင် ပါဝင်သော မြစ်ခြေ-သရက်တောအုပ်စုရှိ တိုးချဲ့ (၃)နှင့် ထန်းတောချောက်ကျေးရွာများသည် ဓာတ်အားပျောက်ဆုံးမှုများပြား နေသဖြင့် ၁၀ ရာခိုင်နှုန်းထက်ကျော်သော ဓာတ်အားပျောက်ဆုံးမှုအတွက် ကွာခြားယူနစ်များကို ကျခံ ပေးဆောင်နေရခြင်းဖြစ်ပါသည်။ အခြားရွာများနည်းတူ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီတို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ တာဝန်ရှိသူများက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ နံနက် ၁၀ နာရီခွဲတွင် ပခုက္ကူခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ရှင်းလင်း ပြောကြားခဲ့မှုအပေါ် သိရှိ လက်ခံကြသဖြင့် ကျေးရွာလူထုသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျေးရွာမီးသုံးစွဲသူအလိုက် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်း။

(ခ) စနစ်တကျ တည်ဆောက်ထားခြင်းမရှိသောဓာတ်အားလိုင်းတိုင်များ၊ လိုင်းကြိုးများကိုပြုပြင်တည်ဆောက်ခြင်း။

(ဂ) ကျေးရွာအတွင်းရှိ မီတာများကို Digital Meter များဖြင့် လဲလှယ်၍ တိုင်ပေါ်တွင် တပ်ဆင်ခြင်း။

(ဃ) ကျေးရွာအတွင်း ဓာတ်အားလိုင်းနှင့် ထိနေသော သစ်ပင်သစ်ကိုင်းများ ကို ကျေးရွာလူထုမှ ကူညီရှင်းလင်းခြင်း။

လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု၊ ဓာတ်အားပျောက်ဆုံးခြင်း လျော့နည်းမှု၊ စည်းကမ်းရှိစွာဖြင့် စနစ်တကျသုံးစွဲမှုတို့ကို ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြင့် ဓာတ်အားသုံးစွဲသူများအတွက် ပြန်လည်အကျိုးဖြစ်ထွန်းစေနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဆွေခိုင်

မန္တလေးတိုင်းဒေသကြီး

မိတ္ထီလာ နတ်စင်ချောင်းတံတားသစ်တည်ဆောက်ပြီးစီး

ချမ်းသာ(မိတ္ထီလာ)

မိတ္ထီလာမြို့နယ် ဂဠုန်ကုန်း၊ ရှင်မြို့၊ ခါးကော့စသည့်ကျေးရွာပေါင်း ၁၀ ရွာခန့်မှ ကျေးရွာနေပြည်သူများနေ့စဉ်ဖြတ်သန်းသွားလာရသည့် နတ်စင်ချောင်းတံတားသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျပျက်စီးခဲ့ရာ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် တံတားအသစ်ပြန်လည်တည်ဆောက်ပေးခဲ့သဖြင့်ယခုအခါ တံတားအသစ်ပေါ်မှဖြတ်သန်း၍ ဒေသခံကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

နတ်စင်ချောင်းတံတားသစ်ကို အလျားပေ ၈၀၊ အကျယ် ၁၄ ပေ၊ ကျောက်ကြီးစီ၊ သံပေါင်ရက်မ သစ်သားတံတားအမျိုးအစားတည်ဆောက်ပေးထားသောကြောင့် ဒေသခံကျေးရွာနေပြည်သူများအနေဖြင့် နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးအချိန်မရွေးအဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများကို မြို့နှင့်ဆက်သွယ်ဆောင်ရွက်ရာ၌ ယခင်ထက်များစွာ အကျိုးပြုမည်ဖြစ်သောကြောင့် ကျေးရွာနေပြည်သူများမှာ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း ရှင်မြို့ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

နတ်စင်ချောင်းတံတားနည်းတူ ပြိုကျပျက်စီးခဲ့သည့် သဲတောတံတားကိုလည်း အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ ၎င်းတံတား တည်ဆောက်ပြီးစီးပါက သဲတော၊ မြင်သာ၊ ပျော်ဘွယ်၊ ရွှေစစ်သည်၊ ဝက်ကျောက်၊ ကျီတော်ကုန်း၊ ဖက်တော၊ ရွာတန်းရှည်၊ ငွေ့အိုင်စသည့် ကျေးရွာ ၂၅ ရွာ ကျော်တွင်နေထိုင်သည့် ကျေးရွာနေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်

သမဝါယမအသေးစားငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်း ချေးငွေပေးအပ်

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်၍ အသေးစားချေးငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါသမဝါယမဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး လိုအပ်သောကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစံလင်းက ရှင်းလင်းပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank မှ လယ်ယာလုပ်ငန်းလုပ်ကိုင်သော သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေကျပ်သိန်း ၁၆၅၄ ဒသမ ၀၉ သိန်းကို လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရမ်းဗြဲမြို့နယ်အသင်းစု လီမိတက်ဥက္ကဋ္ဌ ဦးမောင်အုန်းက ထုတ်ချေးငွေနှုန်းထားအနေဖြင့် တစ်ဧကကိုကျပ်ငါးသောင်းနှုန်းဖြင့် အသင်းသားတစ်ဦးလျှင် နှစ်ဧကထက်မပိုသော ချေးငွေကို ထုတ်ချေးပေးမည်ဖြစ်ကြောင်းနှင့် ယနေ့မှစ၍ထုတ်ချေးသောအသင်းများတွင် ခွဆိုကျေးရွာအုပ်စု၊ ကုန်ဘောင်၊ ဆည်ခုံ၊ လက်ပံ၊ ရမ်းသစ်ကြီး၊ ရမ်းသစ်ချေ၊ သဘော်ဆိပ်အုပ်စုကျေးရွာများသို့ ထုတ်ချေးပေးလျက်ရှိနေပြီဖြစ်၍ ကျန်အုပ်စုများရှိအသင်းများကိုလည်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ

နိုင်ငံ
ဘဏ်စုံ
တည်ဆောက်ဖို့
မှန်မှန်
ကန်ကန်
အခွန်ပေးဖို့

C B BANK

Let's Win-Win Together !

သီရိရတနာ(မြောက်ဥက္ကလာပ)ဘဏ်ခွဲဖွင့်လှစ်ခြင်း

ဘဏ်လုပ်ငန်းကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို(၇ . ၃ . ၂၀၁၄)နေ့မှစ၍ ဆိုင်ခန်းအမှတ်-(အေ၃/၄)၊ သီရိရတနာကုန်တင်ရပ်နားစခန်း၊ သုဓမ္မာလမ်း၊ (၅)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။

Phone : (01) 691 029
Fax : (01) 692 486, 692 487, 692 488
Call Center : 1874
E-mail : contact@cbbankmm.com
Website : www.cbbankmm.com
Facebook : https://www.facebook.com/CBBankmyanmar

Tel: (95-1) 371 848, 372 648, 372 655, 373 425, 373 426. Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
24/7 Hotline Number : 1874 E-mail: contact@cbbankmm.com Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

CHELSEA VS TOTTENHAM

Team	League	FACup	Capital One	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
ချယ်လ်ဆီး	၄	၇	၄	၄	၁	၁	၂	၁	-	-	၂၄
စပါး	၂	၁	၄	၇	-	၂	၁	-	-	-	၁၇

KEY PLAYER

ဟာဇက်-ကွင်းလယ်

ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး	-	၁၂ဂိုး
ယခုနှစ် ပရီမီယာလိဂ်ပွဲထွက်မှု	-	၂၈ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၂၁ဂိုး
ချယ်လ်ဆီးအတွက် စုစုပေါင်းသွင်းဂိုး	-	၂၇ဂိုး
ချယ်လ်ဆီးအတွက်စုစုပေါင်း ပွဲကစားမှု	-	၉၉ပွဲ

KEY PLAYER

အဒီဘာယော-တိုက်စစ်

ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး	-	၈ဂိုး
ယခုနှစ် ပရီမီယာလိဂ်ပွဲထွက်မှု	-	၁၃ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၉၁ဂိုး
စပါးအတွက် စုစုပေါင်းသွင်းဂိုး	-	၃၉ဂိုး
စပါးအတွက်စုစုပေါင်း ပွဲကစားမှု	-	၈၇ပွဲ

Chelsea Formation - 4-2-3-1



Tottenham Formation - 4-2-3-1



PREDICTED TEAM

ချယ်လ်ဆီး၏ အနေအထားသည် အကောင်းဘက်သို့ ဦးတည်လျက်ရှိသည်။ တိုက်စစ်မှူးများ အဆုံးသတ် မသေချာသော်လည်း ကွင်းလယ်ကစားသမားများ အဆုံးသတ်ကောင်းခြင်းနှင့် ခံစစ်ကျစ်လျစ်ခြင်းများက အားသာချက်များဖြစ်သည်။

LAST FIVE MATCHES RECORD

W	W	D	W	W

LAST FIVE MATCHES RECORD

W	L	W	W	D

PREDICTED TEAM

လက်ရှိစပါး၏ အခြေအနေသည် ပြန်လည်တည်ငြိမ်လာသည်ဟု ဆိုနိုင်သည်။ အသင်းလိုက် ကစားပုံကောင်းသည်။ သို့သော် ဂိုးရရန်အတွက် အဒီဘာယော၏ ခြေစွမ်းအတက်အကျပေါ် တည်မှီနေသည်။

FIVE CLASSIC MATCHES

ချယ်လ်ဆီး ၂-၂ စပါး
၉-၅-၁၃ ပရီမီယာလိဂ်

ချယ်လ်ဆီးအတွက် ခက်ခဲသောပွဲဟု ဆိုရမည်။ ၁၁မိနစ်၌ ပင် အော်စကာက အဖွင့်ဂိုးသွင်းခဲ့သော်လည်း ၂၆မိနစ်၌ အဒီဘာယောက ပြန်ချေပခဲ့သည်။ ၃၉မိနစ်တွင်လည်း ရာမီရက်စ်က ဦးဆောင်ဂိုးထပ်သွင်းခဲ့သော်လည်း မိနစ် ၈၀တွင် ဆီဂတ်ဆန်က စပါးအတွက် ချေပခဲ့သည်။

ချယ်လ်ဆီး ၀-၀ စပါး
၂၄-၃-၁၂ ပရီမီယာလိဂ်

ထိုပွဲတွင်လည်း ချယ်လ်ဆီးတို့ ရှုန်းကန်ခဲ့ရသည်။ စပါးကပင်ပွဲကိုထိန်းချုပ်၍ အပြန်အလှန်တုံ့ပြန်ကစားနိုင်ခဲ့သည်။ နောက်ပိုင်းတွင်တောရက်စ်၊ ကာလူးတို့ကိုထည့်သွင်းကာ ဒရော့ဘာနှင့်အတူတိုက်စစ်မှူးသုံးဦးအထိ အသုံးပြုခဲ့သော်လည်း ချယ်လ်ဆီးတို့ ဂိုးမရခဲ့ပေ။

ချယ်လ်ဆီး ၂-၁ စပါး
၂၀-၄-၁၁ ပရီမီယာလိဂ်

နိုင်သည်ဟုဆိုသော်လည်း ချယ်လ်ဆီးအတွက် မလွယ်ကူခဲ့။ ၁၉မိနစ်တွင် ဆန်ဒရိုက စပါးအတွက် အဖွင့်ဂိုးသွင်းခဲ့မှုကို ပထမပိုင်းပြီးခါနီးမှ လမ်းပတ်က ပြန်ချေပနိုင်ခဲ့ကာ ဒုတိယပိုင်းတွင်လည်း ဂိုးရရန်ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပြီးပွဲပြီးခါနီးမှကာလူးက အနိုင်ဂိုးသွင်းခဲ့သည်။

ချယ်လ်ဆီး ၃-၀ စပါး
၂၀-၉-၀၉ ပရီမီယာလိဂ်

ထိုပွဲတွင်မူ ချယ်လ်ဆီးတို့ ပြတ်သားသော အနိုင်ရခဲ့သည်။ ၁၂မိနစ်၌ အက်ရှ်လေကိုးက အဖွင့်ဂိုးသွင်းခဲ့ပြီး ဒုတိယပိုင်းတွင်လည်း ဆက်လက်ဖိအားပေးခဲ့ကာ ၅၈ မိနစ်၌ ဘားလက်၊ ၆၃မိနစ်၌ ဒရော့ဘာတို့က နှစ်ဂိုးထပ်သွင်းခဲ့၍ ဂိုးပြတ်နိုင်ခဲ့သည်။

ချယ်လ်ဆီး ၁-၁ စပါး
၃၁-၈-၀၈ ပရီမီယာလိဂ်

၂၈မိနစ်၌ ဘယ်လက်တီက အဖွင့်ဂိုး သွင်းပေးခဲ့သော်လည်း ချယ်လ်ဆီးသည်နောက်ပိုင်း၌ စပါးကို အသာမရဘဲ၄၄မိနစ်၌ ဒါရင်ဘင့်က စပါးအတွက် ပြန်ချေပခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ချယ်လ်ဆီးတို့ တိုက်စစ်ဖွင့်ခဲ့သော်လည်း ချယ်လ်ဆီးခံစစ်ကို မကျော်နိုင်ခဲ့ပေ။

ပရီမီယာလိဂ် ပွဲစဉ်(၂၈)

ဝက်စ်ဘရွန်း - မန်ယူ	ည ၇း၁၅	(၈-၃-၁၄)
ကာဒစ်ဖ် - ဖူလ်ဟမ်	ည ၉း၃၀	(၈-၃-၁၄)
ပဲလေ့စ် - ဆောက်သမ်တန်	ည ၉း၃၀	(၈-၃-၁၄)
နော့ဝှစ်ချ် - စတုတ်	ည ၉း၃၀	(၈-၃-၁၄)
ချယ်လ်ဆီး - စပါး	နံနက် ၀၀း၀၀	(၉-၃-၁၄)

အက်ဖ်အေဖလားကွာတားဖိုင်နယ်

အာဆင်နယ် - အဲဗာတန်	ည ၇း၁၅	(၈-၃-၁၄)
ရှက်ဖီးလ်ယူ - ချာတန်	ည ၆း၃၀	(၉-၃-၁၄)
ဟားလ် - ဆန်းဒါးလန်း	ည ၈း၃၀	(၉-၃-၁၄)
မန်စီးတီး - ဝီဂန်	ည ၁၀း၁၅	(၉-၃-၁၄)

International Premier Tennis League

တင်းနစ်ပြိုင်ပွဲတွင် စကော့တလန်နိုင်ငံသား အင်ဒီမာရေး ပါဝင်ယှဉ်ပြိုင်မည်

လာမည့် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ ကျင်းပပြုလုပ်မည့် International Premier Tennis League တင်းနစ်ပြိုင်ပွဲတွင် စကော့တလန်နိုင်ငံသား အင်ဒီမာရေးသည် ဗန်ကောက်အသင်းကို ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။ ထိုတင်းနစ်ပြိုင်ပွဲ၏ ပွဲများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်းကောင်း၊ စင်ကာပူနိုင်ငံ စင်ကာပူမြို့ တွင်လည်းကောင်း၊ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်လည်ကောင်း လှည့်လည်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဗန်ကောက်အသင်း၊ မွမ်ဘိုင်းအသင်း၊ ဒူဘိုင်းအသင်းနှင့် စင်ကာပူအသင်းဟူ၍ အသင်းလေးသင်းခွဲ၍ ယှဉ်ပြိုင်မည်ဖြစ်ပြီး အင်ဒီမာရေးအပါအဝင် လက်ရှိ နာမည်ကျော် တင်းနစ်သမားများ၊ တင်းနစ်ပြိုင်ပွဲများမှ အနားယူသွားခဲ့ပြီဖြစ်သည့် နာမည်ကျော်တင်းနစ်သမားဟောင်းကြီးများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နာမည်ကြီးတင်းနစ်သမားများသည် အဆိုပါပြိုင်ပွဲတွင် ပွဲအရေအတွက် မည်မျှ ပါဝင်ယှဉ်ပြိုင်မည်ဆိုသည်ကိုမူ ဖော်ပြထားခြင်း မရှိပေ။ သို့သော်လည်း အင်ဒီမာရေးသည် အမေရိကန်နိုင်ငံ မီယာမီတွင် ပြုလုပ်နေသည့် သူ၏ လေ့ကျင့်မှု အစီအစဉ်ကို မထိခိုက်စေရန်အတွက် မြို့တစ်မြို့၌ သုံးပွဲထက်

စာမျက်နှာ ၇ သို့ »